
www.burmeseclassic.com



www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၈၂၀၉၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၄၈၁၀၁၁

ထုတ်ဝေသူ ● ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ● ဦးကျော်ရင် (ရွှေခြသေ့ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်ခြင်း ● ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊
နိုဝင်ဘာလ။

အုပ်ရေ ● ၅၀၀ အုပ်

တန်ဖိုး ● ၁၀၀ ကျပ်

ဖြန့်ချိရေး ● ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764

၈၉၅.၈၃

ကိုကိုး
လွဲပြီ/ ကိုကိုး။ - ရန်ကုန်၊
ရဲအောင်စာပေ၊ ၂၀၁၁။
၁၆၀ စာ၊ ၁၃ × ၂၀.၇ စင်တီ။
(၁) လွဲပြီ


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

ထောင်မင်းသား. ဦးဖိုးချော်တစ်ယောက် နံပါတ်တုတ်ကို လက်ကဆရင်း လမ်းသလားနေတယ်။ မျက်နှာကြီးကိုလည်း အသား ကုန်မာပြီး မျက်မှောင်ကြီးကြုတ်ထားတယ်။

မမာ နေနိုင်ရိုးလား။ တစ်ခေတ်မှာ တစ်ယောက်ဆိုသလို ရှိတတ်တဲ့ လူတွေလေ။ ဦးဖိုးချော်ကို ထောင်မင်းသားလို့ တင်စား သမုတ်ကြတယ်။

ဒါကလည်း အကြောင်းရှိတယ်။ ထောင်ကို ခြင်ထောင်လို ဝင်လိုက် ထွက်လိုက်ပဲ။ မနက် ထောင်ကထွက်တယ်ထား။ ညနေဆို ပြန်ရောက်နေပြီ။ အဲလို။

ထင်ကြပါလိမ့်မယ်။ အင်္ဂလိပ်အစိုးရ အုပ်ချုပ်မှုမကောင်းလို့ ဆိုးတာလို့။ မဟုတ်ဘူး။ သူ့အသိက တစ်မျိုး။ အပြင်မှာဆို ရှာဖွေ စားနေရဦးမယ်။

အခုတော့ သွား။ အချိန်တန်စား၊ အချိန်တန်အိပ် အဆင်ကို ပြေလို့။ ဟုတ်တယ်လေ။ အပြင်မှာလုပ်စားရတာ လွယ်တာမှတ်လို့။ အမေက မွေးပြီး ထောင်ကကျွေးတာ။



www.burmeseclassic.com

www.burmeseclassic.com


ထောင်ပိုင်ကြီးကိုယ်တိုင်က ပ,စားပေးထားတော့ ဦးဖိုးချော် ကို့များ နေရာကိုကျလို့။

ထောင်ကလွတ်သွားပြီဆိုရင်တော့ အပြင်က မျက်နှာဖြူ အရာရှိတွေ မျက်ခုံးလှုပ်ရပြီ။ မျက်စိဒေါက်ထောက်ကြည့်နေရပြီ။

တခြားတော့ မဟုတ်ဘူး။ သူတို့မိန်းမတွေရဲ့ ထဘီစကတ် တွေ။ ဒါမှမဟုတ် သူတို့ရဲ့ ဘောင်းဘီတွေ၊ ဖိနပ်တွေ ပျောက်လွန်းလို့။

ဦးဖိုးချော်က ထောင်ထဲမှာ ကြာကြာနေချင်တော့ အရာရှိတွေ ပတ်သက်တာမှန်သမျှ အကုန်ခိုးတာ။ ဒါမှ အမှုပိုကြီးတာလေ။ လိုလူစား။ အရာရှိမိန်းမတွေ ထဘီပျောက်ပြီဆို ဒါ သေချာပြီ။ ဦးဖိုးချော် ထောင်ကလွတ်တာ။

ထားတော့။ သူ့အကြောင်း ကြုံမှဆက်ပြောကြတာပေါ့။ ဘေး တစ်ဖက်တစ်ချက်က သံတိုင်တွေကာထားတဲ့ အချုပ်ခန်းတွေကို ဝေ့ ကြည့်တယ်။

တကယ်တော့ ပင်ကိုစိတ်ထားကိုက ဒီသံတိုင်တွေကို ချစ်တာ လေ။ စင်္ကြံလမ်းတစ်လျှောက်မှာ သူ့ရဲ့ခြေသံက ကြီးစိုးနေရဲ့။

အခု ဒီအချုပ်ခန်းတွေထဲမှာ တကယ့်ဒိတ်ဒိတ်ကြဲတွေချည်းပဲ။

'အင်း… ခုမှ သတိရတယ်။ မနက်ဖြန် ဟိုနှစ်ကောင် လွတ် တော့မှာပဲ၊ ဟွန်း… ငါ့အပေါင်းအဖော်တွေ လျော့သွားပြန်ပြီ'

ကြည့်။ ဘယ်လောက်ဆိုးလဲဆိုတာ။ သူများ ထောင်ကလွတ် တာကိုပဲ သဘောမကျဖြစ်နေတယ်လေ။ ပြီးမှ ပြုံးလိုက်ပြန်တယ်။

'အဟဲ… မကြာပါဘူး၊ ပြန်ရောက်လာမှာပဲ၊ ခွဲရလည်း ထား၊ ပြီးရင် ဒီပဲပြန်ရောက်၊ ဒီရောက်တော့ ငါ့အတွက် ဖန်ခွက်လေး တာလေးတွေ ထပ်ရတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



အချုပ်သားအတော်များများက အိပ်ကုန်ကြပြီ။ အတွင်းအကျ ဆုံး မျက်နှာချင်းဆိုင်အခန်းနှစ်ခန်း ရှေ့သွားရပ်တယ်။

ညာဘက်အခန်းထဲကို အရင်ဝေ့ကြည့်ပြီး မျက်လုံးပြူးသွား တယ်။

'ဟာ… မိုးမှောင် ဘယ်ရောက်သွားပါလိမ့်'

အရေးကြီးတဲ့ ရာဇဝတ်သားတွေဆိုတော့ တစ်ယောက်ချင်း ခွဲထားကြတယ်။ နှစ်ယောက်ပေါင်းထားရင် ပြဿနာရှိတယ်လေ။

ထောင်ဖောက်ပြေးမှာစိုးလို့။ နောက်တစ်ကြောင်းက သူ့ထက် သူ ဇော်တွေဆိုတော့ မတည့်ကြလို့။

အခု မိုးမှောင်ဆိုတာ ရာဇဝင်သူခိုးကြီး။ ဖမ်းရတာ ခက်က ခက်နဲ့။ ဦးဖိုးချော် မျက်စိမျက်နှာပျက်စွာနဲ့ ဝေ့ရှာတယ်။

မတွေ့။ ဘယ်လိုမှကို မတွေ့တာ။ သူခိုးကြီး မိုးမှောင် ကိုယ် ဖျောက်တတ်တယ်ဆိုတာ ကောလာဟလလို့ထင်တာ။ အခု မျက်မြင် ကြုံမှ ချွေးပြန်နေတယ်။

'အဟင်း… ဘယ်လိုလဲ ဦးဖိုးချော်၊ ကျုပ်ကို ရှာနေတယ် ထင်ပ'

'ဟင်… မင်း… မင်း…'

ဟုတ်ပါတယ်။ ချောင်ထဲကနေ စကားသံထွက်လာပြီး လူက မတွေ့ရ။ အခန်းထောင့်မှာ ထောင်သားတွေဝတ်တဲ့ အင်္ကျီ၊ လုံချည် အဖြူကြီးကိုပဲ တွေ့ရတယ်။

'မင်း ဘယ်နားက ပြောနေတာလဲ'

'ကျုပ် ဒီမှာပါ'

'ဟင်…'



www.burmeseclassic.com

www.burmeseclassic.com



အဖြူကြီး ရှေ့တိုးလာပေမယ့် လူမတွေ့ရပါ။

သေသေချာချာ အတော်ကြည့်လိုက်မှ တွေ့ရတယ်။

'အဟဲ'

သေချာပြီ။ မျက်နှာနေရာလောက်မှာ ဖွေးခနဲပေါ်လာတဲ့ သွားတွေကိုတွေ့မှ လူမှန်းသိတော့တယ်။

'ဟူး… တော်ပါသေးရဲ့၊ ငါက ထွက်ပြေးပြီထင်တာ'

'မပြေးပါဘူးဗျာ၊ ကျုပ် မနက်ဖြန်ပဲ လွတ်ပြီလေ၊ ဟင်း… ဟင်း…'

အနားတိုးပြီး သွားဖြဲပြတော့မှပဲ ဟင်းချနိုင်တယ်။ မိုးမှောင်ဆိုတာ ညဘက် တစ်ကိုယ်လုံးအနက်ဝတ်ပြီးထွက်ရင် ဘယ်သူမှ မတွေ့တော့။

ပါရမီက အဲလောက်ကောင်းတာ။ အသားက မည်းလိုက်သမှ ပြာလို့။ ပြောင်နေတယ်ဆို ရိပ်ရိပ်လေးတွေ့ရသေးတယ်။ အခု ပြာမှ တော့ ဘာမှကို မတွေ့ရဘူး။

အခုလည်း သွားသာဖြဲမပြရင် အဝတ်ပုံကြီးလမ်းလျှောက်လာ တာလို့လေ။ မည်းပုံပြောပါတယ်။

'အေးကွာ… မင်းကိုမတွေ့တော့ လန့်သွားတာပဲ၊ လွတ်တာ မင်းတစ်ယောက်တည်း မဟုတ်ဘူး၊ ဟိုကောင် တေက်ပြားရောပဲ'

'ဟာ… ဟုတ်လား'

မိုးမှောင် အံကြိတ်တယ်။ မလိုတမာလေသံနဲ့ ပြောသေးတာ။ သမီးယောက္ခလေသံနဲ့။

'တောက်… စားခွက်တော့ အဲလေ… စားကျက်အော့ လုရဦးမယ်၊ ကျုပ်ကို အရင်လွှတ်တာ မဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com


'ဟာ… အချိန်ကျလို့ လွတ်တာလေ၊ အေးကွာ… မင်းတို့ နှစ်ယောက်တောင် သွားမှာဆိုတော့ ငါပျင်းနေတော့မှာပဲ'

ဆိုတော့ ထိမထင်ပြုံးပြီး ပြောတယ်။ အပိုင်အနိုင်ပဲ။

'စိတ်ချ ကျုပ် ဒီတစ်ခါ ပြန်မလာတော့ဘူး၊ ဟွင်း… ဟွင်း…'

'ဟား… ဟား… ရိုးနေပါပြီကွာ၊ ဒီအတိုင်းပဲပြော၊ ပြီးတော့ ရောက်လာတာပဲမို့လား'

ဦးဖိုးချော် လောင်တော့ ခံပြင်းသွားတယ်။

'ဘာဗျ… ဒီတစ်ခါ အဖမ်းခံရတာ ကျုပ် အညာလွယ်လွန်းလို့ဗျ'

'ဟား… ဟား… ပြောပါဦး'

မိုးမှောင် မျက်နှာကြီးမာသွားတယ်။ ဆားပုလင်းမင်းမောင်ရဲ့ အခွက်ပြောင်စပ်စပ်ကြီး မျက်လုံးထဲပေါ်လာတယ်။

'ခင်ဗျားပဲ စဉ်းစားကြည့်ဗျာ၊ မင်းမောင်နဲ့ ကျုပ် နှစ်ယောက်တည်း အခန်းထဲမှာရှိတာ၊ ကျုပ်က မြင်ပေမယ့် အဟဲ… သူက မြင်ဘူးလေ၊ ဟား… ဟား… ပြောရင်း ရယ်ချင်လာပြီ၊ အဟိ'

'အဲဒီညက ဖြစ်ချင်တော့ ကျုပ်ကလည်း အခန်းထဲဝင်ခိုးတယ်၊ သူကလည်း ကျုပ်ရှိမှန်း သိတယ်၊ ခက်တာက ကျုပ်က ကိုယ်ပျောက်တယ်လေ၊ ခွီး… ဟီး…'

ကိုယ့်ဟာကိုယ် အသားမည်းတာကိုပဲ ဂုဏ်ယူနေသေးတာ။ ရယ်ချင်ပက်ကျိနဲ့ ဆက်ပြောတယ်။

'အဟိ… သေနတ်ကြီး ဟိုထိုးချိန်၊ ဒီထိုးချိန်နဲ့လေ၊ မသိရင် ကလေးဆော့နေတာလို့၊ ပြီးတော့ ဒီကောင်က ကျုပ်ကို ပြုံးပြတယ်၊


www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း အူတက်လာတယ်၊ အဟား… ဟား… ရယ်ချင်လာပြီ နော်၊ နောက်ဆုံး ကျုပ်လည်း ဘယ်လိုမှမတည်နိုင်တာနဲ့၊ အဟီး… ဆိုရယ်လိုက်တော့ အဲမှာ ကျုပ်ကိုတွေ့သွားတော့တာ၊ ကျုပ်က ရယ်ရင် ကိုယ်မပျောက်တော့ဘူးလေ၊ အဟီး… ဟီး… ကျုပ် အညာလွယ် လို့ ဖမ်းမိတာ၊ မဟုတ်ရင် ဘယ်ရမလဲ’

‘ဩော်… အေးလေ… ဒါလောက်မှောင်နေအောင် မည်းမှ တော့ ဘယ်မိမလဲ၊ အင်း… မင်းမောင်တို့ လျှင်ချက်ကတော့ သွားမြင် မှပဲ မိတော့တယ်’

ဦးဖိုးချော်က ချီးမွမ်းတယ်။ မိုးမှောင်ကတော့ ဖြစ်ခဲ့တာတွေ ပြန်တွေးပြီး တခိခိနဲ့ အူမြူးနေတော့တာ။

‘ကဲ… အိပ်တော့၊ ငါလည်း ငတက်ပြားဆီ ဝင်လိုက်ဦးမယ်’

‘ဟာ… ဒီကောင့်အသံမပြောနဲ့၊ နာမည်ကြားတာနဲ့တင် ကျက်သရေတစ်ပြားဖိုးမှ မရှိဘူး၊ မပြောနဲ့ဗျာ၊ အဲ… နေဦး’

‘ဘာလဲ’

‘ပြောလိုက်ဗျာ၊ ကျုပ်ထွက်တဲ့အပေါက်က လိုက်မထွက်နဲ့ လို့’

‘ဘာကွ’

ဦးဖိုးချော် တင်းသွားတယ်။ ဟုတ်တယ်လေ။ ထောင်ပါဆိုမှ မာဆတ်လို ဝင်ပေါက်တွေ၊ ထွက်ပေါက်တွေထားတာ မဟုတ်။

ဒီအပေါက်ကဝင်ပြီး ဒီအပေါက်ကပဲ ထွက်ရတဲ့ဟာ။ ဘယ် လိုကောင်စားမျိုးပါလိမ့်ဆို စွေကြည့်ပြီး ဘယ်ဘက်အချုပ်ခန်း ကပ် လိုက်တယ်။

‘ဟော့… ငတက်ပြား’



www.burmeseclassic.com

www.burmeseclassic.com


'ဟော့··· ဘယ်ကောင်လဲကွ'

'အဲ··· ဒီကောင်တော့'

အိပ်နေလို့ လှမ်းနှိုးတော့ ပြန်ဟောက်တယ်။ ဒါကလည်း တေက်ပြားရဲ့ ဝသီပဲ။ ဒီဝသီကြောင့်ပဲ ထောင်ထဲ ခဏခဏရောက်နေတာ။

မဟုတ်မခံလေ။ ဟုတ်လည်း ခံလားဆို နိုးပဲ။ မျက်လုံးက မဖွင့်ဘူး။

'ငါ ဖိုးချော်ကွ'

'ဘယ်က ဖိုးချော်လဲကွ၊ ဟော···'

ပြောရဦးမယ်။ တေက်ပြားတို့က အခုန်အပျံ၊ အကျော်အလွှား လောက်ကတော့ အပျော့။ တရုတ်၊ ကိုးရီးယားသားတွေ ပျံတဲ့လောက် တော့ ပျင်းတယ်။

တစ်ခါက ဘဏ်တစ်ခုကို ဖောက်ပြေးတယ်။ ပုလိပ်တွေက လည်း လိုက်တာပေါ့။ ကိုယ့်ဟာကိုယ် ရိုးရိုးပြေးလွှတ်တဲ့ဟာ။ မဟုတ် ဘူး။ နန့်ပြီး ငှက်ပျောပင်ပေါ် ခုန်တက်လိုက်တာ။

ကိုယ်ဖော့ပညာက မပြည့်ဝတော့ ငှက်ပျောပင်ပါလဲပြီး ပြား သွားတယ်။ လူလည်း မေ့သွားတယ်လေ။ မြေကြီးနဲ့ ရိုက်မိပြီးတော့ ပေါ့။

ဒီကတည်းက တေက်ပြားဆိုတဲ့ နာမည်တွင်သွားလေရဲ့။ ဒါပေမဲ့ သူ့အစွမ်းနဲ့ သူ ပြည့်စုံပြီးသား။

'မင်းပထွေးကွ'

'အဲ··· ပထွေး'

မျက်လုံးလေးကို မှေးကြည့်တယ်။ ဦးဖိုးချော်ကို မြင်တော့


www.burmeseclassic.com

www.burmeseclassic.com


မျက်လုံးပါပြူးသွားတော့တာ။ ဟုတ်တယ်လေ။ ထောင်ပိုင်ကြီးနီးပါး အာဏာရှိတာဆိုတော့ ပျာသွားတယ်။

'ဟာ… ဦးဖိုးချော်၊ အဟဲ… ဘာလဲ ကျုပ်ကို လာလွှတ်တာလား'

'ဟုတ်တယ်၊ မြွေတွေလေ'

'ဟာဗျာ'

'ဟွန်း…'

ဦးဖိုးချော်က ယောကျ်ားကြီးပီပီ မျက်စောင်းထိုးတယ်။

'ဘယ်အချိန်ရှိသေးလို့လဲကွပေ၊ မိုးတောင်မလင်းသေးဘူး၊ လွှတ်စရာလား'

'ဩော်… အင်း… ဟုတ်သား'

'မင်းနဲ့အတူ မိုးမှောင်ပါ လွှတ်မှာ'

'ဟာ…'

ငတက်ပြား မျက်နှာကြီးမဲ့သွားတယ်။ လူက ကလန်ကလား ကိုယ်လုံးပြားပြားကြီးနဲ့လေ။

ငှက်ပျောပင်တောင် ပြားတယ်ဆိုတော့ နည်းနည်းနောနော ဝိတ်မဟုတ်။

'ဒီသူတောင်းစားနဲ့ ခွက်စောင်းပြိုင်ခုတ်၊ အဲလေ… နေရာလုနေရဦးမှာပါလား၊ ဟူး… ထောင်ထဲမှာလည်း အထဲမှာမို့၊ အပြင်မှာလည်း အပြင်မှာမို့လို့၊ ဒီလိုကောင်မျိုးနဲ့ဆို နတ်ပြည်တောင် တစ်ညအိပ်မသွားဘူး၊ ကျက်သရေတုံးလို့ တော်ပါပြီ၊ နောက်တစ်ခါ ဒီထဲပြန်မလာတော့ဘူး'

'ဟား… ဟား… လာပြန်ပြီ တစ်ကောင်'


www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးချော်က လောင်တယ်။ ဒီလိုပဲ ပြောပြောပြီး ပြန်ရောက်လာတာချည်းပဲ။

'အဟုတ်ပြောတာ၊ အံ့မယ်… ဟိုကောင် ဆားပုလင်းမင်းမောင်မကောင်းလို့၊ ကျုပ်လိုလူမျိုးကို လွယ်လွယ်ဘယ်ရလိမ့်မတုံး၊ ဟွင်း… ဟွင်း…'

'အံ့မယ်… ဒါဆို ဘာလို့မိတုံး'

'ဒါက ဒီလိုဗျ'

ငတက်ပြား မျက်နှာကိုမဲ့ရွဲ့ပြီး ပြန်စဉ်းစားတယ်။

ဒီကောင်နဲ့က ငြိစရာအကြောင်းချည်းပဲ၊ သူက လူဆိုးထိန်းမို့လား၊ ပြီးတော့ မျက်နှာက အမြဲပြောင်ချော်နေတာလေ၊ ပြန်ပြောပြတယ်။

'ကျုပ်ကို ဒီကောင်က မမိဘူးလေ၊ သိတဲ့အတိုင်း ကျုပ်က မဟုတ်မခံ၊ ဒီတော့ ဒီကောင် ဘာပြောတယ်မှတ်သလဲ'

'ဘာပြောလဲ'

စိတ်ဝင်တစားမေးတော့ ပြန်ပြောပြတယ်။

'သူနဲ့ ကျုပ်က ခတ်တိုင်နှစ်တိုင်ကျော်လောက် ကွာတယ်၊ သူကလိုက် ကျုပ်က ပြေးပေါ့၊ ဒီအနေအထားနဲ့ ပစ်ဖမ်းဖို့ဆိုတာ မဖြစ်ဘူး၊ ဒီကောင့်လက်က ဆင်ကိုတောင်ပစ်တာတောင် ပွတ်ပဲထိတာလေ၊ လိုက်လို့ကလည်း မမီတော့ ဘာပြောတယ်ထင်လဲ'

'ဘာပြောလဲ'

'ကျုပ်ကို လှမ်းအော်တယ်၊ ဟိတ်ကောင် ခဏရပ်တဲ့ ငါမပစ်ပါဘူးတဲ့၊ အံ့မယ်… ကျုပ်ကလည်း လူပါးမို့လား၊ ပစ်သည်းမထိဘူးဆိုတာ သိတော့ ရပ်နေတာပေါ့၊ ဘာပြောတယ်ထင်လဲ၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



အခုနံ့အပုပ်ရတယ်ဆိုတာ ငါ မယုံဘူးတဲ့၊ တောက်… ကျုပ် တင်းသွားတာပေါ့'

ဦးဖိုးချော်က ငြိမ်နားထောင်နေမှ ဆက်ပြောတယ်။

'ကျုပ်က မဟုတ်မခံလေ၊ လူကလည်း လူပါးမို့လား၊ ဒါနဲ့ မင်း မယုံဘူးလားမေးတော့ ကျုပ်ကို လော်တယ်ပြောသေးတယ်၊ မင်း တကယ်ခုန်နိုင်လို့လားတဲ့၊ ကျုပ်က ခုန်နိုင်တယ်၊ ဘာကြေးလဲဆိုတော့…'

'သူက ပြောတယ်၊ ကြေးတော့ မထပ်ဘူးတဲ့၊ အံမယ်… သူ့ရှုံးမှာ ကြိုသိနေတယ်လေ'

'သူက ပြောတယ်၊ ကျုပ်နဲ့ သူ့အကွာအဝေးလောက်ကို ရောက်အောင်မခုန်နိုင်ဘူးလို့ပြောပြီး ထိုင်ရယ်နေတယ်လေ၊ ဟား… ဟား… ဘယ်ရမှာလဲ'

'ဟင်… မင်းက ခုန်ပြလိုက်ရောလား'

'ဟား… ဟား… ကျုပ်က မဟုတ်မခံလေ၊ စိတ်ကလည်း ကြီးတော့ ခုန်ပြလိုက်တာပေါ့'

'ရောက်သွားလား'

'ဟာ… ရောက်တာပေါ့၊ ခပ်ပါးပါးပဲ ခုန်လိုက်ရတယ်'

'ဟင်… ဒါဆို ဘာလို့အဖမ်းခံရလဲ'

တောက်ပြား မဲ့သွားတယ်။

'ကျုပ် ကြွားပြီးခုန်၊ သူ့ရှေ့လည်းရောက်ရော သေနတ်နဲ့ ချိန်ဖမ်းတယ်လေ၊ သူက ပြောသေးတာ၊ ရင်ဘတ်ကို ပြောင်းနဲ့တေ့ပြီး ဒီအနေအထားလောက်ဆို ငါ့လက်က ဖြောင့်ပြီးသားတဲ့၊ အဟင့်… ဒါနဲ့ပဲ အကြွားသန်တော့ ဒီအထဲရောက်လာတာ၊ သိတယ်မလား၊ ကျုပ်က မဟုတ်မခံလေ၊ လူကလည်း လူပါးမို့လား'



www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးချော်က တစ်ခွန်းပဲပြောပြီး စကြံအတိုင်း ပြန်ထွက်သွားတယ်။

'မင်းလို မဟုတ်မခံကတော့ ထောင်ထဲရောက်တာတောင်နည်းသေးတယ်' တဲ့။

တေက်ပြား သက်ပြင်းကိုချ၊ ခေါင်းကိုယမ်းတယ်။ မျက်နှာချင်းဆိုင်အခန်းက လောင်ရယ်သံကို ကြားလိုက်သေးတာ။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ဥရောပဆန်ဆန်ဆောက်ထားတဲ့ အဆောက်အအုံကြီး။ ဒီအဆောက်အအုံရဲ့ အဝင်လှေကားပေါ်ကို ခြေတစ်စုံ ပေါ့ပေါ့ပါးပါးပဲ တက်လာတယ်။

ကွက်ကျားမီးရောင်အောက်ကိုရောက်မှ ဥရောပဝတ်စုံကို အချိုးကျကျဝတ်ထားတဲ့ လူတစ်ယောက်ဖြစ်နေတာကို မြင်ရတယ်။ သူက သစ်ပင်ဘေးကို ဖတ်ဆို ပြေးကပ်တယ်။

မြန်တယ်။ သေသပ်တယ်။ အသံတိတ်တယ်။ အဆောက်အအုံထဲ အသာလှမ်းချောင်းတော့ လူခြေတိတ်နေတယ်။ ဒါနဲ့ မြေကွက်လပ်ကိုဖြတ်ပြီး တံခါးပေါက်ကို ပြေးကပ်တယ်။

အပိုအလိုမရှိ ကွက်တိ။ စလွယ်ထဲက သေနတ်ကို ထုတ်တယ်။ ဒါကိုသုံးဖို့ အချိန်ကကျပြီလေ။ အထဲကိုဝင် သေနတ်နဲ့ချိန်တယ်။ တစ်ခါ နောက်ဘက်ကို ပြန်လှည့်ချိန်တယ်။ တစ်ယောက်တည်းနဲ့ အလုပ်ရှုပ်နေလေရဲ့။

တစ်ခါ ဘေးဘက်ကိုပြောင်း။ ဟိုကပ် ဒီကပ်။ ဟိုချိန် ဒီချိန်နဲ့လေ။ ပုံစံကြည့်တာနဲ့ တကယ့်ဝါရင့်သမ္ဘာရင့်မှန်း သိသာတယ်။



www.burmeseclassic.com

www.burmeseclassic.com


အခန်းတံခါးဘေးအသာကပ်ပြီး နားထောင်တယ်။ မျက်နှာက တည်ကြည်လေးနက်နေတယ်။ တံခါးဘုကို အသာကိုင်ဆွဲတယ်။ ဒါပေမဲ့ လှုပ်တောင် မလှုပ်။ ဒါနဲ့ သော့ခ်ချထားလားဆို ပြန်ကြည့်တော့လည်း ချမထားဘူး။

အံကြိတ်တယ်။ သေနတ်ကို ခါးထိုးပြီး…

'ဟွန်း… တွေ့ပြီပေါ့ကွာ'

ဆို တံခါးရဲ့လက်ကိုင်ဘုကို လက်နှစ်ဖက်နဲ့ အသားကုန်ဆွဲလေရဲ့။ မရဘူး။ အားကုန်ဆောင့်ဆွဲတယ်။

'ဒုန်…'

'အီး…'

တံခါးက ဘာမှမဖြစ်ဘဲ နဖူးနဲ့ဆောင့်မိတယ်။ တင်းသွားတော့တာ။

'သေနာကျတံခါး… ကျွတ်… ကျွတ်…'

ဆို နဖူးကိုပွတ်ရင်း အမှတ်မထင်တံခါးအပေါ်ဘောင်မှာ ရေးထားတဲ့စာတန်းကို တွေ့တယ်။

'ဟင်… ဘာပါလိမ့်'

သေချာအောင် လက်နှိပ်ဓာတ်မီးသေးသေးလေးကို အင်္ကျီရင်ဘတ်ထဲကနေထုတ်ပြီး ထိုးကြည့်တယ်။

'ဟင်… Push ပွတ်(ရှ်)တဲ့'

ဒီစကားလုံးကိုမြင်တော့ ဘာအဓိပ္ပာယ်ဆိုတာ မေးပွတ်စဉ်းစားတယ်။ ထက်မြက်တာ ပြောပါတယ်။

'ဘာပါလိမ့်၊ တောက်… အင်္ဂလိပ်စကားကို ကျမ်းသော့နေတော့ ဒီအသေးအဖွဲလေးကို မေ့နေသေးတာ'


www.burmeseclassic.com

www.burmeseclassic.com


အံ့မယ်… ကိုယ့်ဟာကိုယ် တစ်ယောက်တည်းရှိတာတောင် ကြွားသေးတာလေ။ ဒါနဲ့ ရင်ဘတ်ကြားကနေ စာအုပ်သေးသေးလေး ကိုထုတ်ရင်း စာလုံးရဲ့အဓိပ္ပာယ်ကို လိုက်ရှာတယ်။

အဲလို တုံးတာလေ။

'ဟော… တွေ့ပြီ၊ အယ်… တွန်းပါတဲ့၊ အဟဲ… ခုမှပဲ ပြန်သတိရတော့တယ်၊ ဒါကြောင့် ဆွဲမရပါဘူးမှတ်တယ်'

အင်္ဂလိပ်စာကျွမ်းပုံ ပြောပါတယ်။ ပစ္စည်းတွေကို ပြန်သိမ်းတယ်။ သေနတ်ကို ပြန်ကိုင်၊ တံခါးကိုတွန်းလိုက်တော့ အသာအယာပဲ ပွင့်သွားတယ်လေ။

အထဲကို အသာအယာဝင်။ သတိအနေအထားနဲ့ ပေါ်လာမယ့် ရန်သူကို ရှာတယ်။ ဒါပေမဲ့ ဘာမှကိုမတွေ့တာ။ အောက်ထပ်တစ်ထပ်လုံးကို တစ်ခန်းဝင်တစ်ခန်းထွက် မွှေနှောက်ရှာတယ်။

လူမပြောနဲ့။ ကြောင်တစ်ကောင် ကြွက်တစ်မြီးမှကို မတွေ့။ ခေါင်းကုတ်ရင်း စဉ်းစားတယ်။

'ငါ့ရဲ့တပည့်ကျော်ကြီး ဒီတစ်ခါ သတင်းများမှားသလား၊ အေးလေ… ဒီကောင့်သတင်းက ဘယ်တုန်းကများ မှန်ဖူးလို့လဲ၊ ကဲ… ရောက်လက်စနဲ့ ထူးပါဘူး၊ ရှာတဲ့လူ မတွေ့တော့လည်း တွေ့တဲ့လူ ဖမ်းမယ်ဟာ'

တော်တာလေ။ အဲလိုပဲ အကျင့်က ကောင်းကိုမကောင်းဘူး။ ဆုံးဖြတ်ချက်ချ။ အပေါ်ထပ်ကို လှေကားအတိုင်း ခြေဖော့နင်းရင်း တက်ခဲ့တယ်။

အခန်းတစ်ခန်းထဲရောက်တော့ နံရံမှာကပ်ထောင်ထားတဲ့ သံတုတ်ကိုတွေ့တယ်။ စဉ်းစားတယ်။ ဘာအန္တရာယ်မှမရှိဘဲ သေနတ်


www.burmeseclassic.com

www.burmeseclassic.com



ကြီးတကားကားနဲ့။ လူဆိုးမဟုတ်ဘဲ ဘေးလူမြင်ရင် သိက္ခာကျပါ
တယ်။

သေနတ်ကို အိတ်ထဲပြန်ထည့်ပြီး ပြုံးလိုက်တယ်။ အခုဆို
အကြောင်းသိသွားပြီ။ ဒီတော့ သံတုတ်လောက်ကိုင်သွားလည်း ဖြစ်
တယ်။

ဒါနဲ့ ပြုံးပြီး သံတုတ်ကို ခြေနဲ့ကလော်ယူတယ်။ ဒါမျိုးက
လုပ်နေကျလေ။ အချိန်အဆက ကွက်တိပဲ။

'ဗိုး...'

'ကတောင်'

'အီး...'

သံတုတ်က မြောက်ခနဲတက်လာပြီးသကာလ နဖူးဝင်ဆော
တယ်။ ကျွမ်းကျင်ပုံ ပြောပါတယ်။ ဘာပြောကောင်းမလဲ။ အံကြိ
ကြိတ် အာကြီးရွဲ့ပြီး မျက်စိပယ်သွားတယ်။

အိပဲ့ပဲ့နဲ့ နံရံကိုမှီရင်း ထိုင်ကျသွားတယ်။ မျက်လုံးထဲ စေတ
ဂြိုဟ်ရဲ့ ခါးပတ်ကြီးလို လည်နေတယ်။ ဂြိုဟ်ရံလတွေတောင် တွေ့နေ
သေးတာ။

ခဏနေမှ မျက်လုံးလေးလည်တယ်တယ်နဲ့ ယိုင်ထိုးထိုးထလာ
တယ်။ ခေါင်းကိုအတင်းယမ်း၊ ဇက်ပိုးကို သုံး၊ လေးချက်အုပ်လိုက်
မှ ကြယ်တွေ၊ လတွေ ပျောက်သွားတယ်။

'အမျှ... အမျှ... အမျှ... ယူတော်မူကြပါကုန်လော့'

'နောင်... ဝေ... ဝေ... ဝေ...'

'အန်... သာဓု၊ သာဓု၊ အဲလေ... တောက်... ဘယ့်နှယ
အသံဆိုးကြီး၊ အီး...'



www.burmeseclassic.com

www.burmeseclassic.com


ခန်းဆီးကာထားတဲ့ အခန်းထဲကနေ ကြေးစည်သံနဲ့အတူ အမျှ
ဝေသံပေါ်လာတယ်။ ယောင်တောင်ပေါင်တောင်နဲ့ သာဓုခေါ်လိုက်
သေးတာ။

'မကျွတ်မလွတ်သေးသော ပရလောကသားများလည်း ယူကြ
ပါကုန်လော့၊ အမျှ… အမျှ… အမျှ…'

'နောင်… ဝေ… ဝေ…'

'သာဓု… အဲလေ… ငါနော်'

ကိုယ့်ဘာသာ ယောင်ကန်းကန်းနဲ့ သာဓုခေါ်ပြီး စိတ်တိုနေ
တာလေ။ မသိရင် ကိုယ်ကပဲ မကျွတ်လွတ်သေးတာလို။

လက်နှစ်ဖက်ကို နောက်ပစ်ပြီး အေးဆေးပဲ ဘုရားခန်းထဲ
ဝင်သွားတယ်။

မသိရင် ဆရာပေါ့။ အခန်းထဲမှာ ကျောပေးပြီး ဘုရားဝတ်ပြု
နေတဲ့ လူကြီးတစ်ယောက်ကို တွေ့တော့ ပြုံးလိုက်တယ်။ ပိုင်နိုင်တဲ့
လေသံနဲ့…

'ဟွင်း… ဟွင်း… ဘယ်လိုလဲ ဆရာကြီး၊ စနေအောင်
အောင်ရဲ့၊ ကျုပ်လက်က မလွတ်ဘူးမို့လား'

'ဟယ်… မင်းက ဘယ်သူတုံး'

'ဘာ ခုမှမသိယောင်ဆောင်နေတာလဲ၊ ကျုပ် ဆားပုလင်း
ခင်းမောင်လေ၊ ဟင်း… ဟင်း…'

'ဘာဆားလဲ၊ ပဲခူးဆားလား၊ ဘာဆားမှမသိဘူး၊ မင်း ငါ့အိမ်
ထဲ ဘာလာလုပ်တာလဲကွ၊ ဟေ'

'ဟင်…'

ပြောပြီး ဒီဘက်လှည့်လိုက်တော့ အံ့ဩသွားတယ်။ စနေ

အောင်အောင်လို ထိပ်ပြောင်မနေပါ။ ဆံပင်တွေ အတော်ကောင်းသလို ...တ်ဆိတ်၊ ပါးမြိုင်းမွေးထူလပျစ်နဲ့ လူကြီးမို့လို့လေ။ မလျှော့ဘူး။

'ဩော... ခင်ဗျားက ကျုပ်လာမယ်ဆိုတာ ကြိုသိလို့ ရုပ် ...ဖျက်ထားတယ်ပေါ့'

'ဟာ... ငါ့ရုပ်က နဂိုချောဟာကို၊ အဲလေ... နဂိုအတိုင်း ... ဘာဖျက်စရာလိုလို့လဲ'

လူကြီးကလည်း ကက်ကက်လန်ရန်ပြန်တွေ့တယ်။ ဒါနဲ့ ...င်းမောင် ခန်းခန့်ပြုံးရင်း အနားကပ်သွားတယ်။

'ဟွင်း... ဟွင်း... ကျုပ် လူဆိုးထိန်းလုပ်လာတာ အံ့တို ...ပြီ၊ ခင်ဗျားလို ပြောပြောပြီးလိမ်လို့ ကျုပ်ဖမ်းထားတဲ့လူတွေများ ...ထောင်ထဲမယ် ပြည့်လို့ လျှံလို့၊ ကဲ... လာထား'

'ဟာ... ဟော့... ဘာလုပ်၊ အား... တေပါပြီ'

လည်ပင်းအရေပြားကို အတင်းဆွဲလှန်တယ်။ မရဘူး။ မရဆို ...တယ့်မျက်နှာအစစ်လေ။ ဒါလည်း မလျှော့ဘူး။ နဖူးကဆံပင်ကို ...ဆွဲရင်း...

'ဒီထိပ်က အပြောင်ကြီးမို့လား၊ အင်းဟာ'

'အား... နာတယ်ဟ'

'ဟင်... ဟုတ်ဘူးဟ'

လူကြီးက ခေါင်းပွတ်ရင်း စိတ်ဆိုးနေတော့တာ။ မင်းမောင် ...ကြောင်ကြောင်လေး ရပ်နေတယ်။ လူကြီးက ဒေါသသံနဲ့ ပြော ...တယ်။

'ဟော့ကောင်... ငါ စနေအောင်အောင် မဟုတ်ဘူးကွ'

'မသိရင် မှတ်ထား၊ လေလျှောက်ဝိဇ္ဇာ ရွှေလသာကွ'



www.burmeseclassic.com

www.burmeseclassic.com


'ဟင်... ဟုတ်လို့လား'

'ဟာ... ဟုတ်ပါတယ်ဆို'

ဒါလည်း မရဘူး။ လက်ထိတ်နဲ့ အတင်းခတ်ရင်း ဆွဲခေါ်တယ်။

ဒါက လုပ်ရိုးလုပ်စဉ်ပုံစံပဲ။

'ဟုတ်ဟုတ် မဟုတ်ဟုတ် ဂါတ်ရောက်မှရှင်းဗျာ'

'ဟာ... ဟောကောင်... မင်း လွန်ပြီထင်တယ်၊ ငါ့ကို ဘာမှတ်လဲ၊ ငါ့အိမ်ထဲဝင်ပြီး စော်ကားတယ်ပေါ့'

'ဟာ... စကားများတယ်ဗျာ၊ ကဲ...'

'ဒုတ်...'

'အီ...'

လည်ကုပ်ကို လက်ဝါးစောင်းနဲ့ ခုတ်လိုက်တာ ကွက်တိပဲ။ လက်ဆကကောင်းတော့ ဟိုလူကြီး မျက်လုံးပြူးနဲ့ မေ့သွားတယ်။

ဒီတော့မှ ပခုံးပေါ်ကောက်ထမ်းရင်း ပြန်ထွက်လာခဲ့တယ်။

'အီး... လေးလိုက်တာ၊ ဝက်ကြီးကျနေတာပဲ။ အဟဲ... ဘာဖြစ်လဲ၊ သူလည်း စနေအောင်အောင်ဖြစ်နိုင်တာပဲ၊ ဖမ်းတယ်ကွာ'

တဲ့။ ဪ... တော်ချက်ကတော့ ဩချယူရလောက်ပါ့။ အဲဒါ ဘယ်သူလဲဆိုတော့ နိုင်ငံကျော် အကျော်အမော်ကြီး ဆားပုလင်း မင်းမောင်ပေါ့။

❖ ❖ ❖

ပုလိပ်မင်းကြီးရဲ့ စားပွဲရှေ့မှာ စုံထောက်တွေအားလုံး ခေါင်းငုံ့


www.burmeseclassic.com

www.burmeseclassic.com


ရပ်နေကြတယ်။ မသိရင် ပထွေးရှေ့ရောက်နေတဲ့ မယားပါသားတွေ လိုပဲ။ ငြိမ်လို့ ကုပ်လို့။

ပုလိပ်မင်းကြီးကတော့ အားလုံးရဲ့ရှေ့မှာ မျက်နှာမာကြီးနဲ့ သမ်းသလားနေတယ်။ ပြီးမှ ဟစ်တလာ လူသတ်ကာနီးမျက်နှာထား နဲ့ စွေကြည့်တယ်။

'ဟွန်း… မောင်မင်း လူကလေးတို့၊ ဒီအတိုင်းပဲ ရပ်နေကြ တော့မှာလား၊ ကျွန်ုပ်ကို တစ်ခုခုပြောကြပါဦးလား၊ လားတွေလို ငိုက်နေကြတော့မှာလား'

'မြည်းတွေလိုလုပ်ပါ မင်းကြီးရဲ့'

ကပ်ထောင်ရပ်ထောင် ဘိလပ်ပြန် ဆရာဖိန့်က ဝင်ထောက် တယ်။

မင်းကြီးရဲ့မျက်စောင်းက သူ့ပေါ် ကွက်ကျသွားပြန်တယ်။

'မောင်မင်း ဘာသိလဲ၊ မြည်းဆိုတဲ့စကားက လူတိုင်းသုံးနေ တာ၊ ကျွန်ုပ်က သူများသုံးတာ မသုံးချင်ဘူး'

'ဒါဆိုလည်း အသစ်ဝယ်လေ'

'ကောင်းတယ်၊ ဘာ…'

မျက်နှာကြီး ပိုမာလာတာနဲ့ ဆရာဖိန့်လည်း ပါးစပ်ပြန်ပိတ် သွားတယ်။

မင်းကြီးက မျက်စောင်းကြီးထိုးပြီး ဆဲနေတော့တာ။ ကျန်တဲ့ စုံထောက်တွေ ကြိတ်ပြုံးကြတယ်။

ဘိလပ်ပြန်ဆရာဖိန့်ကို ဘယ်သူမှ ကြည့်မရကြဘူး။ ဘိလပ် ပြန်ဆိုတဲ့ဘွဲ့က လွယ်လွယ်ရတာမဟုတ်။ တစ်ခါက ဘိလပ်မြေစက်ရုံ ဆဲ လူဆိုးတွေဝင်ဖမ်းကြတယ်။


www.burmeseclassic.com

www.burmeseclassic.com



ပစ်ဟယ် ခတ်ဟယ်နဲ့။ ဘိလပ်မြေဖျော်တဲ့ ကန့်ထဲပြုတ်ကျသွားတယ်။ အားလုံးက သေပြီမှတ်တာ။ အသက်က ပြင်းတယ်လေ။

အပေါ်ကိုပြန်ရောက်အောင် တက်လာနိုင်တယ်။ လူကတော့ လူရုပ်မပေါက်တော့ပါ။ ဒီကတည်းက ဘိလပ်ပြန်ဆရာဖိန့် ဖြစ်သွားတယ်လေ။ ထားတော့။

ခြေဖဝါး ဦးကိုကိုလေးက အနားမှာရှိတဲ့ အိုင်ပီအောင်နိုင့်ကို အသာကပ်ပြီး အတင်းချတယ်။

'ကောင်းတယ်၊ ကပ်ထောင်ရပ်ထောင်လုပ်ချင်တဲ့သူတွေက ဒါနဲ့ပဲတန်တယ်'

'အဟီး.... နည်းတောင်နည်းသေး'

အိုင်ပီအောင်နိုင်ကလည်း ထောက်ခံတယ်။ ဒါမျိုးဆို တည့်ကြတာလေ။ အတော်ကြာတဲ့အထိ မင်းကြီးက ဆူနေတယ်။ ရပ်ဆူလိုက်၊ ထိုင်ဆူလိုက်၊ လမ်းသလားရင်း ဆူလိုက်နဲ့ မျက်စိကိုနောက်နေရောပဲ။

'ဘယ်လိုလုပ်ကြမလဲ၊ ဒါလောက်လုံခြုံရေးအပြည့်ပေးထားတဲ့ကြားက မိုးမှောင်ဆိုတဲ့သူခိုး၊ ဟွန်း... သင်း ထောင်ကထွက်တာတောင် မကြာသေးဘူး၊ လက်ကမြင်းစရာမရှိ ကျွန်ုပ်ယောက္ခမရဲ့လည်ဆွဲကိုမှ ဝင်ခိုးသွားတယ်၊ အဲဒါ ကောင်းလား'

'ကောင်းပါတယ်'

'ဘာ'

'အဲလေ... မကောင်းပါဘူး၊ အဟီး... ဘယ်လိုမှမကောင်းဘူး'

အမြဲကပ်ဖားတတ်တဲ့ စုံထောက်လှမောင်က မျက်နှာဝင်လုပ်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒါပေမဲ့ စကားပြောမှားသွားတော့ မျက်နှာမရ ခြေထောက် ရပြီး ငြိမ်သွားပြန်တယ်။ မင်းကြီးလည်း မနိုင်နိုင်ရာ မဲတယ်။

'မောင်မင်းတို့ကို ပြောလိုက်ရင် တလွဲ၊ လုပ်လိုက်ရင်လည်း မတည့်ပြန်ဘူး၊ ဒါက အရေးမကြီးဘူး၊ ကျွန်ုပ် အားကြီးစိတ်ပြဿနာ တက်တယ်'

'စိတ်ဆင်းရဲတယ်လုပ်ပါ၊ မင်းကြီးရဲ့ အဟဲ…'

ဥရောပဝတ်စုံကို အကျုံဝတ်ထားတဲ့ စုံထောက်မောင်ကောင်း က ဝင်ပြင်ပေးတယ်။ ဒါနဲ့ ဓွေကြည့်ပြီး…

'မောင်မင်း ဘာသိလဲ၊ ကျွန်ုပ် ဒီမှာနေလာတာ နှစ်နှစ်ဆယ် ကျော်လာပြီ၊ ဒီစကားလုံးကို ဘယ်သူမှ မသုံးသေးဘူး၊ ကျွန်ုပ်ထွင် သုံးတာ'

မောင်ကောင်းလည်း ပါးစပ်ပိတ်သွားတယ်။

'ကျွန်ုပ်ယောက္ခမက ပကျီပကျိနဲ့ နားကို ဒုက္ခရောက်ရော၊ ဒါနဲ့ အိပ်ခန်းထဲက အပြင်မထွက်ဘဲနေတယ်၊ ဒါလည်း လွတ်လားဆို မလွတ်ဘူး၊ မိန်းမက ပကျစ်ပကျစ်နဲ့ ကျွန်ုပ်စိတ် သေကိုသေချင်တယ်'

အားလုံး ပြုံးကုန်တယ်။ စိတ်ကို မသေခိုင်းဘဲ လူသေသွား လည်း နားအေးတာပဲလို့ တွေးနေကြတယ်။

'ဒါကို ပြန်မရမချင်း ကျွန်ုပ် အိမ်မပြန်တော့ဘူး၊ မောင်မင်း တို့ကိုလည်း အားမကိုးရဘူး၊ တော်သေးတယ်၊ မိုးမှောင်သာ စာထား မသွားရင် ဘယ်သူခိုးတယ်ဆိုတာ သိမှာတောင်မဟုတ်ဘူး၊ တောက်… သင်းနှယ် ယောက္ခမကိုတော့ မ,မသွားဘူး၊ ဒါဆို နားဒုက္ခကို ဘူ ခံရမှာ၊ အခုတော့…'

'ခိ… ခိ…'



www.burmeseclassic.com

www.burmeseclassic.com



ကြိတ်ရယ်ကြတယ်။ မင်းကြီးက အခုမှ သတိရသွားပုံနဲ့…

'သြော်… ဟိုလူရှော့်ကလေး ဆားပုလင်းမင်းမောင်ရော မတွေ့ပါလား'

'မင်းမောင်လား၊ အဟင်း…'

အတို့အထောင် လှမောင်က ဝင်လာပြန်တယ်။ မျက်နှာကို လည်း မပြောချင်ပါဘူးဆိုတဲ့ အထာနဲ့ ပြုံးတယ်။

'မင်းကြီးကသာ ဂရုစိုက်နေတာ၊ သူက အိမ်မှာ ခုချိန်ဆို တယောထိုးကောင်းတုန်းနေမှာ'

'ခင်ဗျား မသိဘဲ ဝင်မထောင်နဲ့ ကိုလှမောင်'

'အဟင်း… ကျုပ်က ,တွေးကြည့်တာပါ၊ ပညာရှိတို့ တွေး ကြည့်ရင် ခွေးကြည့်၊ အဲလေ… ပြေးကြည့်တာထက် ပိုမှန်တယ်'

'ခင်ဗျား လွန်ပြီထင်တယ်'

'တိတ်'

မင်းမောင်ဘက်က အိုင်ပီအောင်နိုင်က မခံဘူး။ ဒါနဲ့ စကား များနေကြပြန်တယ်။ မင်းကြီးက ဖအေလို ထဟောက်လိုက်မှ တိတ် သွားတယ်။ ဒါတောင် မျက်စောင်းပြိုင်ထိုးကြသေးတာ။ မင်းကြီးက လှမောင်ကို စွေကြည့်ရင်း…

'ဆားပုလင်းမင်းမောင်က မောင်မင်းတို့ထက် ပိုအားကိုးရ တယ်၊ သူက တစ်ယောက်မဟုတ် တစ်ယောက် ဖမ်းလာတတ်သေး တယ်၊ ဟိုတစ်လောကပဲ ဓာတ်လုံးလိုချင်လို့ စနေအောင်အောင်ကို ဖမ်းနိုင်းတာ၊ ဖမ်းလာပါတယ်၊ ဟွန်း… လေလျှောက်ဝိဇ္ဇာ ရွှေလသာ တဲ့၊ အရူးကြီးလား မသိဘူး'

'အဟိ…'



www.burmeseclassic.com

www.burmeseclassic.com



အားလုံးပြုံးကုန်တယ်။ အဲဒီတုန်းက မင်းကြီးပြဿနာ အတော်တက်သွားသေးတယ်။

'ကျွန်ုပ်မှာ ရှုးချင်ချင်ဖြစ်သွားတယ်၊ ဒီလူကြီး ပြဿနာရှာတာနဲ့ အတော်ကို ရှင်းလိုက်ရတယ်၊ ဟူး… တကယ့်အရှုပ်ထုပ်ကြီး၊ ကဲ… သူ့ပဲ အားကိုးရတော့မယ်ထင်တယ်'

စကားကိုဖြတ်ပြီး အိုင်ပီအောင်နိုင်ကို ကြည့်တယ်။

'လူကလေး… အောင်နိုင် သွားခေါ်ခဲ့၊ ဒီမှာ ကျွန်ုပ် ခေါင်းမီးလောင်နေတယ်လို့၊ ရအောင်သာခေါ်ခဲ့'

'ကောင်းပါပြီ မင်းကြီး'

အိုင်ပီအောင်နိုင်က ဆလံပြဦးထုပ်ကို ဆောင်းလိုက်တယ်။

နောက်လှည့်အထွက်မှာ အသံတစ်သံကို ကြားရတယ်။

'ဘယ်သူမှလာခေါ်စရာ မလိုပါဘူး၊ အဟင်း… ကျုပ်ရောက်လာပါပြီ'

'ဟင်… ဆားပုလင်းမင်းမောင်'

အသံက ကြည်လင်တယ်။ ပြတ်သားတယ်။ အားလုံးရဲ့ မျက်လုံးတွေ အခန်းဝကို စုသွားကြတယ်။ ရုံးဟာ ခဏတိတ်သွားသလိုပဲ။ အပ်ကျသံတောင် မကြားရ။

'ဒေါက်… ဒေါက်… ဒေါက်…'

ခြေသံနဲ့အတူ အခန်းဝမှာ ဥရောပဝတ်စုံကို ဝတ်ထားတဲ့ လူတစ်ယောက် ပေါ်လာတယ်။ ဘောင်းဘီအိတ်ထဲ လက်နှိုက်ရင်း စတိုင်ကျကျ လျှောက်လာတယ်။

ရုပ်တည်နဲ့ ဝေ့ကြည့်ရင်း အခန်းထဲဝင်လာတယ်။

'အဟင်း…'



www.burmeseclassic.com

www.burmeseclassic.com


မခိုးမခန့်ပြုံးရင်း ခဏရပ်တယ်။ လက်ကိုထုတ်လိုက်တော့ စီးကရက်တစ်ဘူး ပါလာတယ်။ ရှပ်တည်နဲ့ဖွင့်လိုက်တော့ တစ်လိပ်မှကို မရှိ။ အံ့သြတကြီးနဲ့ ဘူးကို ဖင်ပြန်ခေါင်းပြန်ကြည့်တယ်။

'တောက်… ဟိုကောင် အောင်ကြီး သင်းလက်ချက်နေမှာ၊ ပိုက်ဆံပြတ်လို့ အခွံနဲ့လဲပြီး ရောင်းစားတာနေမှာ၊ အကျင့်က ကောင်းကို ကောင်းဘူး၊ တော်သေးတာပေါ့၊ စပါယ်ယာဘူးရှိလို့'

တတွတ်တွတ်နဲ့ ပြောရင်း အင်္ကျီရင်ဘတ်ထဲက နောက်တစ်ဘူးထပ်ထုတ်တယ်။ ဒီဘူးကတော့ အပြည့်ပဲ။

'အဟဲ…'

'ထောက်…'

သွားကိုဖြဲပြီး အရက်ပြေရယ်တယ်။ ပြီးမှ ဇစ်ပိုမီးခြစ်ကို ထုတ်ခြစ်တယ်။ ဆေးလိပ်ကိုကိုက်ရင်း အံ့သြသွားတယ်။ မီးက မတောက်ဘူး။ ဒါနဲ့ မီးခြစ်ကို အတင်းလှုပ်ပြီး ပြန်ခြစ်တယ်။ မရဘူး။ တင်းသွားတော့တာ။

'ဟာ… အင်းဟာ'

'ဗိုး… ဒေါက်…'

ပြတင်းပေါက်ကနေ အပြင်ကို ဘူးခွံရော မီးခြစ်ပါ လွှင့်ပစ်တယ်။ ပုလိပ်မင်းကြီးအပါအဝင် အားလုံးပါးစပ်အဟောင်းသားနဲ့ ကြည့်နေကြတယ်။ ဒါပေမဲ့ ဝမ်းတွင်းရူးမှန်းသိနေတော့ ဘာမှမပြောကြဘူး။

'အဟဲ… ဒါပဲကောင်းတယ်'

'ရှဲ…'

ပြောလည်းပြော၊ သစ်သားမီးခြစ်နဲ့ပဲ ညှိလိုက်တယ်။ နှုတ်ခမ်း


www.burmeseclassic.com

www.burmeseclassic.com



ထောင့်မှာကပ်ရင်း စတိုင်(လ်)နဲ့ ဖွာတယ်။ ကြည့်ကောင်းလား မကောင်းလားတော့ မသိ။ အားလုံးရဲ့ မျက်လုံးထဲမှာ ခွေးပေါက်စလေး တုတ်ချောင်းချီလာတာကိုပဲ မြင်နေကြတယ်။

'ဘယ်လိုလဲ မင်းကြီး၊ ကျုပ်ကို လိုနေပြီထင်တယ်၊ ဟွင်း… ဟွင်း…'

'မောင်မင်းကို တကယ်လိုတာတော့ အမှန်ပဲ'

ဆားပုလင်းမင်းမောင်က ခနိုးခနဲ့ပြုံးရင်း စဉ်းစားတယ်။ ပြီးမှ မျက်လုံးကို ကြာမှေးမှေးရင်း မေးတယ်။

'ကျုပ်သိပြီ၊ ထောင်မင်းသား ဦးဖိုးချော် လွတ်လာလို့ ခင်ဗျား မိန်းမ ထဘီပျောက်ပြီထင်တယ်၊ အဟဲ…'

'လွဲပြန်ပဟ'

'ဟုတ်ပါ့'

အိုင်ပီအောင်နိုင်နဲ့ ဦးကိုကိုလေး မျက်နှာမဲ့သွားတယ်။

ကျန်တဲ့လူတွေ ပြုံးကုန်ကြတယ်။ ပုလိပ်မင်းကြီး တင်းသွားတော့တာ။

'ရှော်လိုက်တာ'

ဒါလည်း မလျှော့ဘူး။ မျက်နှာထားကို ပြန်ပြင်ရင်း…

'သြော်… စနေအောင်အောင်ဆီက ခဲတံလုံးယူပေးဖို့လား'

'တိတ်'

မင်းကြီး ထအော်လိုက်မှပဲ တိတ်သွားတယ်။

'ပြောလိုက်ရင် တလွဲချည်းပဲ၊ မိုးမှောင် ထောင်ကလွတ်လာတယ်'

'ဟင်… ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com


မိုးမှောင်ဆိုတဲ့ အသံကြားတော့ မျက်နှာငယ်သွားတယ်။ ဒီသူခိုးဖမ်းရတာ ခက်ကခက်နဲ့။

'လွတ်လွတ်ချင်းပဲ ကျွန်ုပ်မိန်းမရဲ့အမေရဲ့ အဲ… ကျွန်ုပ် ယောက္ခမရဲ့ လည်ဆွဲကို ခိုးသွားတယ်လေ၊ အဲဒါ လိုက်ဖမ်းပေး၊ ဒါပဲ'

အသေကောင်မျက်နှာလို ဖြူဖပ်ဖပ်ဖြစ်သွားတယ်။ မျက်နှာ သေလေးနဲ့ ဆင်ခြေပေးတယ်။

'သူမှန်းသိတာပဲ၊ ကိုယ့်ဟာကိုယ်ဖမ်း ပြီးရော'

'ဟာ… မဖြစ်လို့ပေါ့၊ ဒီကောင်က ကိုယ်ပျောက်တယ်တဲ့'

'ဟုတ်ပဲနဲ့'

မင်းကြီးက စွေကြည့်တယ်။

'ဒါဆို မောင်မင်းတို့ကို ရာထူးပေးထားတာ ဘာလုပ်ဖို့လဲ'

'ဒါကတော့ အောက်လူရှိမှ အထက်လူက ထောင်းရမှာပေါ့'

'ကောင်းကွာ'

မင်းကြီး စိတ်လေသွားတယ်။ စိတ်ပျက်သံနဲ့ ပြောသေးတယ်။

'ကျွန်ုပ် ဖမ်းမှတော့ မောင်မင်းတို့ကို ထားပါတော့မလား၊ သွား… ဖမ်းဆိုဖမ်းခဲ့၊ ဒါပဲ'

'အဟင့်…'

ငိုချင်ပက်ကျိဖြစ်နေတာကို ကြည့်ပြီး မင်းကြီးက အကြံရသွား တယ်။ ဒီကောင်က ဘဝင်ရူးလေ။ ဒီတော့ မြှောက်တယ်။

'ဒီမှာ မောင်မင်း၊ ဒီမှာရှိတဲ့လူတွေအများကြီးထဲမှာ သင် တစ်ယောက်တည်း အရည်အချင်းနဲ့ပြည့်စုံလို့ ဖမ်းခိုင်းတာ၊ ပြီးတော့ မိုးမှောင်ကို ငယ်နိုင်မို့လား၊ ကျွန်ုပ် မြင်ယောင်မိပါသေးတယ်၊ ထုပ် ကနေ ဆွဲခေါ်လာမှာကိုလေ၊ ဟင်း… ဟင်း…'



www.burmeseclassic.com

www.burmeseclassic.com



'အဟု… ဟီ… ဟီ…'

ဘဝင်က ငယ်ထိပ်တက်ဆောင့်တယ်။ မျက်နှာက ပြန်မော်လာတယ်။ ခေါင်းတဆတ်ဆတ်ညိတ်ရင်း…

'ကောင်းပြီလေ၊ ကျုပ်ကို ဒါလောက်ယုံမှတော့ ဖမ်းပေးရတာပေါ့၊ အဟွင်း… ဟွင်း…'

ဦးကိုကိုလေးနဲ့ အောင်နိုင်ကလွဲလို့ ကျန်တဲ့လူတွေ မဲ့သွားတော့တာ။ ပုလိပ်မင်းကြီးက ပြုံးတယ်။ သူ့ခွင်ထဲ ဝင်သွားတာကိုး။ မင်းမောင်ကတော့ ဒေါက်ဒက်ဒေါက်ဒက်နဲ့ မော်ကြွားကြွားပြန်ထွက်သွားတယ်။ မြှောက်ပေးရင် ဟိုဟာတက်အောင်ကတာလေ။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

တေက်ပြား လမ်းကြိုလမ်းကြားကိုဖြတ်ရင်း မြို့လယ်ကို ပြေးနေတယ်။ ပြေးနေတာက အမြန်ရောက်အောင်လို့။ အမြန်ရောက်ချင်တဲ့အကြောင်းက သူများထက်ဦးအောင်လေ။

မြို့လယ်က ဘဏ်တိုက်တစ်ခုကို ဒီည ဝင်ခိုးဖို့။ အလုပ်တစ်ခုကို အသေအချာလေ့လာပြီးမှ လုပ်တယ်။ ဒီဘဏ်ကို အင်္ဂလိပ်အစိုးရပိုင်တယ်။ လုံခြုံရေးစနစ်က ကောင်းတယ်။

ဒါပေမဲ့ သိတယ်မလား။ ဓားရကြီး တေက်ပြားတို့က မှတ်ာရယ်မဟုတ်။ အသေအချာ စူးစမ်းပြင်ဆင်ပြီးမှ လာခဲ့တာ။ သိပ်မကြာခင်မှာပဲ မီးကွက်ကျားလင်းနေတဲ့ အဆောက်အအုံရှေ့ ရောက်လာတယ်။

ကြိုတင်လေ့လာထားတော့ ဘယ်နားမှာ ဘာရှိတယ်ဆိုတာသိပြီးသား။ ဘဏ်ရဲ့ရှေ့ဘက်မှာ အစောင့်တွေပိုများတယ်။ အနောက်မှာနည်းတယ်။ ဒါဆို ဘာလို့ ရှေ့ကိုလာလဲ။ ဒါက အကြောင်းရှိတယ်။

အစောင့်တွေက ရှောင်သွားလို့ရတယ်။ ဒါပေမဲ့ လုံခြုံရေးစနစ်ကြောင့် ရှေ့ဘက်ကိုလာရတာ။ မီးခံသေတ္တာ ဘယ်ဘက်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းဖွင့်နိုင်တယ်။ ဒါက အဓိကမဟုတ်။ အဓိကက ထိန်းချုပ်ခန်းပဲ။ ဒီအခန်းက ဘဏ်ရဲ့ရှေ့ဘက်မှာ ရှိတာလေ။

ခုချိန် ဘဏ်ရဲ့အရေးကြီးတဲ့နေရာတွေကို ခြေချလိုက်တာနဲ့ ဒီထိန်းချုပ်ခန်းထဲက ခေါင်းလောင်းတွေမြည်ကုန်ရော။ ဒါဆို ရှိသမျှ လူတွေဟာ ဘဏ်ကို ဝိုင်းထားကြမယ်။ ခဏကြာရင် ပုလိပ်တွေ ရောက်လာမယ်။ ဒါဆို သွားတော့ ထောင်ထဲ။

ဒီတော့ လူလစ်တာနဲ့ မဖြစ်ဖြစ်တဲ့နည်းကိုသုံးပြီး ခေါင်း လောင်းတွေကို ဖျက်ဆီးပစ်ရမယ်ဆိုတဲ့ အကြံနဲ့လေ။ ဖပ်ဆို ခြံဝင်း ထားပြေးကပ်တယ်။

သေနတ်ကိုင်ပြီး လမ်းသလားနေတဲ့ ပုလိပ်တွေအများသား ပဲ။ ဒါပေမဲ့ ဂရုတောင်မစိုက်ဘူး။

ပြုံးလိုက်တယ်။ ပြီးမှ ဝင်းနံရံပေါ် အသာအယာခုန်တက်လိုက် တယ်။

'ဗွီး...'

'ဖပ်...'

ပေါ့ပေါ့ပါးပါးပဲ ကွက်တိရောက်သွားတယ်။ ပြီးမှ မှောင်တဲ့ ထောင့်ကို ခုန်ဆင်းလိုက်တယ်။ မြန်တယ်။ သွက်တယ်။ အသံတိတ် တယ်။ အစောင့်တွေဆို သိတောင်မသိလိုက်ဘူး။ အဲလောက်တော် သာ။

'ဟင်...'

ဘဏ်ရဲ့ခေါင်မိုးပေါ် လှမ်းအကြည့်။ အရိပ်တစ်ခု ဖြတ်ပြေး သွားတာ တွေ့လိုက်တယ်။ ခဏနဲ့ပျောက်သွားတယ်။ စိတ်ထင်လို့ နေမှာပါတွေးရင်း ထိန်းချုပ်ခန်းရဲ့ဘေး ပြေးကပ်တယ်။



www.burmeseclassic.com

www.burmeseclassic.com


မတွေ့လိုက်ကြဘူး။ လျှင်ပုံမြန်ပုံနှယ်။ အစောင့်တစ်ယောက်က ဝီခနဲအသံကြားတော့ ဘေးကတစ်ယောက်ကို ကပ်ပြောတယ်။

'ခုမှပဲ လေတိုက်တော့တယ်၊ ပူလိုက်တာ၊ လေကလည်း တစ်ချက်ပဲတိုက်တယ်'

'အေးလေ… တစ်ဝီပဲ ဝီတယ်'

တဲ့။ အဲလောက်ထိ လျှင်တာလေ။ ဘေးကဖြတ်ပြေးသွားတာကို လေတိုက်တာတဲ့။ စိတ်ချရပုံ ပြောပါတယ်။ ပြီးမှ နှစ်ယောက်သား တဝါးဝါးသမ်းရင်း ကျောချင်းကပ်ထိုင်လိုက်ကြတယ်။

တေက်ပြား ပြတင်းကနေ ချောင်းကြည့်လိုက်တော့ အထဲမှာ ထိုင်ငိုက်နေတဲ့ လူသုံးယောက်ကို တွေ့ရတယ်။ ပြုံးလိုက်တော့တာ။ ဟုတ်တယ်လေ။ သူတို့လည်း စိတ်ချလက်ချငိုက်ကြမှာပေါ့။

ခေါင်းလောင်းတွေဟာ နံရံရဲ့အပေါ်ဘက်မှာ ကွေးထားတဲ့ သံချောင်းတွေနဲ့ တွဲထားတယ်။ သံချောင်းကွေးနေတာက ကြိုးလေးတွေ ဆွဲထားလို့။ ဆွဲထားတဲ့ကြိုးလေးတွေက နံရံထဲကို ဝင်နေတယ်။

ဟိုက နင်းလိုက်လို့ ကြိုးတင်းသွားရင် ခေါင်းလောင်းမြည်မယ်။ ဒါပဲ။ ရိုးပါတယ်။ ဒါပေမဲ့ ရိုးတာက ပိုဆန်းသလို ပိုထိရောက်တယ်လေ။

ပြတင်းပေါက်ထဲ ဖတ်ခနဲခုန်ဝင်လိုက်ပြီး ဗီရိုဘေးပြေးကပ်တယ်။ မြန်တယ်။ ဘာသံမှကို မကြားရ။ စုစုပေါင်း ခေါင်းလောင်း ဆယ့်သုံးလုံးရှိတယ်။

တေက်ပြား စဉ်းစားတယ်။ ခုန်ဆွဲလို့ရပေမယ့် ခေါင်းလောင်းက အသံမြည်နိုင်တယ်လေ။ အသံမြည်တာနဲ့ အခွင့်အရေးက မရှိတော့ဘူး။ ဒီတော့ အကြံထုတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



စားပွဲရှည်တစ်လုံးနဲ့ ထိုင်ခုံသုံးလုံးရှိတယ်။ ထိုင်ခုံတွေက လူထိုင်နေတယ်။ စားပွဲကြီးကျတော့ မ,လို့မဖြစ်။ ထိုင်ခုံနဲ့ ခုဖြုတ်ရအောင်လည်း လူတွေက ရှိတယ်။ ဘယ်လိုလုပ်ရပါ့၊ ဆို… ကြံတယ်။ ဆင်ကြံ။

တော်တော်ကြာတော့ လူသုံးယောက် စားပွဲပေါ်ခေါင်းတင်ရင်း အိပ်ပျော်သွားကြတယ်။ ဒါပေမဲ့ ခေါင်းလောင်းသံကြားရင် နိုးနိုင်သလို အပြင်ကလူတွေလည်း ကြားနိုင်တယ်။ သွားခိုးလို့ မဖြစ်။

'ဟာ… သိပြီ'

တိုးတိုးရွတ်ရင်း အမှိုက်ကျုံးတဲ့ဂေါ်ပြားကို ယူတယ်။ လူတစ်ယောက်နား ကပ်သွားတယ်။ စားပွဲပေါ်က နံပါတ်တုတ်သုံးချောင်းကိုယူပြီး အသာချထားလိုက်တယ်။

လူတစ်ယောက်ရဲ့ခါးကို တို့ကြည့်တယ်။

'ဟီ… ဟီ…'

ရယ်တယ်။ ဒါပေမဲ့ မနိုးဘူး။ ဒါလောက်ဆို ဖြစ်နိုင်တယ်လေ။ အသာပဲ ဖင်သွားကိုင်တယ်။

'ဟီ… ဟီ… လုပ်နဲ့ဟာ၊ ခိ… ခိ'

ယောကျ်ားကြီးတန်မဲ့ အသံနွဲ့နွဲ့ကြီး ပေါ်လာတော့ ရယ်ချင်သွားတယ်။ နောက်ကနေ ခါးပတ်ကို ဆွဲမြှောက်တယ်။

'ဟီ… ဟီ… ယားတယ်နော်'

လူကတော့ နိုးဘူး။ မြှောက်လာတယ်။ ထိုင်ခုံကို တဖြည်းဖြည်း ဆွဲထုတ်တယ်။ လွတ်ကာနီးကျမှ ခါးပတ်ကို ပြန်ချတယ် ဖြည်းဖြည်း။

ဩော်… အအိပ်ဆတ်ပုံများ။ ဖင်ကို ထိုင်ခုံစွန်းနဲ့မေးတင်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဂေါ်ပြားကိုယူ။ ဖင်အောက်တည့်တည့်ချိန်တယ်။ တစ်ဖက်စွန်းကို ထိုင်ခုံမှာ သာသာတင်တယ်။ နံပါတ်တုတ်သုံးချောင်းကို တစ်ချောင်းစီယူပြီး ဂေါ်ပြားရဲ့သုံးနေရာကို လိုက်ထောက်တယ်။ သေချာမှ ထိုင်ခုံကို ဆတ်ခနဲဆွဲထုတ်လိုက်တယ်။

'အဟိ...'

'ဟူး... တော်ပါသေးရဲ့'

ကွက်တိပဲ။ ဟိုလူက သံဂေါ်ပြားနဲ့ ဖင်ထိလို့ အေးသွားပုံရတယ်။ အဟိဆို ကြက်သီးတောင်ထနေသေးတာ။ ဒါပေမဲ့ အနေအထားက မပျက်ဘူး။

ထိုင်ခုံနဲ့ခုပြီး ခေါင်းလောင်းဆယ့်သုံးလုံးကို လိုက်ဖြုတ်တယ်။ ပြီးမှ ပြုံးလိုက်တယ်။ ဒီခေါင်းလောင်းတွေ မရှိတော့ရင် ကိစ္စက ပြတ်ပြီလေ။ ခေါင်းလောင်းသုံးလုံးကို စားပွဲပေါ်တင်လိုက်တယ်။

'အဟိ'

ဂေါ်ပြားဖင်ခုထိုင်ထားတဲ့ လူကိုကြည့်ပြီး တဟိဟိနဲ့ ရယ်တယ်။ ပြီးမှ ပြတင်းကနေ ကျော်ဆင်းသွားတယ်။ မှောင်ရိပ်ကိုခိုရင်း ဘဏ်ဘေးပြေးကပ်တယ်။

အချိန်က သိပ်မရပါ။ နှစ်ထပ်ပဲရှိတော့ အပေါ်ဝရန်တာကို ခုန်တက်လိုက်တယ်။ ဒီအမြင့်လောက်ကတော့ အပျော့ပေါ့။

တံခါးကို သော့တူနဲ့ဖွင့်လိုက်တယ်။ ဒါပေမဲ့...

'ဟာ...'

တံခါးက ပွင့်လျက်ကြီးပဲ။ အံ့ဩသွားတယ်။ တံခါးကို တွန်းလိုက်တော့...

'ဝိုး...'



www.burmeseclassic.com

www.burmeseclassic.com


'ဟိုက်…'

ပွင့်သွားတဲ့တံခါးကနေ လေတစ်ချက်တိုက်သွားပြီး အမှောင်ထဲကို တစ်ခုခုကျသွားသလို အသံကြားရတယ်။ စိတ်ထင့်သွားတယ်။

ဒါနဲ့ အထဲကို အမြန်ဝင်။ အာမခံသေတ္တာထားတဲ့ အခန်းထဲဝင်လိုက်တယ်။ အာမခံသေတ္တာပိတ်လျက်တွေ့မှ စိတ်အေးသွားတယ်။

'တော်ပါသေးရဲ့၊ မိုးမှောင် ဦးသွားပြီလားလို့၊ အဟဲ'

ပြုံးပြီး သေတ္တာနားကပ်သွားတော့…

'ဟာ… တောက်…'

မျက်နှာကြီးမဲ့သွားတယ်။ သေတ္တာက ဖွင့်ထားပုံရတယ်။ စိတ်ပျက်လက်ပျက်နဲ့ တံခါးဖွင့်လိုက်တော့ ထင်တဲ့အတိုင်းပဲ။ စာရွက်လေးတစ်ရွက် တွေ့ရတယ်။ စာကိုဖတ်ပြီး တောက်ပြားရဲ့ အသံကြီးပေါ်လာတယ်။ ကြိတ်မနိုင် ခဲမရနဲ့ ဒေါသတွေထွက်နေလေရဲ့။

'သူခိုးကောင်… အေး… မင်းနဲ့ ငါ တွေ့ကြပြီပေါ့ မိုးမှောင်ရာ၊ ရာဇဝင်ရိုင်းလိုက်တာ'

စာထဲမှာ ရေးထားတာက…

*ကျေးဇူးပဲ အပေါင်းအသင်းရေ။ ငါလည်း ဘဏ်ထဲဝင်ဖို့ပဲ။ မင်း ခေါင်းလောင်းအဖြုတ်ကို စောင့်နေတာလေ။ အခုတော့ အဆင်ပြေပြီ။ မင်းရဲ့ အဘ သူခိုးကြီး မိုးမှောင်*

… တဲ့လေ။

❖ ❖ ❖


www.burmeseclassic.com

www.burmeseclassic.com


ထုံးစံအတိုင်း ပုလိပ်မင်းကြီးရဲ့ စားပွဲရှေ့ကို အိုင်ပီအောင်နိုင် တို့ငါးယောက် ရောက်နေကြပြန်ပြီ။ မင်းကြီးမျက်နှာက ဆေးနီခြယ်ထားသလိုပဲ။ နီနေပုံ ပြောပါတယ်။

'ဟွန်း… ညံ့တယ်၊ ညံ့တယ်၊ အရမ်း အရမ်းကို ညံ့တယ်'

တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြတယ်။ စားပွဲပေါ်မှာ မသောက်ရသေးတဲ့ ကော်ဖီတစ်ခွက်နဲ့ ပေါင်မုန့်ထောပတ်သုတ်တွေ ရှိတယ်။ စိတ်ထဲမလည်း ဘာညံ့တာမှန်း မသိကြ။

ကပ်ထောင်ရပ်ထောင် ဆရာဖိုန့်က ဘာကိုအတွေးပေါက်သွားတယ်မသိ။ ပြုံးရင်း ပြောတယ်။

'ဩော်… မင်းကြီးရယ်၊ ကော်ဖီမကောင်းတာပဲ လဲပေးမှာပေါ့၊ အားလုံးခေါ်ဆူစရာ မလိုပါဘူး၊ အဟဲ…'

ကလေးလို ချော့ပြောတယ်။

'အင်…'

မင်းကြီးမျက်နှာကြီး မဲ့ရွဲ့သွားတယ်။ မျက်နှာလို မျက်နှာရလှမောင်ကလည်း…

'ဟုတ်ပါတယ် မင်းကြီးရဲ့၊ အဟဲ… ပျာတာ မောင်စိုးကို ခေါ်လိုက်ရင် ရပြီ၊ ကဲပါ… ကျွန်တော်မျိုး လဲပေး… ပေး…'

'တိတ်'

'ဟာင်… ဟုတ်ဘူးလား'

'မောင်မင်းတို့ကို ညံ့တယ်ပြောနေတာ၊ ကော်ဖီကိုပြောတာ မဟုတ်ဘူး'

အိုင်ပီအောင်နိုင်၊ ဦးကိုကိုလေးနဲ့ မောင်ကောင်းတို့ ပြုံးသွားကြတယ်။ မင်းကြီးက ကြိတ်မနိုင် ခဲမရလေသံနဲ့…


www.burmeseclassic.com

www.burmeseclassic.com


'ညက ကျွန်ုပ်တို့ရဲ့ အမှတ် ၂ ဘဏ်ကို ဝင်ခိုးသွားတာ အကုန်ကုန်သွားတယ်၊ အဲဒါကို သိကြလား'

'ဟင်…'

အကုန်မျက်လုံးပြူးကုန်တယ်။ ပြုံးမနေနိုင်ကြတော့ဘူး။ တကယ့်ရာဇဝတ်အိုးကိုမှ ဘယ်သူ ဆေးလိပ်မီးသွားပစ်ထည့်လဲ တွေးနေကြတယ်။ ဦးကိုကိုလေးက ညောင်နာနာလေသံနဲ့ ဝန်ခံတယ်။

'ကျွန်တော်မျိုးတို့ မသိကြပါဘူး'

'ဟွန်း… ညံ့တယ်၊ ညံ့တယ်၊ ညံ့ကို ညံ့တယ်'

ပုလိပ်မင်းကြီးရဲ့ အဆူအဆဲကို ငါးယောက်သား နားဆံ့အောင်ခံနေရတယ်။ ဟုတ်တယ်လေ။ ပြောလည်း ပြောပဲဟာ။ ဒီဘက်နားက ဝင်ပြီး ဟိုဘက်နားက ပြန်ထွက်သွားတာ။ ဒီတော့ ဘယ်လောက်ပဲပြောပြော ဆံ့တယ်။

ထိုင်ပြောရတာ အားရတော့ ထလာတယ်။ တစ်ယောက်ချင်းမျက်နှာနားကပ်ကြည့်ပြီး တစ်ယောက်ချင်းစီ ဆူတယ်။ အိုင်ပီအောင်နိုင်က အဆိုးထဲက အကောင်းကို တွေးနေတယ်။

တော်သေးတာပေါ့။ ဗမာလို ဆူလို့။ အင်္ဂလိပ်လိုဆဲလို့ကတော့ မျက်နှာမှာ တံတွေးချည်းပဲနေမှာဆိုပြီးလေ။

ဦးကိုကိုလေးက တစ်မျိုးတွေးတယ်။ အင်္ဂလိပ်လိုဆူရင် နားသိပ်မလည်တော့ ဆူပေါ့။ တံတွေးစင်တာ ဘာအရေးလဲ။ အခု ဗမာလို မပီမသကြီးဆူဆဲနေတော့ နာတာပေါ့တဲ့။

နှစ်နာရီနီးနီး ဆူပြီးမှ စိတ်ကုန်တဲ့လေသံနဲ့…

'တော်ပြီ၊ မောင်မင်းတို့ကို ပြောရတာ အာညောင်းတယ်၊ ဘွဲ့ဘော တယောသွားထိုးတာမှ ခေါင်းညိတ်ပြဦးမယ်၊ ညော်…


www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ဟိုလူရှော် မင်းမောင်လည်း မတွေ့ပါလား။ သင်းကိုလည်း ပြောလိုက်ကြ၊ မိုးမှောင်ကို မပါမချင်း ရုံးထဲဝင်မလာနဲ့လို့'

'ရက်စ်' (သံပြိုင်)

'အခု ခိုးတာလည်း မိုးမှောင်ပဲဖြစ်ဖို့များတယ်၊ ဒီတော့ မောင်မင်းတို့လည်း ဝိုင်းဝန်းကြိုးစားကြပါ'

'ရက်စ်' (သံပြိုင်)

မင်းကြီးက ခေါင်းကိုယမ်းတယ်။ စိတ်ပျက်လက်ပျက် ညည်းတယ်။

'ဟင်း… အိမ်မှာ ပကျီပကျီလုပ်လို့ နားပြဿနာတက်တယ်၊ ရုံးမှာ နားအေးအေးနေရတာ တစ်ရက်မပြည့်သေးဘူး၊ စုံထောက်မင်းကြီးက ကျွန်ုပ်ကို ငါးမိနစ်တစ်ခါ ဖုန်းနဲ့ ပကျစ်ပကျစ်လုပ်နေတယ်၊ ဟွန်း… စိတ်သေသာ သေလိုက်ချင်တယ်၊ ဒီအတိုင်းဆို လမ်းပေါ်မှာ နေမှ ရမယ်'

'ဟီ… ဟိ'

ဘယ်လောက်ပဲပြောပြော အမှတ်က မရှိ။ ကြိတ်ရယ်ကြတယ်။ ဒီအချိန်မှာပဲ စားပွဲပေါ်က ဖုန်းထမြည်တယ်။

'ကလင်… ကလင်… ကလင်'

ဝေ့ကြည့်တယ်။ ပြီးမှ ပြောတယ်။

'မောင်မင်းတို့ မပြန်ကြနဲ့ဦး၊ စုံထောက်မင်းကြီးဆီက ထင်တယ်၊ ကျွတ်… စိတ်သေချင်တယ်၊ ကျွန်ုပ်ကို ပကျစ်ပကျစ်လုပ်လို့ကတော့ မောင်မင်းတို့ ရာထူးကျဖို့ပြင်ထား'

'ဟင်…'

'ဘာမှလည်း မဆိုင်ဘူး'



www.burmeseclassic.com

www.burmeseclassic.com


ကိုယ်စီကိုယ်င မျက်နှာလေးတွေ ငယ်လို့။ မင်းကြီးက ထိုင်ခုံမှာ ပြန်ထိုင်။ ဖုန်းကိုင်ပြီး ဟဲလိုလိုက်တယ်။

❖ ❖ ❖

ဆားပုလင်းမင်းမောင် ရုံးထဲ လေလေးတချွန်ချွန်နဲ့ ရင်ကော့ဝင်လာတယ်။ ပျာတာမောင်စိုးက တိုးတိုးဆိုတဲ့သဘောနဲ့ လက်ညှိုးပါးစပ်နားကပ်ပြတယ်။

'ဟင်… ဘာလဲ'

'ခင်ဗျား လက်ဖက်ခြောက်ထုပ်ပါလား'

'ဟာ… ငါက လက်ဖက်ခြောက်ထုပ် ဘာလုပ်ရမှာလဲ'

မေးတော့ မောင်စိုးက အ,ရန်ကောဆိုတဲ့အကြည့်နဲ့ ကြည့်တယ်။ မင်းမောင် ကလည်း နဂိုတုံးမို့လား။

'ဘာလုပ်ရမှာလဲ၊ ခတ်ဖို့ပေါ့'

'ဟင်… ဘယ်မှာတုံး'

'မင်းကြီးပေါ့၊ တစ်မနက်လုံး ထိုင်ဆူနေတာ ဟိုလူကြီးငါးယောက်တော့ ခုချိန်ထိ ပြန်မထွက်လာဘူး၊ ဒါကြောင့် လက်ဖက်ခြောက်ထုပ် မေးတာ'

'ဟေ… အဲလိုလား'

ဆားပုလင်းမင်းမောင် မျက်နှာငယ်သွားတယ်။ ပုလိပ်မင်းကြီးက ဗမာစကားတတ်တော့ ပြောရင် နာတာလေ။ သူ့ဟာသူ အင်္ဂလိပ်လို ဆဲတာ ဆူတာ အကြောင်းမဟုတ်။ မသိယောင်ဆောင်နေ ရတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့လဲဟင်'

'ဟာ... ဆားပုလင်းဖြစ်ပြီး ဒါတောင်မသိဘူးလား'

'ဟာ... မသိလို့ပေါ့ဟ'

'ကျုပ်ပျာတာတောင် သိတယ်'

'ဟော...'

မင်းမောင်က အရမ်းသိချင်နေတယ်။ ဒါနဲ့ ဆေးလိပ်တစ်လိပ် ပေးတိုက်လိုက်မှ ပြောတယ်။

'ညက ဘဏ်ကို သူခိုးဝင်မ,သွားလို့တဲ့'

'ဟိုက်... ဟုတ်လား'

မင်းမောင် ခေါင်းနပန်းကြီးသွားတယ်။ တကယ်ကို ဆိုးဆိုး ဝါးဝါးကြီးပဲလေ။

'ဘယ်ဘဏ်လဲ'

'အမှတ် (၂) ဘဏ်တဲ့၊ မင်းကြီးပြောတာ ကြားတာပဲ'

'ဟိုက်... သေပြီ'

မင်းမောင် တက်ချင်ချင်ဖြစ်သွားတယ်။ အမှတ် (၂)ဘဏ်က စုံထောက်မင်းကြီးရဲ့ဘဏ်။ သူက ရှယ်ယာအများဆုံးလေ။ မောင်စိုး က...

'ဘာလဲ... ခင်ဗျား အဆူခံချင်ရင် ဝင်လေ၊ အဟဲ'

'ဟာ... ဝင်တော့ဘူး'

'ဒါဆို ဘာလာလုပ်တာလဲ'

'အဟဲ... ဟိုလေ... ဟို...'

မင်းမောင် ပြန်ပြေးချင်နေပြီ။ တော်တော်ကြာ ကိုယ်ပါ အဆဲ ခံနေရမှာ။ ဒါနဲ့ မောင်စိုးကို မျက်နှာချိုသွေးရင်း စီးကရက်နေဘက် တစ်လိပ် ထပ်ပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com


'အဟဲ… ရှေ့… သောက်၊ ဟိုလေ မင်းကြီးမေးရင် ကျုပ် မလာဘူးပြောနော်'

'ဖြစ်ပါတယ်ဗျ၊ ကျုပ်ကို ဆေးလိပ်ပေးတာပါ မပြောဘူး'

'အေး… ကောင်းတယ်၊ ဘာမှကို မပြောနဲ့၊ ငါ့ကိုမေးရင် အမှုလိုက်နေတယ်ပြော၊ ကြားလား၊ လစ်ပြီ'

'ကောင်းပါပြီဗျာ၊ ဒါပေမဲ့ နောက်တစ်လိပ်ပေးမှ'

'ဟာ… ရပါတယ်၊ ရှေ့… ယူသာထားလိုက်'

မင်းမောင်လည်း ဆေးလိပ်တွေ အကုန်ပေးခဲ့တယ်။ မောင်စိုးက အူယားဖားယားပြန်ပြေးသွားတဲ့ မင်းမောင်ကိုကြည့်ပြီး ပြုံးလိုက်တယ် ။ ဒါမျိုးတွေလေ။

❒ ❒ ❒


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ဆားပုလင်းမင်းမောင်ရဲ့ အိမ်ရှေ့ကိုရောက်တော့ အိုင်ပီအောင်နိုင် ကားကိုရပ်လိုက်တယ်။ ဒီအချိန်မှာပဲ အိမ်ထဲကနေ တယောသံကို ကြားလိုက်ရတယ်။

အနုပညာကို ခံစားတတ်တယ်လို့ ယူဆထားတော့ မျက်လုံးကိုမှိတ်ရင်း အပီနားထောင်တယ်။ အသံက ချိုနွဲ့စွာနဲ့ ထွက်နေတယ်။ ဒါပေမဲ့ စိတ်က မင်းမောင်အကြောင်း တွေးနေတယ်။

နှစ်ကိုယ်တည်း။ လူကတော့ လူပျိုကြီးပါ။ တစ်မျိုးမတွေးကြပါနဲ့။ အောင်ကြီးဆိုတဲ့ တပည့်တစ်ယောက်ကို ကျောသပ်မွေးထားလို့လေ။ ကျောသပ်တယ်ဆိုတာ အကောင်းတော့ မဟုတ်။

လုပ်လိုက်ရင် တလွဲချည်းပဲမို့ အမြဲကျောထုတာ ခံရတယ်။ ထားတော့။ မင်းမောင်က ဘာကိစ္စပဲဖြစ်ဖြစ် အကုန်ရတယ်။ ဆိုပါစို့။ ဂီတပွဲဆိုလည်း သွားလိုက်တာပဲ။ လေလံပွဲဆိုလည်း ဝင်ဆွဲလိုက်တာပဲ။ နွားပွဲဆိုလည်း လောင်းလိုက်တာပဲ။

မသိတာ မတတ်တာမရှိဘူးလို့ ကိုယ့်ဘာသာ ခံယူထားတယ်။ တွေးရင်း ပြုံးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းလိုက်တဲ့ လက်သံ'

ပါးစပ်ကနေ ထုတ်ချီးမွမ်းတယ်။ ဒီတုန်းမှာပဲ…

'ဗွီ… ဂေါ်…'

'ဟင်… ဘာလဲဟ'

တဗွီဗွီ တဂေါ်ဂေါ်နဲ့ အသံရုပ်သွားတယ်။ ဒါနဲ့ သီချင်းဆုံးပြီထင်လို့ တံခါးဆီသွားပြီး ခေါက်လိုက်တော့…

'ဒေါက်… ဒေါက်… ဒေါက်…'

'ဝင်ခဲ့ပါ အိုင်ပီ၊ တံခါးက စေ့ထားတာ'

အိုင်ပီအောင်နိုင်က တံခါးကိုဖွင့်ဝင်လိုက်ပြီး အပြုံးနဲ့ ချီးမွမ်းတယ်။ မင်းမောင်က ကျောပေးထားတယ်။

'ဟာ… ဒါကြောင့်လည်း ဆားပုလင်းမင်းမောင်ဆိုပြီး နာမည်ကြီးနေတာကိုး၊ ဘယ်လိုသိလဲ'

'ဒါများ အလွယ်လေး၊ ဒီကိုလာမယ်ဆိုတာ တွက်ကြည့်မှ နှစ်ယောက်ပဲရှိတာ၊ အောင်ကြီးဆို ပြန်လာရင် တိတ်တိတ်လေးခိုးဝင်တာ၊ အဝတ်လျှော်ကုလားဆို အားကိုကြီးလို့ အသံပြဲကြီးနဲ့ ခေါ်တာလေ၊ အဟဲ… ဒါပေမဲ့ ဒီလို တံခါးခေါက်တတ်တာ အိုင်ပီပဲရှိတာကိုး'

'တော်ပါပေ့ ကိုမင်းမောင်၊ ဒါနဲ့ တယောသံကောင်းလှချည်လား'

'ဟင်… ဘယ်မတုံး'

ဆားပုလင်းမင်းမောင်က အိုင်ပီအောင်နိုင်ဘက် လှည့်လိုက်တယ်။ ယောင်ပေပေနဲ့လေ။

'ကိုယ့်ဆရာက ရှက်နေပြန်ပြီ၊ စောစောက ကြားပါတယ်ဗျ၊



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တောင် ရပ်နားထောင်မိတယ်၊ နို့… နေပါဦး၊ တယောကြိုးပြတ်သွားတာလား’

‘ဟာ… ဘယ်ကလာ’

မင်းမောင် မျက်နှာကြီး မဲ့ရွဲ့သွားတယ်။ လက်ထဲကိုင်ထားတဲ့ နှံကြီးကို ထောင်ပြလိုက်ပြီး…

‘လွဲပဟာ၊ ကျုပ်နဲ့ပေါင်းလို့လား မသိဘူး၊ တယောထိုးတာ မဟုတ်ဘူး၊ နှံမှုတ်နေတာ’

‘ဟမ်…’

အိုင်ပီအောင်နိုင် ပါးစပ်ပြဲသွားတယ်။ ဒါကြောင့် အသံက ရှုတတဖြစ်နေတယ်ထင်နေတာ။ ရှက်နေလေရဲ့။

‘ခင်ဗျား ကြားလိုက်တယ်မို့လား၊ ဂွိဂွမ်ဆိုတာ အဲဒါ လျှာကပ်လို့ အသံပျက်သွားတာဗျ’

‘သြော်… အဲလိုကိုး’

‘ခင်ဗျားဗျာ… ပြောတော့ ဂီတခံစားတတ်တယ်ဆို၊ နှံနဲ့ တယောတောင် မကွဲဘူးလား’

‘အဟဲ… ဒါက ဖြစ်ရိုးဖြစ်စဉ်ပဲလေ၊ ဒါထား၊ ဒီနေ့ ကျုပ်တို့…’

‘အဆူခံထိတယ်ဆိုပါတော့’

‘ဟာ… သိသွားပြန်ပြီ၊ တော်ပါပေ့’

‘ဟင်း… ဟင်း… ဒါက အသေးအဖွဲပါ’

မင်းမောင် မိန့်မိန့်ကြီးပြုံးရင်း ပနာယူတယ်။ အမှန်တော့ မောင်စိုးပြောလို့ သိပြီးသား။

‘ဘဏ်ကို သူခိုးဝင်လို့မို့လား’



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… သိပြန်ပြီ'

'အဟွင်း… သိပြီလားဗျာ'

'ဘယ်သူပြောလဲ'

'မောင်စိုး… အဲလေ… ကျုပ်က စုံစမ်းထားတာကိုဗျ'

'ဒါပေမဲ့ ခင်ဗျား မသိတာရှိသေးတယ်'

'ဟင်… ဘာလဲ'

'မင်းကြီးက ပြောတယ်၊ တရားခံကိုမမိဘဲ ရုံးရဲ့အရိပ်တောင် နင်းနဲ့တဲ့ ခင်ဗျားကို'

မင်းမောင်မျက်နှာကြီး မဲ့ရွဲ့သွားတော့တာ။ အိုင်ပီအောင်နိုင်က မျက်နှာငယ်နဲ့ ပြောတယ်။

'ပြီးတော့ တစ်လအတွင်းမှမမိရင် ကျုပ်တို့ကို ရာထူးချမယ်တဲ့'

'ကောင်းတယ်၊ အဲလေ… မကောင်းဘူး'

'ကယ်ပါဦး ကိုမင်းမောင်ရယ်'

'အဟွင်း… ဟွင်း…'

မင်းမောင် မိန့်မိန့်ကြီးပြုံးတယ်။

မသိရင် ဆရာပေါ့။

'ကိုအောင်နိုင်ရဲ့ ဒါက ဒီလိုရှိတယ်ဗျ'

'ဩော်… ဟုတ်လား'

အိုင်ပီအောင်နိုင်က ယောင်တောင်တောင် ခေါင်းညိတ် လိုက်တော့…

'ဟိုဟာက ဟိုလိုရှိပြီး ကျန်တာက သူ့ဟာသူရှိတယ်လေ'

'ဟင်… အဲလို၊ ဟာ… မနောက်ပါနဲ့ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



အိုင်ပီအောင်နိုင်က အဟုတ်မှတ်လို့ နားထောင်နေတာလေ။ မင်းမောင်မျက်နှာကြီး ငိုမဲ့မဲ့ဖြစ်သွားတယ်။

'ကျုပ်လည်း ကယ်ချင်တာပဲ။ ဒါပေမဲ့ မိုးမှောင်ကို ဖမ်းမယ့်အစား ကျားဖင်သာ ပြေးနိုက်လိုက်ချင်တော့တယ်'

'ဟင်… ဘာလို့လဲ'

စွေကြည့်တယ်။

'ဟာ… သူက ညဘက်ပဲထွက်တာ၊ အသားကဲ မည်းတကာ့အမည်းကြီး၊ ဘာမှကို မမြင်ရဘူး၊ အရင်တစ်ခေါက်ကတော့ ကံစွပ်ပြီး မိသွားတာ၊ ဒါတောင် သူ့ရယ်လိုက်လို့၊ မဟုတ်ရင် ဖမ်းမရဘူး'

'အဟင့်… သူ့အားကိုးပါတယ်ဆိုကာမှ'

နှစ်ယောက်သား ယောက်ျားကြီးတွေပီပီ မငိုရုံတမယ် ညည်းနေကြတယ်။ မင်းမောင်က သေခါနီးမသာ ကင်းကိုက်ခံရသလို ညည်းတယ်။

'အချိန်တစ်လတဲ့ နည်းလိုက်တာ၊ တောက်… ဘာလို့လွှတ်လိုက်လဲ မသိဘူး၊ နှစ်စေ့တာပဲ မသိယောင်ဆောင်နေ ရတဲ့ဟာကို'

ဘာမှကိုမဆိုင်ဘူး။ ကိုယ့်ဟာကိုယ် မဖမ်းချင်တိုင်း သူများကို အပြစ်ဖို့တယ်။ တတ်တာ ပြောပါတယ်။ အိုင်ပီအောင်နိုင်က တစ်ခုခုကို သတိရသွားတဲ့ပုံနဲ့ ပြောတယ်။

'ဟာ… ခုမှသတိရတယ်၊ ဟိုစောရင်တက်ပြားလည်း လွတ်လာပြီဆိုလားပဲ'

'ဟိုက်… သေပြီ၊ အံမယ်လေး… အမေရဲ့'

မင်းမောင် တကယ်သေချင်သွားတာ။ တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com


ပြောတော့ အောင်ကြီးက ဆရာပြုံး ပြုံးတယ်။

'အခုပြန်လာတော့ သတင်းတစ်ခုရခဲ့တယ်'

'ဟာ… ဟုတ်လား'

'ဟုတ်တယ်၊ တရုတ်တန်းမှာ မိုးမှောင်ကို တွေ့ခဲ့တယ်တဲ့'

'ဟင်… ဟုတ်ဘဲနဲ့'

'ဟုတ်ပါတယ်ဆိုမှ'

အံ့သြသွားတယ်။ မိုးမှောင်တို့ ကြွေးကြော်ထားတာတော့ ရှိတယ်။ ဟုတ်လား၊ မဟုတ်လားတော့ သူကိုယ်တိုင်ပဲ သိမှာ။ ခိုးလို့ရတဲ့ပစ္စည်းတွေကို ဆင်းရဲသားတွေအတွက် လှူတယ်ဆိုပဲ။

'ဟင်… ပြောတော့ ဆင်းရဲသားတွေအတွက်ဆိုပြီး ဘယ့်နှယ် ဇိမ်ခန်းတွေ၊ ဘိန်းခန်းတွေရှိတဲ့ တရုတ်တန်းကို ရောက်သွားရတာလဲဟ'

'ဒါတော့ အဲမှာလည်း ဆင်းရဲသားတွေ ရှိချင်ရှိမှာပေါ့'

'ဟင်… ဟုတ်သား'

ဒါနဲ့ပဲ မင်းမောင်မျက်နှာကြီး ပြုံးသွားတယ်။

ချီးမွမ်းတယ် အောင်ကြီးကို။

'တော်တယ်၊ တစ်ယောက်တည်းသော ငါ့တပည့်ထဲမှာ မင်းအတော်ဆုံးပဲ'

'အဟဲ… တော်ရမယ်လေ၊ အင်… ဟာဗျာ… မနောက်ပါနဲ့'

'အဟဲ… ချစ်လို့စတာပါကွာ၊ ဒီည ဒီကောင့်ကို အသေအချာ ခမ်းရမယ်၊ အဟား… တွေ့ပြီပေါ့ကွာ'

ဆရာတပည့်နှစ်ယောက် ပြုံးပြုံး ပြုံးပြုံးနဲ့ အိမ်နောက်ဖေး


www.burmeseclassic.com

www.burmeseclassic.com


'ဘာ…'

အသံကြီး ဆောင့်အောင့်ထွက်လာတယ်။' အောင်ကြီးက မျက်နှာငယ်လေးနဲ့လေ။

'ကောင်းကွာ… ဘယ့်နှယ် မင်း ဟန်ဆောင်ပန်ဆောင် ဘယ်နှခွက်သောက်လို့လဲ'

'အဟဲ… သုံးလုံးနဲ့တစ်ပိုင်း'

'ဘာကွ… ဟန်ဆောင်သောက်တာ သုံးလုံးဆိုတော့ မင်း မှောက်တာတောင် နည်းသေးတယ်၊ ဘယ့်နှယ်… တပည့်လေးတစ် ယောက်ရှိတာ အားကိုးရမယ်မှတ်တယ်၊ အလကား ဖွတ်နဲ့ကျား စပ်ကျ ထားတဲ့ဖွတ်ကျားပဲ'

'ဟိ… ဟိ…'

ဒါလောက်ပြောတာတောင် မျက်နှာပြောင်ကြီးကို ပြုံးထား တယ်။ မင်းမောင်က ပထွေးသံနဲ့ ဟောက်တယ်။

'တပည့်မကောင်း ဆရာ့ခေါင်းတဲ့၊ မင်းမကောင်းတော့ ငါ ခေါင်းစားတယ်'

'ဟွန်း… ဘာမှလည်းမဆိုင်ဘူး'

ထပ်တွန့်တက်တယ်။ ဟုတ်တယ်လေ။ ဆိုင်မှမဆိုင်တာ။ ဒါပေမဲ့ မရဘူး။ အတင်းဆိုင်တယ်။

'ဘယ့်နှယ်… သူခိုးတွေဖမ်းဖို့ သူ့ကို စုံစမ်းခိုင်းထားတာ၊ ခုချိန်ထိ ဘာမှလည်း မသိရသေးဘူး၊ ကောင်းကွာ… ဒီလိုကောင်မျိုး အားကိုးရဦးမှာ'

'အဟဲ… မရဘူး ဘယ်သူပြောလဲ'

'ဟင်… မင်းပဲ မူးပြီးမှောက်သွားတယ်ဆို'



www.burmeseclassic.com

www.burmeseclassic.com


ညဥ့်အတော်နက်နေပြီ။ လမ်းပေါ်က ခွေးလေခွေးလွင့်တွေ တောင် နေရာကောင်းယူပြီး နှပ်ကုန်ပြီ။ လူဆို ဝေလာဝေးရော။ ဒါပေမဲ့ ညစ်ပတ်နေတဲ့ လမ်းကြားလေးထဲမှာ လန်ချားသမားတစ် ယောက် ထိုင်ငိုက်နေတယ်။

ဒီအချိန်ထိ မပြန်သေးဘဲ တစ်ယောက်တည်းကျန်ခဲ့တာ ဘာလို့လဲ။ ဟုတ်ကဲ့… အံ့နှာခမရသေးလို့လား။ သောက်စရာအရက် ဖိုး မကျန်လို့လား။ ဒါမှမဟုတ် မိန်းမအတွက် ပိုက်ဆံမရသေးလို့ လား။ မေးမယ်ဆို လားပေါင်းများစွာပဲ။

ဒါပေမဲ့ မဟုတ်ဘူး။ ငိုက်ချင်ယောင်ဆောင်ပြီး မျက်လုံးတွေ က ဇိမ်ခန်းဘက်ကို ချောင်းနေတယ်။ တစ်ချက်တစ်ချက် ခိုးခိုးခစ် ခစ်ရယ်တဲ့ မိန်းမသံတွေရယ်။ နောက်´မာန်ပါတဲ့ ယောကျ်ားတွေရဲ့ ရယ်သံတွေ ကြားနေရတယ်။

မနီးမဝေးမှာ လူမိုက်တစ်စု အရက်ထိုင်သောက်နေကြတယ်။ ဒါက မဆန်းပါ။ ခြေသလုံးအိမ်ပါပေမယ့် အိမ်မရှိ ယာမရှိလူတွေဟာ ဒီလိုပဲ။ ဇိမ်ခန်းတွေကို အကာအကွယ်ပေးတတ်ကြတယ်။

ဒါမှ ပိုက်ဆံလည်းရ၊ နေစရာလည်း ရပေါ့။ ဒီအခြေကို ကြံမြင်တဲ့ မင်းမောင်ဟာ လန်ချားသမားယောင်ဆောင်ရင်း ချောင်းနေ တယ်။ ဒီအတိုင်း ရုပ်တည်နဲ့ ဝင်ဖမ်းတယ်ထား။

'ဟွင်း… ဟွင်း… မင်း ဘယ်ပြေးမလဲ မိုးမှောင်၊ ငါ မင်းပထွေး မင်းမောင်လေ'

ဆို အသက်နဲ့ကိုယ် အိုးစားကွဲသွားမယ်။ နဂိုကမှ ပုလိပ်ဆို ဘယ်လူမိုက်မှ ကြည့်မရ။ ပုလိပ်ကလည်း လူမိုက်တွေများရင် ပါး တယ်။ မသိယောင်ဆောင်နေတာ။ အဲ… အင်အားများလို့ကတော့

www.burmeseclassic.com


လှုမိုက်ဖျားသွားအောင် ဖြဲခြောက်တာလေ။ ထားတော့။ အခု မင်းမောင် ပြောင်မဖမ်းရဲတာနဲ့ လန်ချားသမားယောင်ဆောင်နေတယ်။ မိုးမှောင် လာရင် လန်ချားစီးမယ်။ ဒါဆို သေချာပြီ။ ဒီကနေ ခေါ်ထုတ်။ လူမိုက်ရှင်းတဲ့နေရာရောက်ရင် ဆွဲစေ့လိုက်ရုံပဲ။

'အမယ်လေး… ဆားပုလင်းမင်းမောင်ရဲ့၊ တော်လှချည်လား၊ ဝါး… ဝါး…'

မိုးမှောင် ထိုင်ပါငိုသွားမယ်။ တွေးနေတာ ပြောပါတယ်။

တစ်ချက် တစ်ချက် ခြင်ထောင်သံနဲ့ ထထရယ်လိုက်တဲ့ မိန်းမသံတွေကြားရင် ဣန္ဒြေမရဖြစ်လာတယ်။ ဂနာမငြိမ်တော့ဘူး။ လူကလည်း လူပျို။ ပိုးကလည်း ပိုးချင်တာလေ။ ပြီးတော့ နေရာ တကာ နန့်ကနန့်တတ်သေးတယ်။

ဒီတော့ မ,ဆို အကောင်လိုက်မပြောနဲ့၊ အသံကြားတာနဲ့တင် ငေါက်ခနဲထချင်လာပြီ။ တလွဲမတွေးပါနဲ့။ ထိုင်နေရာကနေ ထချင်တာ ကို ပြောပါတယ်။

အခုလည်း အသံကြားတာနဲ့တင် မျက်လုံးဆို အရောင်လဲ့ပြီး တံတွေးကို တဂုဂုနဲ့ မျိုချတယ်။ တကယ်တော့ မင်းမောင် ဒီလိုနေရာ တွေကို မလာချင်ပါ။ လာတဲ့အခါဆိုလည်း အထဲဝင်ရမှ။ အခု အပြင် ကနေ အသံပဲကြားရတော့ အားမလိုအားမရနဲ့ တင်းနေတယ်။ မိုးမှောင် ကိုလေ။

'ဘယ့်နှယ်ကွာ… တော်ရုံပေါ့၊ တောက်… စောင့်ရတာ သုံးနာရီလောက်ရှိပြီ၊ အေးလေ… ဒါလည်း ကောင်းတာပဲ၊ အပြင် ရောက်ရင် အလွယ်ဖမ်းလို့ရတာပေါ့၊ အဟဲ… မူးတော့ ဘယ်ပြေး နိုင်တော့မလဲ၊ ဒီကောင်က သောက်လုံးကြီးတယ်'


www.burmeseclassic.com

www.burmeseclassic.com



အကောင်းဘက်ကတွေးရင်း ပြုံးလိုက်တယ်။ အထဲမှာ အရက်ဘား၊ ဘိန်းခန်း၊ ဖိမ်ခန်းတွေ အစုံရှိတော့ ဘာပဲဖြစ်ဖြစ် အပြင်ရောက်ရင် ဒီကောင် တစ်ခုခုကြောင့်တော့ မူးလာရမှာပဲ။ အပိုင်တွေးတယ်။

အချိန်အတော်လင့်မှ ယိုင်ထိုးထိုးနဲ့ လူတစ်ယောက် ထွက်လာတယ်။ နောက်က မီးရောင်ခံနေလို့ မည်းမည်း မည်းမည်း လှုပ်လှုပ်လှုပ်လှုပ်နဲ့ လူမှန်းသိတာ။ မီးရောင်သာမရှိလို့ကတော့ ဘာမှတွေ့ရမှာမဟုတ်။

'ဟော... လာပြီ'

မင်းမောင် ကြိတ်ပျော်သွားတယ်။ ပုံစံကြည့်တာနဲ့တင် လက်ထိတ်ခတ်စရာမလိုမှန်း သိလိုက်တယ်။ မိုးမှောင်က လန်ချားကို လှမ်းခေါ်တယ်။ အာကလေးပြီး လျှာက မ,မရတော့ မပီဘူး။

'အေ့... ဟေ... နံပြား'

'လာပြီ ဆပ်'

မင်းမောင်လည်း လန်ချားကိုမပြီး အသာပဲပြေးသွားတယ်။ မိုးမှောင်က လူမိုက်တွေကို လှမ်းရယ်ပြတယ်။ ဟိုဟာတွေကလည်း သွားကိုမြင်သွားတော့ ပြန်ရယ်ပြကြတယ်။

လန်ချားပေါ် ယိုင်တိုင်တိုင် တက်ထိုင်လိုက်တာ။ တစ်ခါတည်း ခွေသွားတယ်။ မျက်လုံးကို အတင်းဖြဲထားတယ်။

'ဘယ်သွားမလဲ ဆပ်'

'ဟော့ကောင်... ငါ့နာမည် ဆပ်မဟုတ်ဘူး'

'ဘယ်သူလဲ'

'မိုး... မှောင်... ကွ'

'ဟုတ်ပါပြီ၊ ဘယ်သွားမလဲ'



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ စဉ်းစားတယ်။ ဘယ်သွားရ ကောင်းမလဲပေါ့။ စောရဆိုတော့ နေစရာတွေက များတယ်။ ဟိုတယ်တွေမှာ နေတတ်သလို ဇရပ်တွေမှာလည်း အိပ်ရတာပဲ။ အခုတလော တောက်ပြားက လည်း တကောက်ကောက်လိုက်နေလေတော့ ဘယ်မှမသွားချင်ဘူး။ ဒါနဲ့…

'ဟာ… ရောက်ရာသာသွားကွာ၊ အေ့… တစ်ညလုံး ပတ်ဆွဲလည်း ကောင်းတာပဲ'

မင်းမောင် ပျော်သွားတယ်။ ဒီအတိုင်း ဂါတ်ထဲအထိဆွဲသွားရုံပဲလေ။ အပြုံးနဲ့အတူ လန်ချားကို စဆွဲရင်း ပြေးလိုက်တယ်။

'ဒေါက်… ဠပ်… ဒေါက်… ဠပ်…'

'ဟွန်… ဘူတူလဲ'

ပြဿနာက စပြီ။ လန်ချားဆွဲတဲ့ လူတန်းစားက ရှူးဖိနပ်မှ မစီးနိုင်တာ။ အခု ဖိနပ်သံကြီးထွက်လာတော့ ခေါင်းထောင်ကြည့်တယ်။

'အံမယ်… လန်ချားသမားဖိနပ်က တယ်မြင့်ပါလား'

'အဟဲ… ကောက်ရထားတာပါ'

ဆိုတော့ စွေကြည့်တယ်။ မျက်နှာမမြင်ရဘူး။ ဦးထုပ်ကြီးနဲ့ ကွယ်ထားတယ်။ ဒါတောင်မှ ပြောသေးတာ။

'ဟွန့်… ကောက်ရတာတော့ မဖြစ်နိုင်ဘူး၊ အေ့… မင်း အလစ်သုတ်ထားတာ ဖြစ်ရမယ်၊ ဟုတ်တယ်မို့လား၊ အဟဲ… ရုပ်ကိုက အလစ်သမားရုပ်'

'သေစမ်း'

မင်းမောင်မျက်နှာကြီး မဲ့သွားတယ်။ သူခိုးကပဲ သူပြန်ဟစ်



www.burmeseclassic.com

www.burmeseclassic.com


'ဘူတူနဲ့'

'မင်းမောင်၊ ဆားပုလင်းမင်းမောင်'

'ဩော်… အဲကောင်လား၊ အဟား…'

'ဟွန်း…'

လောင်ရယ်နေတာနဲ့ တင်းသွားတော့တာ။ မိုးမောင်က မထိ ဟန်နဲ့။

'ဒီကောင့်အကြောင်း မပြောစမ်းပါနဲ့၊ ဂရုစိုက်စရာ လိုမှမလို တာ'

'ဟာ…'

ဖြုံသွားတယ်။ ဟုတ်တယ်လေ။ ဒါလောက်သောက်သောက် လဲမူးတာတောင် ဂရုမစိုက်ဘူးတဲ့။ ဒါနဲ့ ညောင်နာနာမေးတယ်။

'ဘာလို့လဲဟင်'

'ဟာ… ခင်ဗျားဗျာ၊ ဒါလောက် ထတောင် မထနိုင်မှတော့ သူလာလည်း လာပေါ့၊ ကျုပ်က ဂရုစိုက်စရာမှ မလိုတာ၊ ဟုတ်တယ် လေ၊ ဖမ်းချင် ဖမ်းပေါ့၊ ပြေးမှမရတဲ့ဟာ'

'အဟု…'

မင်းမောင် မဲ့သွားတယ်။ ဟုတ်တယ်လေ။ ဂရုမစိုက်ဘူးဆို လို့ ဘာများလဲဆို လန့်နေတာ။ ဒါနဲ့ ခွေးမှန်းသိအောင် အမြီးနန့်ပြ။ အဲ… မှားလို့။ ကြက်ဖမှန်းသိအောင် အမောက်တော့ ထောင်ပြဦးမှ ဦး။

'ဟွင်း… ဟွင်း… ငါ ဘယ်သူလဲ၊ ကြည့်လိုက်စမ်း'

ဦးထုပ်ကိုမရင်း မေးတော့ လှမ်းကြည့်တယ်။

'ဘူတူရဲ'


www.burmeseclassic.com

www.burmeseclassic.com


တစ်လုံးစီ၊ အဟဲ… ဝေပေးဖူးတယ်၊ အဲတစ်ခါပါပဲ၊ ကျုပ်မှာ ပီတိတွေကိုဖြစ်လို့၊ အဟိ…'

'ဟမ်…'

မင်းမောင် တင်းသွားတော့တာ။ ဟုတ်တယ်လေ။ အတော်ကို ရက်ရောတာဆိုတော့ ဆောင့်ဆောင့်ကန်ချင်လာတော့တာ။ မိုးမှောင်ကတော့ မြိန့်မိန့်ကြီးပြုံးပြီး ဆက်ပြောတယ်။

'ကျုပ်မှာ သူတို့ကိုကြည့်ပြီး ပျော်လိုက်တာ၊ တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မလှူခဲ့မိဘူး၊ ကြည့်စမ်း၊ ဒါကြောင့် ဘုရားလူကြီးတွေ ပြောပြောနေတာ၊ အလှူအတန်းဟာ လူတွေရဲ့စိတ်ကိုပျော်မွေ့စေတယ်ဆိုတာလေ၊ အဟိ…'

'ဟွန်း… အတော်ကုသိုလ်ရဦးမှာ'

'ဒါပေါ့ကွာ၊ အဟဲ… ငါသေရင် နတ်ပြည်ရောက်မှာကွ၊ အဟား…'

'ငါနော်'

မျက်နှာကြီးကို ဖြတ်ဖြတ်ရိုက်ချင်လာတယ်။ စိတ်ကို မနည်းထိန်းထားရတယ်။ ဒါနဲ့…

'ခင်ဗျား ထနိုင်သေးလား'

'ဟာ… မင်း စဉ်းစားကြည့်၊ ငါသွားတဲ့နေရာကို ခုချိန်ဘာမှကို မထနိုင်တော့တာ၊ အဟဲ… မတ်တတ်ရပ်ဖို့ ပြောပါတယ်'

'အဟင်း… ကောင်းတယ်'

သဘောကျသွားတယ်။ ဒါဆို သေချာပြီလေ။ သွေးတိုးစမ်းသလို မေးတယ်။

'ဒီအချိန်မှာ ခင်ဗျား ဆားပုလင်းမင်းမောင်နဲ့ တွေ့တယ်ဆိုပါစို့၊ ဘာလုပ်မှာလဲ'


www.burmeseclassic.com

www.burmeseclassic.com


'မင်းမောင်... အဟဲ... မင်းနဲ့က နောက်မှရှင်း၊ ငါနဲ့က ရှင်းစရာရှိလို့ ခဏခေါ်သွားဦးမယ်'

'ဟင်...'

ပြောပြီး တစ်ချက်ခုန်လိုက်တာ မြင်ကွင်းထဲက ပျောက်သွားတယ်လေ။ မင်းမောင် ငုတ်တုတ်လေးမေ့ကျန်ခဲ့တယ်။

'ဟင်... တေက်ပြားပါလား၊ တောက်... မိပြီးမှကွာ၊ ငါ ဟင်း... တေက်ပြား၊ သင်းနဲ့တွေ့ကြပြီပေါ့ကွာ'

ကြိတ်မနိုင် ခဲမရ ကြိမ်းဝါးရင်း ကျန်ခဲ့တော့တာ။ စိတ်နာနာနဲ့ လန်ချားကို ဆောင့်ကန်လိုက်တာ။

'ဒုန်း...'

'တေပါပြီဗျ'

လန်ချားက ဘာမှမဖြစ်ဘဲ ခြေထောက်ကိုင်ပြီး ထိုင်ကျသွားတယ်လေ။ အတော်ခံပြင်းနေတယ်။ ဘယ့်နှယ် ကိုယ့်ဟာကိုယ် ဖမ်းသွားရင် အခုလောက်ဆို အေးဆေးဖြစ်ပြီ။ ခုတော့ လေရှည်နေတာကိုး။

'ဟား... ဟား... ဟား...'

'ဟင်...'

ရယ်သံကြားလို့ ကြည့်လိုက်တော့ ဓာတ်တိုင်နှစ်တိုင်အကွာမှာ တေက်ပြားကို တွေ့ရတယ်။ ပစ်လည်း ထိမှာမဟုတ်တော့ ထိုင်ပဲနေတယ်။

'မင်းကို နောက်တစ်ခေါက် လာပြောတာ၊ စောစောက မပြောခဲ့ရလို့'

'ဟာ... ဘာလဲကွာ၊ စိတ်ညစ်ရတဲ့အထဲ'


www.burmeseclassic.com

www.burmeseclassic.com



'အေး… ငါ… ပြခန်းက ရတနာတွေကို ဝင်ခိုးမလို့၊ အဲဒါ မင်းကို လာပြောတာ'

'ဟင်…'

ပြောပြီး တစ်ချက်ခုန်လိုက်တာ ပျောက်သွားတယ်။ မင်းမောင် မျက်နှာငယ်လေးနဲ့ ကျန်ခဲ့လေရဲ့။ သြော်… ခိုးမှာတောင် ပုလိပ်ဘက် အကြောင်းကြားပြီးမှ ခိုးတာ။ အဲလိုတွေ မခန့်တာလေ။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

မိုးမှောင် မျက်လုံးကိုဖွင့်ကြည့်လိုက်တော့ မြင်သမျှဟာ ဖောက်ထိုးကြီးဖြစ်နေတယ်။ မူးနေလို့လားဆို။ မျက်လုံးကို ပြန်ပိတ်။ ခေါင်းကို အတင်းယမ်းရင်း ပြန်ဖွင့်တယ်။

'ဟင်…'

နဂိုအတိုင်း ဖောက်ထိုးကြီးပဲ။ မြင်မြင်သမျှဟာ ပြောင်းပြန်ကို ဖြစ်လို့။ အနားမှာ ခြေတစ်စုံကို ဖောက်ထိုးကြီးတွေ့ရတာနဲ့ အားကိုးတကြီးပြောတယ်။

'လုပ်ကြပါဦးဗျ၊ လောကကြီး ပြောင်းပြန်လန်နေတယ်ဗျ'

'အဟင်း… ဟုတ်လို့လား'

လောင်သံနဲ့ မေးတယ်။ ဒါနဲ့ ဖြစ်ပျက်သမျှကို ပြန်စဉ်းစားတယ်။ ဆားပုလင်းမင်းမောင် နားရင်းတီးတာတော့ နောက်ဆုံးသိလိုက်တယ်။ ဇဝေဇဝါပြောတယ်။

'ဟုတ်ပါတယ်၊ ကျုပ်က အကောင်းကြီးပဲ၊ ဖြစ်နိုင်တာက ကမ္ဘာကြီး ပြောင်းပြန်ဖြစ်နေတယ်ဆိုတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟွန်း… ဘယ်လောက်သောက်လဲဆိုတာ ကမ္ဘာကြီးပဲ လန်နေတယ်တဲ့၊ ဟော့ကောင်… အသေအချာ ခေါင်းထောင်ကြည့်၊ မင်းကို ငါ ဇောက်ထိုးကြိုးနဲ့ဆွဲထားတာ'

'ဟင်… ဟုတ်ဘဲနဲ့'

မယုံသင်္ကာနဲ့ ခေါင်းကို မ,ကြည့်တော့ ဟုတ်ပါရဲ့။ ထုပ်တန်းမှာ ကြိုးနဲ့ ဇောက်ထိုးကြီးဆွဲထားတာ။ မျက်နှာငယ်သွားတော့တာ။ မင်းမောင် ဖမ်းတာဆို မသကာ အချုပ်ထဲရောက်ရုံပေါ့။

ဒါနဲ့ စိတ်ထဲ ကြောက်သွားတယ်။

'မင်းက ဘယ်သူတုံး'

'ဘာ… ငါ ဘယ်သူလို့ မင်းထင်လဲ၊ ဟင်း… ဟင်း…'

သေချာပြီ တေက်ပြားဆိုတာ။ စိတ်ပျက်သွားတယ်။ ဒီကောင့်ကို လူပါးဝထားတာဆိုတော့ နှိပ်စက်ခံရမှာမို့လို့လေ။ ဒါနဲ့ လေချိုသွေးတယ်။

'အဟဲ… သူငယ်ချင်း… နေကောင်းတယ်နော်၊ အဟီး… အချင်းချင်းတွေပဲကွာ၊ အဲလိုကြီး လုပ်ပါနဲ့၊ အဟဲ…'

'ဟွန်း… ဘာအချင်းချင်းလဲ၊ အမြဲတမ်း ခွေးပါးဝဝသွားတာ၊ ငါမှတ်ထားတယ်ကွ'

မခံဘူး။ ရန်ပြန်တွေ့တယ်။

'ဟာ… ဒါတော့ မင်းရော ငါ့ကို ခဏခဏဖျံကျတာပဲ၊ ကျေပြီ၊ ဟော့ကောင်… လွှတ်၊ မင်း ငါ့ကို ဒီလိုလုပ်တာ လူကြီးလူကောင်းမဆန်ဘူးကွ'

'ဟင်… ဟား… ဟား… မှတ်တောင်ထားပြီး ထွက်ပေါက်ပြောင်ပြောလိုက်ဦးမယ်၊ ဟား… ဟား… ကဲ…'



www.burmeseclassic.com

www.burmeseclassic.com


ကြည့်။ ဘယ်လောက်ဆိုးလဲဆိုတာ။ သူခိုးအချင်းချင်းတောင် လူကြီးလူကောင်း ဆန်ရဦးမတဲ့။ ကြားလို့မှမတော် မြင်လို့မှ မကောင်းလေ။

တေက်ပြားက မိထွေးမျက်နှာထားနဲ့ စွေကြည့်တယ်။

'အပိုတွေမပြောနဲ့၊ ဟေ့ကောင်··· ငါ့ငွေတွေ ဘယ်မလဲ'

'ဘာ··· မင်းငွေ၊ ဟုတ်လား၊ ဟား··· ဟား··· တစ်ပြားတစ်ချပ်မှမရှိတဲ့ကောင်က အဟာ··· ဟ··· ကဲ···'

'ဘာကွ'

လောင်တော့ တေက်ပြား တင်းသွားတယ်။

'မင်း ခွေးပါးမဝနဲ့၊ ဟိုနေ့ညက ငါ့လက်ထဲက လုသွားတဲ့ ပိုက်ဆံကိုပြောတာ၊ ဘယ့်နှယ်··· ငါတော့ အသက်နဲ့ရင်းပြီး လုပ်နေချိန်မှာ သူက အချောင်ဝင်မသွားတာ၊ ပြန်ပေး ခု'

'ဟာ··· မသိဘူးကွာ၊ သတ်ပစ်လိုက်၊ ပြောဘူး'

'ဩော်··· မင်းက ဒီလိုလား'

'ဟုတ်တယ်၊ ဒီလိုပဲ'

'ဟွန်း··· တွေ့ပြီပေါ့ကွာ'

ပြောမရတဲ့အဆုံး တေက်ပြားအနားကနေ ခွာသွားတယ်။ ဘာသွားလုပ်တာလဲတော့ မသိ။ မိုးမှောင်ကတော့ ပြုံးနေလေရဲ့။ ဟုတ်တယ်လေ။ ကိုယ်ပေးချင်မှ ဖြစ်တဲ့ဟာ။

'ဟား··· ဟား··· ငါလာပြီကွ'

'ဟင်···'

လူမတွေ့ရသေးဘူး။ အသံက အရင်ဝင်လာတယ်။ ဒေါက် ဒက် ဒေါက်ဒက်နဲ့ အသံကြားရပြီး ခေါင်းအောက်တည့်တည့်ကို ရေပုံး ကြီးဝင်လာတယ်။ မျက်လုံးပြူးသွားတော့တာ။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

 www.burmeseclassic.com 

'ဟင်… ဘာလုပ်တာလဲဟင်'

'ဟွင်း… ဟွင်း… မင်း ရေတိမ်နစ်တာ တွေ့ဖူးလား'

'ဟင့်အင်း'

ရုပ်တည်နဲ့မေးတော့ ပေကြောင်ကြောင်လေး ပြန်ဖြေတယ်။ တေက်ပြား က ပြုံးလိုက်တယ်။

'အဟင်း… မင်း ခု ရေတိမ်နစ်တာကို ကြုံရမယ်၊ မြင်လည်း မြင်ဖူးမယ်'

'ဟာ… ဟုတ်လား၊ အဟဲ'

'ဒါပေမဲ့ တစ်ခုတော့ရှိတယ်'

'ဘာလဲ'

'မင်း ရေတိမ်နစ်တာကို မြင်ပြီးတာနဲ့ သေသွားမှာပဲ'

'ဘာလို့လဲ'

အလန့်တကြားမေးတော့ တေက်ပြား ရုပ်ကို မာလိုက်တယ်။

'မင်း ခေါင်းကို ဒီရေပုံးကြီးထဲ နှစ်မလို့လေ'

'ဟော…'

မျက်လုံးပြူးသွားတယ်။

'ဒါဆို မင်း ရေတိမ်နစ်တာကို ကြုံလည်း ကြုံဖူးရမယ်၊ အဟဲ… သေလည်း သေရမယ်၊ ကဲ… လာထား'

'ဟာ… လုပ်ပါနဲ့ဟ'

ခေါင်းကို အတင်းနှစ်တာနဲ့။ ပြန်ရုန်းတယ်။ သေငယ်ဇောနဲ့ အော်တော့တာ။ တေက်ပြားက ပါးစပ်ကို လက်နဲ့ပိတ်တယ်။ ဇောချွေး ပျံ။ ပေကလယ်လယ် မျက်လုံးလေးနဲ့ မိုးမှောင်ကို သနားကြည့်ကြည့် ရင်း ဖြဲခြောက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မိုးမှောင် ဘာမှမတတ်နိုင်။ မပြောနိုင်ဘဲ ကြောက်နေတယ်။ ရုန်းလည်း မနိုင်တော့ဘူးလေ။ တေက်ပြား ပြုသမျှ နုရမယ့်အခြေ ရောက်နေပြီ။

'ဟား… ဟား… လာထား'

'အီး…'

တေက်ပြား သဘောအကျကြီး ကျနေတော့တ။ ဦးစွန်းဖုတ် ကနေဆွဲပြီး ရေထဲနှစ်တယ်။

ယက်ကန် ယက်ကန်နဲ့ နစ်နေတယ်။

'ဗွမ်း'

'အူး… အု… ဝရ… ဝရ…'

'ဟား… ဟား… မှတ်ပြီလား'

တေက်ပြားက ပြန်ဆွဲထုတ်တယ်။ မိုးမှောင် မျက်ဖြူပါဆိုက် ချင်နေပြီ။ အသက်ကို အငမ်းမရရှူတယ်။ ရေတွေက နှာခေါင်းထဲ ကျန်တော့ တချီးချီးနဲ့ မွန်ပါနေတယ်။

'ကဲ… ဒါလောက်ဆို ပဏ္ဏာမအဆင့်ရပြီ ပြောတော့မှာ လား'

မပြောအားဘူး။ အသက်ကို အတင်းရှူတယ်။ မသိရင် သေကာနီး လူမမာကြီးလိုပဲ။

'ဟာ… ကြာပါတယ်'

နောက်တစ်ခါ ထပ်နှစ်မယ်လုပ်မှ လက်ကာပြတယ်။

'ပြောတော့မှာလား'

'ပြော… ပြောပါ့မယ်'

'အဟဲ… ဒီလိုလုပ်ပါ'



www.burmeseclassic.com

www.burmeseclassic.com



တေက်ပြားကရေထဲမနစ်တော့ဘဲ အပြောကို စောင့်နေတယ်။ မိုးမှောင်က သေကာနီးလေသံနဲ့ ရန်တွေ့တယ်။

'ဟာ··· မင်း ငါ့ကို ဒီလိုကြီးထား၊ ငါက ဘယ်နားထား လဲပြောလိုက်ရင် မင်းက မလွှတ်ဘဲ ထပ်နှစ်သတ်ရင် ဘယ်လိုလုပ် မလဲ၊ အရင်လွှတ်ပေးမှ ပြောမယ်'

'ဟာ··· ငါကတိတည်ပါတယ်ဟာ'

'ရဘူးဟာ၊ လွှတ်မှပြောမယ်'

'ရတယ်လေ၊ မင်း ဓောက်ထိုးမနေချင်ဘူးပေါ့'

'ဟာ··· မင်း နေကြည့်ပါလား'

'ကောင်းပြီလေ'

ပြေလည်းပြော၊ တေက်ပြားက လက်ကို လျှပ်လိုက်တယ်။

'ဟိုက်'

'ဗွမ်း··· ဗုန်း···'

ကြိုးကို ဓားနဲ့ခုတ်ဖြတ်လိုက်တာ မိုးမှောင်လည်း ပုံးထဲ ခေါင်းစိုက်ပြီး ခွေးကျကျတယ်။

'ဟား··· ဟား··· ဟား···'

တေက်ပြား ခါးကြီးထောက်ပြီး သဘောအကျကြီး ကျနေ တယ်။ မိုးမှောင် ပါးစပ်က ဆဲနည်းပေါင်းကို စုံနေအောင်ဆဲတယ်။

နှစ်ယောက်သား အတော်ကြာအောင်ညှိလိုက်မှ တစ်ယောက် တစ်ဝက်နဲ့ အဝေတည့်သွားကြတယ်။ တည့်သွားကြတော့လည်း ဖအေ တူ မအေကွဲလို။ တဟီးဟီး တဟားဟားနဲ့လေ။ အံမယ်··· မေ့သွား တတ်ကြတာ ပြောပါတယ်။

ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် သူလမ်းကိုယ့်လမ်း



www.burmeseclassic.com

www.burmeseclassic.com


ခွဲထားလိုက်တယ်။ ဝင်မရှုပ်ကြေးပေါ့။ ဒါပေမဲ့ နှစ်ယောက်သား ချက်နှာလွှဲ ကျောခိုင်းလိုက်တာနဲ့ ဒီကတိက အလိုလိုပျက်သွားတယ်လေ။

❖ ❖ ❖

အိပ်ရေးက ပျက်၊ နှပ်က ထွက်၊ ချစ်သူက မုန်း၊ ဖဲက ရှုံး။ အဲ… ရောကုန်ပါပြီ။ အိပ်ရေးက မဝ။ သူနိုးက ဖမ်းမရတော့ ထိုင်ခုံပေါ် ဆောင့်ကြောင့်လေးထိုင်နေတယ်။

မသိရင် မျောက်မကြီး လင်ကို မျှော်နေတာလိုလေ။ တူတာ ပြောပါတယ်။ အောင်ကြီးက ဆရာဖြစ်သူကို ကြည့်ပြီး ခေါင်းယမ်းတယ်။ စိတ်မချမ်းသာဘူးလေ။

မိုးမှောင်ကိုဖမ်းပြီး ပြန်လာကတည်းက ဒီအတိုင်း ငုတ်တုတ်လေးပဲ။ စကားလည်း တစ်လုံးမှမပြောဘူး။ ချော့ချော့မော့မော့ အိပ်ခိုင်းတော့လည်း ပြူးကြောင်ကြောင်လေး ကြည့်နေတယ်။

ဘာတွေသွေးပျက်နေလဲတော့ မသိ။ အခု မနက်စာစားဖို့ ခေါ်တော့လည်း တစ်ခွန်းမှမဟပြန်ဘူး။ စိတ်ပျက်လက်ပျက်နဲ့ ခေါင်းကို တွင်တွင်ကုတ်တယ်။

'ဆရာ မနက်စာစားမယ်လေ'

'ဟင်း…'

ဘာမှပြန်မပြောဘဲ သက်ပြင်းကိုချတယ်။ ပြီးမှ ထိုင်ရာက ထပြီး လမ်းသလားနေတယ်။ အောင်ကြီးလည်း ထပ်မခေါ်တော့ဘဲ အိပ်အခြည်ကို ကြည့်နေတယ်။


www.burmeseclassic.com

www.burmeseclassic.com



'ဟင်း… ခက်တယ်၊ ခက်တယ်'

တစ်ယောက်တည်း ပြောလည်း ပြော။ ဘတ်ဘတ် ဘတ်ဘတ်နဲ့ မျက်စိနောက်အောင် လမ်းသလားနေပြန်တယ်။ ဟိုနှစ်ကောင်ကိုဖမ်းဖို့ ကြိတ်ကြံနေပေမယ့် နဂိုတုံးဆိုတော့ ခေါင်းသာပူတယ်။ ဘာအကြံမှကို ထွက်မလာဘူး။

မအိပ်နိုင် မစားနိုင်ဆိုတာ ဒါမျိုးပဲ။ မိုးမှောင်တစ်ယောက်တည်းတောင် ဖမ်းမနိုင်တာ။ အခု ငတက်ပြားပါ ပေါ်လာပြန်တော့ ရှုးတောင် ရှုးချင်လာတယ်။

'တောက်… ရာထူးကထွက်ပြီး နွားအေးပါးအေး ဘုန်းကြီးဝတ်တာပဲ ကောင်းတယ်'

တစ်ယောက်တည်း တွတ်တွတ် တွတ်တွတ်နဲ့ ပြောနေတယ်။ အောင်ကြီး မျက်နှာမဲ့ရွဲ့သွားတော့တာ။ ပါးစပ်က မပြောရဲပေမယ့် စိတ်ထဲကနေ…

'အမယ်… သင်းက ရာရာစစ သင်္ကန်းနဲ့ မျက်ခွက်နဲ့က မျှောက်ဆို ဆေးအနီကြီးခြယ်ထားသလိုနေမှာ'

လို့ တွေးရင်း ပြုံးနေတယ်။ ဥပမိခန့်ပုံ ပြောပါတယ်။

'ဒါလည်း မဖြစ်သေးပါဘူး၊ ငါလို နိုင်ငံချော်၊ အဲလေ… နိုင်ငံကျော် ဆားပုလင်းမရှိပြန်ရင်လည်း အမှုတွေ ဘယ်သူလိုက်မတုံး၊ ဒါဆို အမှုတွေဟာ ပုလိပ်တွေထပ် ပိုများလာမှာ၊ မဖြစ်သေးပါဘူး၊ ဟူး… ဘယ့်နှယ်လုပ်ရပါ့'

'အဟိ… ကဲ…'

အောင်ကြီးက ပါးစပ်ကိုပိတ်ပြီး ရယ်တယ်။ မင်းမောင်ကတော့ သူ့ဟာသူ ဂုဏ်တင်ရင်း အလကားနေ မာန်တက်ပြီး မျက်နှာကြီး ပြန်မာလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



'အံမယ်··· ဗိုက်တောင်ဆာလာပြီ၊ အောင်ကြီး ဘာစားစရာ ရှိလဲ'

'ထမင်းနဲ့ ပဲပြုတ်ကြော်ထားပါတယ် အာစရိ'

'ကောင်းတယ်၊ လာ··· သွားစားကြမယ်'

ပြောလည်းပြော၊ ထမင်းစားခန်းထဲ ဝင်သွားတယ်။ အောင်ကြီး အူကြောင်ကြောင်ကျန်ခဲ့တယ်။ ပြောသေးတာ။

'အံမယ်··· စောစောကပဲ သေမလိုနဲ့ ခုတော့ တစ်မျိုး၊ ဟွန်း··· တတ်လည်း တတ်နိုင်တဲ့လူ'

··· တဲ့လေ။

❖ ❖ ❖

စားသောက်ပြီး အိမ်ရှေ့ခန်းပြန်ထွက်လာကြတယ်။ အောင်ကြီးက အကြမ်းတစ်အိုးကို ယူလာတယ်။ နှစ်ယောက်သား ပဲလှော်သုပ်နဲ့ အကြမ်းအိုးကိုစားသောက်ရင်း လေပေးဖြောင့်နေကြတယ်။

'ဆရာ··· ညက အခြေအနေလေး ပြောပါဦး'

'ပြောမပြောချင်ပါဘူးကွာ'

ရှုံ့မဲ့သွားတယ်။ မပြောချင်ဘူးဆိုပြီး ပြောပြတယ်။

'ငါ မိုးမှောင်ကို မိလို့ နားရင်းတောင်တစ်ချက်တီးပြီးမှ သောက်··· ပြန်လွတ်သွားတယ်'

'ဟာ··· ညံ့ပါ့ဗျာ'

ဆိုတော့ စွေကြည့်တယ်။

'မင်း ဘာသိလဲ'



www.burmeseclassic.com

www.burmeseclassic.com



'မသိလို့ မေးတာပေါ့လို့'

'အေး… မင်း သိချင်တယ်မို့လား'

'ရော်… သိချင်ပါတယ်ဆိုမှ'

'အေး… ဒါဆို မင်း အပေါက်ကိုပိတ်ထား'

'ဟုတ်'

လက်က သွားပိတ်တယ်။ နှာခေါင်းကို။

'ဟေ့ကောင်… မင်းပါးစပ်ပိတ်ထားလို့ ပြောတာ'

'သြော်… ဟုတ်ကဲ့၊ ပိတ်ထားပါ့မယ်'

ပိတ်ထားမယ်ဆိုတော့ ကျေနပ်ပြီး ပြုံးတယ်။ ဆရာလေသံနဲ့ ပြောပြတယ်။ တပည့်ကလည်း ပိတ်ထားရှာပါတယ်။

'ငါ့ဘာသာဆို ဂါတ်ကိုရောက်သွားလို့ ဒီကောင် အချုပ်ထဲ ကွေးနေပြီ'

'ဟုတ်'

'ဒါပေမဲ့ကွာ… တောက်… အရေးကောင်း ဒိန်းဒေါင်းဖျက် စိန်ကောင်းရောင်းတဲ့နေရာ ဆေးရိုးသည်ဖျက်၊ အရေးထဲ အရာပေါ် ထန်းသီးကြွေခိုက် ကျီးနင်းခိုက်၊ ပဲလှော်ကြား ဆားညပ်၊ ညပ်'

'ဟာ… အာစရိ'

'ဘာလဲဟ'

'ကျွန်တော် စကားပုံတွေပြောခိုင်းတာ မဟုတ်ဘူးလေ'

ဆိုတော့ စွေကြည့်တယ်။

'ဟာ… ငါသိပါတယ်၊ လျှာမရှည်နဲ့၊ ပါးစပ်ပိတ် အဲလိုတွေ ကွာ၊ ဘုရားဖြစ်ကာနီးတောင် မာရ်နတ်က ဖျက်သေးတာ၊ အခု ငါ့ ကိုလည်း ဖျက်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဩော်… ဘယ်သူလဲ'

ဆိုတော့ မျက်နှာကြီးမဲ့သွားတော့တာ။ မသိရင် ဆေးခါးကြီးပဲ မျိုထားတာလိုလေ။

'ဘယ်သူရှိရမှာလဲ၊ တေက်ပြားပေါ့'

'ဗျာ'

အောင်ကြီး မျက်လုံးပါပြူးပြီး ပါးစပ်ပါပြဲသွားတယ်။ နောက်မှ သေကာနီး လူမမာအသံနဲ့ ပြောတယ်။

'ဆရာ ဒါဆို ကျုပ်တို့ ဘုန်းကြီးဝတ်တာပဲ ကောင်းမယ်'

အားကိုးရတာ ပြောပါတယ်။ ဒီနှစ်ယောက်ကြောင့် အကြိမ်ကြိမ်အထုအထောင်းခံထားရတာလေ။ ဒီတော့ အသံကြားတာနဲ့ ဖျားချင်နေပြီ။ ဒါကိုပဲ မင်းမောင်က…

'ဟွင်း… ဟွင်း… မပူပါနဲ့ တပည့်ကြီးရာ၊ ဆရာတစ်ယောက်လုံး ရှိပါတယ်'

ရင်ကော့ပြောတော့ ပိုမဲ့သွားတယ်။

'အဲ… ဆရာရှိလို့ ပိုဆိုးသေးတာ၊ မရဘူးဟာ၊ ဝတ်မယ်၊ ဝတ်မယ်၊ အခုဝတ်ချင် ဝတ်မယ်၊ တော်ကြာဝတ်ချင် ဝတ်မယ်၊ ဟာ… ဝတ်ချင်မှလည်း ဝတ်တော့မယ်'

'အဟင့်… ငါ့ကို တစ်ယောက်တည်းထားခဲ့မယ်ပေါ့'

မျက်နှာငယ်လေးနဲ့မေးတော့ အောင်ကြီးက ရပ်ကိုမာထားတယ်။ ဩော်… ငါ့ဆရာ သနားပါတယ် တွေးပြီး…

'ဘာလဲ… ကျုပ်မရှိရင် မဖြစ်ဘူးမို့လား၊ ဟဲ… ဟဲ…'

'ဘာကွ… ဟော့ကောင် မင်းမရှိလေ ကောင်းလေပဲ၊ မျက်စိနောက်သက်သာသလို ဆန်လည်းကုန် သက်သာတယ်၊ ဝတ်ချင်ရင်မြန်မြန်ဝတ်လို့ ပြောမလို့ဟ'



www.burmeseclassic.com

www.burmeseclassic.com



'အန်'

အောင်ကြီး မျက်နှာကြီးရှုံ့မဲ့သွားလေရဲ့။ မင်းမောင်ကတော့ ပြုံးလို့။

'ဟား… ဟား… ဝတ်သာဝတ်၊ ဝတ်သာဝတ်၊ သင်္ကန်း ပရိက္ခရာဖိုး ငါပေးမယ်၊ အိမ်မှာရှိနေရင် ဒီထက်မက ပိုကုန်မှာ'

'ဟာဗျာ… ဝတ်တော့ဘူး'

'ဝတ်ပါကွ၊ ဒါဆို ငါ ရဟန်းဒါယကာဖြစ်ပြီ'

'ဟင်… ဘာမှကို မဆိုင်ဘူး'

'ဘာလို့မဆိုင်ရမှာလဲ၊ ဟိုရေလှည့်ရောင်းတဲ့ အသောကမင်းကြီးတောင်မှ'

'ဟာ… မှားနေတယ်၊ ရေလှည့်ရောင်းတာ မဟုတ်ဘူး၊ ရေတွင်းတူးတာ'

'ဟော… ဟုတ်လား'

ယောင်တောင်တောင်နဲ့ စဉ်းစားတယ်။ ပြီးမှ…

'အတော်တွက်ခြေကိုက်မှာကွ၊ နော်… ဟာ… မှားနေတယ်၊ ရေတွင်းတွေ ရေကန်တွေ လှူတာဟာ၊ အေး… အဲလိုလှူတောင် ရဟန်း ဒါယကာမဖြစ်လို့ သူများသားသမီးတွေကို ရဟန်းဝတ်ပေးရတယ်တဲ့၊ အဟား… ငါလည်း မင်းကို ဝတ်ပေးရင် ဖြစ်ပြီပေါ့'

'ဟာဗျာ… မဝတ်ပါဘူး'

'ဝတ်လိုက်ပါကွာ'

'ဝတ်ဘူးဟာ'

တကယ်ဝတ်သွားမှာစိုးလို့ လိုက်ပြောနေတာလေ။ မ[illegible]တ် ရင် တစ်ယောက်တည်းဖြစ်နေမှာ။ စိတ်တိုတဲ့အခါ ပေ[illegible]က်စရာလူ



www.burmeseclassic.com

www.burmeseclassic.com


မရှိမှာစိုးလို့။ ချစ်လွန်းလို့တော့ မဟုတ်ပါ။ မင်းမောင်က ဒီလိုပဲ ကလိမ်တာ ကလည်တာ ကျွမ်းပြီးသား။

ဒီအချိန်မှာပဲ အိမ်ရှေ့ကားရပ်သံကြားရတယ်။ မင်းမောင်က…

'အောင်ကြီး သွားကြည့်စမ်းကွာ'

'ကြည့်စရာမလိုပါဘူး၊ လူစုံ အောင်နိုင်တို့ပဲ နေမှာ'

'ဟာ… ဟုတ်လှချည်လား'

'ဒီကိုလာစရာ သူတို့ပဲရှိတာလေ'

မင်းမောင် ပြုံးလိုက်တယ်။ အိုင်ပီအောင်နိုင်ကို ကွယ်ရာမှာ လူစုံဘွဲ့တပ်ထားတယ်။ ဒါက ဒီလို။ ဆိုပါစို့။ လူတစ်ယောက် စာကြောင်းပေကြောင်းပြောတယ်ထား။ အောင်နိုင်က ဒီလူနဲ့ပေါင်းပြီး စာပေသမားဖြစ်သွားပြန်တယ်။ ဂီတသမားနဲ့တွေ့ရင် သူ ဂီတသမား ဖြစ်သွားပြန်တယ်။

ဒီလိုလူစားစုံတာ ပြောပါတယ်။ နောက်ဆုံး ဖဲသမားနဲ့ပေါင်းရင် ဖဲသမားဖြစ်သွားမယ်ထင်တာပဲ။

'ဒေါက်… ဒေါက်… ဒေါက်…'

'ဝင်ခဲ့ပါ အိုင်ပီ'

အသံနဲ့ မရှေးမနှောင်းမှာပဲ အိုင်ပီအောင်နိုင်နဲ့အတူ ခြေဖဝါးကြီး ဦးကိုကိုလေး ဝင်လာတာတွေ့ရတယ်။ မျက်နှာတွေက တယ်မကောင်းလှဘူး။ ဒါနဲ့ မေးလိုက်တယ်။

'ဘယ်လိုလဲ… နေလို့ ထိုင်လို့ကောင်းကြရဲ့လား၊ မျက်နှာတွေက တယ်မကောင်းပါလား'

'အေးဗျာ'



www.burmeseclassic.com

www.burmeseclassic.com


ဆို ဦးကိုကိုလေးက ဝင်ထိုင်တယ်။ အိုင်ပီအောင်နိုင်က သူ မတီးတတ်ဘဲ စန္ဒရားခုံမှာ ဝင်ထိုင်တယ်။ ဒါကလည်း အကျင့် တစ်ခုပဲ။ မသိတဲ့လူဆို အထင်ကြီးတာပေါ့။

'သေချာပြီ၊ ဒါဆို မနေ့ညက သောက်ထားပုံရတယ်'

'အေးဗျာ... နည်းနည်းပါ၊ ဟာ... မှားကုန်ပါပြီ၊ ဘယ်က လာ သောက်ရမှာလဲ၊ နေထိုင်မကောင်းဘူးဆိုတာ ဟိုမိုးမှောင်ကြောင့် လေ'

'သြော်... ကျုပ်က သောက်တာ များများသွားလို့လားထင် တာ ပြောပါတယ်၊ အဟင်း'

ဦးကိုကိုလေး မဲ့သွားတော့တာ။ သူ့ကို ခြေဖဝါးကြီးဘွဲ့ပေး ထားတယ်။ ဒါက ဒီလို။ တရားခံတွေကို စစ်တဲ့အခါ ခြေထောက် နဲ့ ကန်မေးတာလေ။ တော်ရုံတရားခံဆို သူ့ခြေဖဝါးကြီးမြင်တာနဲ့တင် တစ်ဝက်အမှန်ပေါ်နေပြီ။ ကြာတော့ ခြေဖဝါးကြီးဦးကိုကိုလေး ဖြစ်လာ တော့တာ။

အခုလည်း ခြေထောက်ကို ချိတ်ထိုင်ရင်း ခြေဖဝါးကို ပွတ် နေတယ်။

'ဘယ်လိုလဲ ကိုမင်းမောင်၊ မိခါနီးပြီလား၊ ကျုပ် ခြေဖဝါး အတော်ကိုယားနေပြီ'

'ဟာ... ဟုတ်လား၊ သေချာပြန်ကြည့်ဦးလေ'

'ဟင် ဘာလို့လဲ'

'ခွေးချေးများ တက်နင်းမိထားလားလို့'

'ဟာ... ခင်ဗျားဗျာ၊ ဒါလောက် စိတ်ဆင်းရဲစရာကောင်းတာ တောင် ရယ်နိုင်သေးတယ်'


www.burmeseclassic.com

www.burmeseclassic.com


'အဟင်း… ဒါကတော့ ကျုပ်ရဲ့အကျင့်ပဲလေ၊ တရားခံဖမ်းရခက်လေ ရယ်နိုင်လေပဲ၊ အဟဲ…'

ပနာယူနေတာ ပြောပါတယ်။ တကယ်တော့ မျက်နှာပိုးနဂိုကတည်းကကို မကျိုးတာ။ သက်ပြင်းကိုချပြီး ပြောတယ်။

'မမိသေးပါဘူးဗျာ၊ ညကတော့ ဒီကောင် ကံကောင်းပြီး လွတ်သွားတယ်'

'ဟာ… သူ ကံကောင်းတော့ ကျုပ်တို့ ကံမကောင်းဘူးပေါ့'

အိုင်ပီအောင်နိုင်က လှမ်းညည်းတယ်။ အောင်ကြီးကတော့ ပြုံးပြီး အိမ်ထဲဝင်သွားတယ်။ ဒါက ရှောင်တာလေ။ ဒီလူတွေပေါင်းမိရင် ဟိုလို ဒီလိုနဲ့ လမ်းထွက်ကြတာများတယ်။

ဒီတော့ ပါမသွားရအောင် ရှောင်တာ။ ဒါမှ ကျန်ခဲ့မယ်။ ကျန်ခဲ့မှ ကိုယ်လည်း သွားလိုရာသွားလို့ရမှာမို့လား။ အကြံကတော့ ပိုင်တယ်လေ။

'ဟင်း… ဟင်း… ဒါလောက်လည်း မကြောက်ပါနဲ့ဗျာ၊ အချိန်ရပါသေးတယ်'

'ဟုတ်တော့ ဟုတ်ပါတယ်'

ဆားပုလင်းမင်းမောင်က သက်ပြင်းကိုချရင်း ဆရာအထာနဲ့ လမ်းသလားပြတယ်။ လက်နှစ်ဖက် နောက်ပစ်ရင်း တွေးတွေးဆဆ ပြောတယ်။

'ကျုပ် ခင်ဗျားတို့ကို သတင်းနှစ်ခု ပြောစရာရှိတယ်၊ တစ်ခုက သတင်းကောင်း၊ တစ်ခုက သတင်းဆိုး၊ ကဲ… ဘယ်ဟာအရင် ပြောရမလဲ'

'ဟင်… ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com


ဦးကိုကိုလေးနဲ့ အိုင်ပီအောင်နိုင် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြတယ်။

ပြီးမှ အိုင်ပီအောင်နိုင်က…

'သတင်းကောင်း ကြားချင်တယ်ဗျာ'

'ကောင်းပြီ၊ သတင်းကောင်းက ရတနာပြခန်းကို သူခိုးဝင်ခိုးမယ်တဲ့'

'ဟာ…'

'ဗျာ… အဲဒါ သတင်းကောင်းလား၊ ဒါလောက်ဆိုးတာကို'

'အေးလေ'

ပျာသွားတဲ့နှစ်ယောက်ကို စွေကြည့်တယ်။ ပြီးမှ ရုပ်တည်နဲ့…

'ဘာပဲဖြစ်ဖြစ် ကြိုသိတော့ ပြင်ဆင်ချိန်ရတာပေါ့၊ နောက်တစ်ခုက ဒီထက်ဆိုးလို့ သတင်းဆိုးဖြစ်နေတာပေါ့'

'ဟင်… ဟုတ်လား'

နှစ်ယောက်သား မျက်နှာလေးတွေ ငယ်သွားကြတယ်။

'သတင်းက အတိအကျတော့ မဟုတ်ဘူး၊ ဘယ်အချိန်ဝင်မယ်တော့ ပြောမသွားဘူး'

'ဟုတ်ပါပြီ၊ သတင်းဆိုးကို ပြောပါတော့'

ဆိုတော့ မင်းမောင်ကသက်ပြင်းကို ချတယ်။ ခုံမှာပြန်ဝင်ထိုင်တယ်။ ဆောင့်ကြောင့်လေး။ မယားငယ်တုံးပိလို့ လင်ငယ် ဒုက္ခရောက်နေသံနဲ့။

'ငတက်ပြားကို တွေ့ခဲ့တယ်၊ သူလည်း လွတ်လာပြီလေ'

'ဟာ…'


www.burmeseclassic.com

www.burmeseclassic.com



ဦးကိုကိုလေးတို့နှစ်ယောက် အလန့်တကြားဖြစ်သွားကြတယ်။ သုံးယောက်သား တစ်ယောက်နဲ့တစ်ယောက် ကြည့်နေကြတယ်။

'ဒုက္ခတော့များပြီ'

'သေသာ သေလိုက်ချင်တယ်'

သူခိုးတစ်ယောက်တည်းတောင် ဖမ်းမနိုင်တဲ့ဟာ။ နှစ်ယောက်ဆို ပိုဆိုးပြီပေါ့။ နှစ်ယောက်စလုံးဖမ်းရတာ ခက်ကခက်နဲ့။ ငြိမ်နေကြတာ ခဏပါပဲ။

တော်ကြာကျတော့ သုံးယောက်သား စိတ်ပြေလက်ပျောက်လေး အမှုအတွက်လားတော့ မသိ။ မြို့ထဲကို ကားနဲ့ထွက်သွားကြတယ်။ သုံးယောက်ပေါင်းပြီး...

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

မြို့စွန်ဟိုတယ်တစ်ခု။ တိတိကျကျပြောရရင် လူမိုက်တွေ ချည်း စုနေတဲ့နေရာပေါ့။ ဒီလိုနေရာကို တော်ရုံလူမိုက် မလာရဲဘူး။ တကယ့်ဇော်တကာ့ဇော်တွေချည်းပဲ။

စားပွဲတစ်ပိုင်းမှာ တစ်ကိုယ်လုံး ဥရောပဝတ်စုံအဖြူကို သား သားနားနားဝတ်ထားတဲ့လူတစ်ယောက် ထိုင်သောက်နေတယ်။ ဒါပေမဲ့ လူမမြင်ရဘူး။ သေသေချာချာကြည့်မှ တွေ့ရတယ်။

တိတိကျကျပြောရရင် မိုးမှောင်ပေါ့။ တစ်စုံတစ်ယောက်ကို စိတ်တိုလက်တို စောင့်နေတာ။ ဟုတ်တယ်လေ။ စောင့်ရတာ ကြာပြီ ဆိုတော့ စိတ်ရောလက်ရော မရှည်နိုင်တော့ဘူး။

'ဘယ့်နှယ်ကွာ… သူပဲချိန်းတယ် ပြောသေးတာ၊ ငါက အချိန်အတိအကျတဲ့၊ အခုပဲ နာရီဝက်ကျော်နေပြီ၊ တိကျပုံနှယ်'

ပတွတ် ပတွတ်နဲ့ပြောရင်း ရှေ့ဖန်ခွက်ထဲက အရက်ကို ကောက်မော့လိုက်တယ်။ မျက်လုံးတွေကတော့ တံခါးဝကို စောင့် ကြည့်နေတယ်။

ခဏကြာတော့ ဥရောပဝတ်စုံကို စမတ်ကျကျဝတ်ပြီး ဝင်



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့လူတစ်ယောက်ကို တွေ့တယ်။ ကိုယ်လုံးပြားပြားကြီးနဲ့လေ။ ဘယ်သူဖြစ်မှာလဲ တေက်ပြားပေါ့။

'အဟဲ... ကြာပြီလားကွ'

'ကြာပြီပေါ့၊ မင်းပြောတော့ အချိန်တိကျတယ်ဆို'

'ဟုတ်တယ်လေ၊ ဒါပေမဲ့ ငါ့နာရီပျက်သွားလို့'

'ဟွန်း...'

ဘာမှပြောလို့မရတာနဲ့ မျက်စောင်းပဲထိုးတော့တာ။ တေက်ပြားက ပြုံးနေတယ်။ မိုးမှောင်က ကြည့်ရင်းနဲ့ ဖြတ်ရိုက်ချင်လာတယ်လေ။ ဒါနဲ့...

'ဟော့ကောင်... မင်းအခွက်ဖြူဖြူကြီးကို ကြည့်ချင်လို့လာတာမဟုတ်ဘူး၊ ဟွန်း... ကျက်သရေတစ်ပြားဖိုးမှကို မရှိတာ၊ ပြောစရာရှိတာပြော'

'အဟဲ...'

မမှတ်ဘူး။ စပ်ဖြဲဖြဲနဲ့ အရက်ကို ငုံ့သောက်နေတယ်။ မိုးမှောင်ကြည့်ရင်း ကျွဲမြီးတိုသွားတော့တာ။

'ဖြည်းဖြည်းပေါ့၊ ငါ့ကောင်ရာ၊ စကားပုံတောင်ရှိသေးတယ်၊ လက်ဖက်ကောင်းစားချင် ပလောင်တောင်တက်နှေးရတယ်တဲ့'

'ဟော့ကောင်... ငါက ပလောင်လည်းမဟုတ်ဘူး၊ လက်ဖက်လည်း မစားချင်ဘူး၊ ပြောစရာရှိတာ အမြန်ပြော၊ စိတ်မရှည်ဘူးကွနော်'

'အဟိ...'

မိုးမှောင် စိတ်ဆိုးလေ တေက်ပြားက ရယ်လေပဲ။ တကယ်တော့ ရေနှစ်တဲ့ကိစ္စကို မကျေနပ်သေးတာ။ ဒီတော့ အလကားနေ အပြစ်ရှာနေတာလေ။



www.burmeseclassic.com

www.burmeseclassic.com



'အစကတော့ ငါတစ်ယောက်တည်းလုပ်ဖို့ပဲ၊ ဒါပေမဲ့ ငါ စဉ်းစားတယ်၊ နှစ်ယောက်ဆို ပိုကောင်းမယ်ပေါ့၊ ငါက တော်တယ်လေ၊ ပြီးတော့ မင်းကလည်း ငါ့နီးနီးတော်တာဆိုတော့ မင်းကိုပါ ခေါ်ဖို့ဆုံးဖြတ်လိုက်တာ၊ ပြောသာ ပြောရတယ်၊ ငါမခေါ်လည်း မင်းက ဝင်ရှုပ်မှာပဲလေ၊ ဒီတော့…'

'ဟာ… ဘာအလုပ်ဆိုတာ ပြောကွာ'

စကားကို ဖြတ်ပြောတာနဲ့ စွေကြည့်တော့ မိုးမှောင်က မသိယောင် ယောင်ဆောင်နေတယ်။ မဟုတ်ရင် ကိုယ်ရည်သွေးတာနဲ့ လုံးပါးပါးနေတော့မှာ။

BURMESE CLASSIC

ပြောကာမှ ပိုဆိုးတယ်။ ရုပ်ကိုတည်ရင်း ချောင်းဟန့်တယ်။ မသိရင်ဘဲ သမ္မတမိန့်ခွန်းခြွေမယ့်ပုံနဲ့။ မိုးမှောင်က ကြည့်ရင်း အမြင်တွေကတ်နေတော့တာ။

'အဟမ်း… တကယ်တော့ အင်္ဂလိပ်တွေဟာ ငါတို့မြေကို ကျူးကျော်၊ ငါတို့မှာရှိတဲ့ သယံဇာတတွေကို သိမ်းပိုက်ထားတာကွ၊ ဒီတော့…'

'ဟာ… ငါ အကောင်းမှတ်လို့ နားထောင်နေတာ၊ ဘာလဲ တော်လှန်ရေးလုပ်မလို့လား၊ ဟော့ကောင်… စိတ်ကိုမဝင်စားဘူး ဒီအတိုင်းပဲ အနေအစားချောင်တာ၊ လုပ်ဘူးဟာ၊ လာမဆွယ်နဲ့'

ပြောပြောဆိုဆိုပဲ ထပြန်မယ်လုပ်တာနဲ့ တောက်ပြားက အတင်းဆွဲထားတယ်။ ပြောသေးတာ မိုးမှောင်က…

'ဘယ့်နှယ် သူတို့စွမ်းလို့ သူတို့ရတဲ့ဟာ ကြားကမနာလို ဖြစ်နေတယ်၊ အံမယ်… ငါမပါဘူးနော်၊ ဒီအကြောင်းတွေပြောတာ မင်းပဲ လာဖမ်းရင် ငါမပါဘူး၊ ဟော့ကောင် လွှတ်ကွာ၊ စိတ်ကို မဝင်စားတာ'



www.burmeseclassic.com

www.burmeseclassic.com


'ဟာကွာ… နေပါဦးဟ'

'ဟာ… မနေဘူးကွာ'

'ပြောစကားကို ဆုံးအောင်နားထောင်ပါဦးဟ'

တစ်ယောက်က ဆွဲတယ်။ တစ်ယောက်က ပြန်မယ်တကဲကဲနဲ့။ အတင်းချော့မော့ရင်း တားတယ်။ ယောက်ျားကြီးတွေတန်မဲ့ စိတ်ဆိုးနေတဲ့ သမီးရည်းစားတွေကျနေတာပဲ။ ဖြစ်နေပုံပြောပါတယ်။

'အဲဒါမဟုတ်ဘူးဆိုလည်း လိုရင်းပြောကွာ'

'အဟဲ… ငါလည်း သူများတွေပြောပြောနေတာ ကြားနေရလို့ ထည့်ပြောကြည့်တာ၊ တကယ်တော့ ရတနာကိစ္စကွ'

'ဟင်… ရတနာ'

BURMESE CLASSIC

မိုးမှောင် မျက်လုံးပါ အရောင်လက်လာပြီး ပြန်ထိုင်ကျသွားတယ်။ စိတ်ဝင်စားတာကိုး။ တောက်ပြားက သိနေတယ်ဆိုတဲ့ မျက်နှာပေးနဲ့ ထိုင်ရင်းပြောတယ်။

'ပြခန်းထဲက ရတနာတွေကို ခိုးမယ်'

'ဟွန်း… အစောကြီးကတည်းက ပြောရောပေါ့'

ဒါနဲ့ပဲ စိတ်ဆိုးပြေစ သမီးရည်းစားလို မျက်နှာချင်းဆိုင်ထိုင်ရင်း တွတ်ထိုးနေကြလေရဲ့။ သောက်လိုက် စားလိုက် ပြောလိုက်ပေါ့။

'ရနိုင်ပါ့မလား တောက်ပြားရယ်၊ နဂိုကတည်းက လုံခြုံရေးကောင်းတယ်၊ ဒီကြားထဲ မင်းက ကြိုပါပြောထားတော့ အနားတောင်ကပ်လို့ရမယ်မထင်ဘူး'

'အေးကွာ… ငါလည်း အကြွားထူသွားတယ်၊ ဒါမှ သူ့ကိုရှုမစိုက်တဲ့သဘောရောက်သွားမှာပေါ့'

ဆိုတော့ မိုးမှောင်က စွေကြည့်တယ်။ တောက်ပြားက ငကြွား၊


www.burmeseclassic.com

www.burmeseclassic.com


ကြွားစရာမရှိ ရှိတဲ့ပစ္စည်း ထုတ်ကြွားတာ၊ ဝှက်ထားတဲ့ရွှေလေး ငွေလေးပြောပါတယ်၊ အကြွားကောင်းလို့ ထောင်ခဏခဏကျတယ်၊ ဒါလည်း မှတ်လားဆို နိုးပဲ'

'မင်းကွာ… အကြွားမတော် တစ်ခွန်းတဲ့၊ မင်းလုပ်တာနဲ့ ငါတောင် မပူးပေါင်းချင်တော့ဘူး'

'ဒါဆို မလုပ်ဘူးပေါ့'

'ဟာ… လုပ်မှာပေါ့၊ ရရင် ငါတို့ အေးဆေးနေလို့ရပြီ ခိုးစားစရာမလိုတော့ဘူး'

'အင်…'

ငတက်ပြားက အံ့သြတကြီးကြည့်ပြီး ကြောင်နေတယ်။ ဟုတ်တယ်လေ။ ကြားရတဲ့စကားက ဆင်းရဲသားတွေကို ဝေတယ်ဆိုပြီး ခုတစ်မျိုးဆိုတော့…

'မင်း ပြည်သူတွေကို မဝေတော့ဘူးပေါ့'

'ဘာကွ'

'ဒုန်း…'

အရက်ခွက်ကို ဆောင့်ချလိုက်တယ်။ ပြီးမှ မေးတယ်။ စိတ်ဆိုးမာန်ဆိုးနဲ့။

'ငါမေးပါဦးမယ်၊ မင်းရော သက်စွန့်ဆံဖျားခိုးပြီး သူများကို ဘယ်နှခါပေးသတုံး'

'ဟာ… ပေးဖို့နေနေသာသာ စိတ်တောင်မကူးဘူး'

'အေး… ငါလည်း အဲလိုပဲ၊ ကိုယ်က အသက်နဲ့ရင်းပြီး ရတဲ့ပစ္စည်း သူများပေးစရာလား၊ ငါ အရူးမှမဟုတ်ဘဲ၊ မှတ်ထား ငါ စားပေါက်ချောင်အောင် သတင်းလွှင့်ထားတာ'


www.burmeseclassic.com

www.burmeseclassic.com



'ဟင်…'

ကောင်းရော။ စေတနာထက်သန်ပုံ ပြောပါတယ်။ တောက်ပြားက မိုးမှောင်ကို တစ်ခါမှမမြင်ဖူးသလို ငေးနေတယ်။ စိတ်ထဲမှာလည်း ဩော်… ငါ့လိုလူပါပဲလားလို့ တွေးနေသေးတာ။

နှစ်ယောက်သား စကားကို တိုးတိုးပြောရင်း ဆွေးနွေးနေကြတယ်။ ဒီအချိန်မှာပဲ အပေါက်ဝကနေ အသံတစ်သံကြားရတယ်။

'ဟား… ဟား… အဆင်သင့်လိုက်လေ'

'ဟင်… စုံထောက်မောင်ကောင်းပါလား'

'ဟား… ဟား… ငါပဲကွ၊ မင်းတို့ ထောင်နန်းစံဖို့သာပြင်'

ဂျိမ်း(စ)ဘွန်းစတိုင်အပြည့်နဲ့ စုံထောက်မောင်ကောင်းလေ။ သေနတ်ကို အောက်ချချိန်ရင်း ပြုံးနေတယ်။ မိုးမှောင်တို့ ဖြုံသွားကြတော့တာ။ ဟုတ်တယ်လေ။ လူမိုက်ချည်းရှိတဲ့နေရာ လာရဲလို့။ ဒါနဲ့ ဖြဲခြောက်တယ်။

'ဟင်း… ဟင်း… နယ်မြေအနေအထားကို ကြည့်ပြီးမှ ပြောပါ မောင်ကောင်းရဲ့'

'ဟင်…'

မောင်ကောင်းက ခေါင်းကို မလှည့်။ လက်ကိုမလှည့်ဘဲ မျက်လုံးတွေကို နေရာစုံလှည့်ရင်း အကဲခတ်တယ်။ ဒါပေမဲ့ သူတို့ ဟာသူတို့ သောက်နေစားနေကြတယ်။ ကြည့်ရတာ ဝင်ပါမယ့်ပုံမပေါ်ဘူး။ ဒါနဲ့…

'မောင်ဘွန်း၊ အဲလေ… မောင်ကောင်းတို့က ဒါမျိုးမကြောက်လို့ တာရိုးလျှောက်၊ အဲလေ… ဒါတွေမကြောက်လို့လာတာ၊ အသိဖို့သာပြင်'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်...'

ပြောလည်းပြော လက်ထိတ်ကို ထုတ်နေတယ်။ တောက်ပြားတို့ မျက်နှာလေးတွေ ငယ်သွားကြတယ်။ ဒီတစ်ခါ ဆားပုလင်း မင်းမောင်မဟုတ်ဘဲ အဖမ်းခံရမှာဆိုတော့ ခံပြင်းနေကြတယ်။

မောင်ကောင်းက အားရဝမ်းသာနဲ့ပြောရင်း ရှေ့တိုးလာတယ်။

'ဟား... ဟား... မင်းတို့ဟာ မင်းမောင်အတွက် ခက်ပေမယ့် ငါ့အတွက် ပမွှားပါကွာ၊ အဟီ... ရာထူးတိုးပြီ'

'ဒုတ်...'

'ဟင်... ဘာဖြစ်တာလဲဟင်'

စကားတောင်မဆုံးသေးဘူး။ ကုပ်ကို လက်ဝါးစောင်းနဲ့ ခုတ်ခံရတယ်။ မျက်လုံးလေး လယ်တယ်တယ်နဲ့ နောက်လှည့်မေးတော့ ပြုံးနေတဲ့ လူဝကြီးကို တွေ့ရတယ်။

'ဟင်... ပြည်ကြီး မလိုင်ဝကြီး'

ပြောပြီး အိပ့်ပုံ့နဲ့ လဲကျသွားတော့တာ။ မိုးမှောင်တို့နှစ်ယောက်က ကြက်သေသေနေကြတယ်။ လူဝကြီးက အခန်းအပြင် လှည့်ကြည့်လိုက်တယ်။

'ကဲ... ဒီအရှုပ်ထုပ်ကို ရှင်းလိုက်ကြ၊ ဝေးတဲ့လမ်းကြားထဲကိုသာ ပစ်ထားလိုက်ကြ'

'ရက်... ဘော့စ်'

တပည့်နှစ်ယောက်က မေ့နေတဲ့ မောင်ကောင်းကို တရွတ်တိုက်ဆွဲထုတ်သွားကြတယ်။ လူဝကြီးက ပြုံးရင်း မိုးမှောင်တို့ဝိုင်းမှာ ဝင်ထိုင်တယ်။

မိုးမှောင်တို့နှစ်ယောက် ကြောက်နေကြတယ်။ မကြောက်လို့



www.burmeseclassic.com

www.burmeseclassic.com


လည်း မရ။ ပြည်ကြီးမလိုင်ဝကြီးဆိုတာလည်း ကိုယ်တွေလို နာမည်ကြီးပဲ။ ဒါပေမဲ့ သူက ခားပြလေ။

ပြည်ကြီးမလိုင်ဝကြီး။ နာမည်အရင်းကတော့ ဝကြီးပဲ။ ပြည်ကလာတဲ့ မလိုင်လုံးတွေကို တအားကြိုက်တာလေ။ တဖြည်းဖြည်း နာမည်ကလည်း ကြီးလာတော့ သူများတွေလို တပ်စရာဘွဲ့က မရှိဘူး။ ဒါနဲ့ သူ့ဟာသူပဲ နာမည်ပေးလိုက်တာ။ အခုထိ ပြည်ကြီးမလိုင်ဝကြီးကိုဖြစ်လို့။

'ကဲ… ဒီကိစ္စအတွက် မင်းတို့ ငါ့ကို ကျေးဇူးတင်သင့်တယ် မဟုတ်လား'

'တင်သင့်ပါတယ်'

'ဟုတ်ပါတယ်၊ ကျေးဇူးတင်ပါတယ်'

'ဟင်း… ဟင်း…'

နှစ်ယောက်သား ကြွက်စုတ်လေးတွေလိုပဲ ကုပ်နေကြတယ်။ ဝကြီးက ကြောင်မကြီးမျက်နှာနဲ့ ရယ်နေတယ်။

'ဒါပေမဲ့ ကျုပ်က ကျေးဇူးတင်နေတာ မလိုချင်ဘူး၊ ဟင်း… ဟင်း…'

'ဘာကိုလိုချင်တာလဲဟင်'

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မျက်နှာတွေငယ်နေကြတယ်။ ဝကြီးက ခားပြမို့လား။ သူခိုးလက်က သူဝှက်လုတယ်ပဲ ကြားဖူးတာလေ။ ဝကြီးနဲ့တွေ့မှ သူခိုးလက်က ခားပြတိုက်တော့ မယ်ထင်လိုက်ကြလို့။ ဒါပေမဲ့ ဝကြီးက နှစ်ယောက်စလုံးကို စိမ်းစိမ်းကြီး ဝှံဝှံစားစားကြည့်ကာ…

'မင်းတို့ကိုလေ…'



www.burmeseclassic.com

 www.burmeseclassic.com 

'ဂျာ…'

နှစ်ယောက်သား ဖင်ကို ယောင်ယမ်းပိတ်လိုက်ကြတယ်။ မိန်းကလေးတွေလို မျက်လုံးလေးတွေလှန်ကြည့်ရင်း မခို့တရို့ဖြစ်နေကြတယ်။ အသံပါ နွဲ့သွားတော့တာ။

'မျှားတို့ကို အဲလေ… ကျုပ်တို့ကို ဘာ… ဘာလုပ်ဖို့လဲဟင်'

'အဟင်း…'

ကြောက်နေကြတယ်။ ကြားရတဲ့သတင်းတွေအရ ပြည်ကြီးမလိုင်ဝကြီးဆိုတာ ဂန်ဒူးတော့ မဟုတ်လောက်။ သေချာပြီ။ ဂန်ဒူးမဟုတ်ရင်တော့ နှာဘူးပဲ။ ဂန်ဒူးဆို ကိစ္စမရှိ။ နှာဘူးဆိုရင်တော့နာပြီလို့ တွေးနေကြတယ်။

'ကျုပ် ခင်ဗျားတို့နဲ့ အလုပ်တွဲလုပ်ချင်တယ်၊ လက်တွဲချင်တယ်လို့ ပြောတာ'

'ဟား… တော်ပါသေးရဲ့'

မိုးမှောင် နဖူးကစိမ့်ထွက်လာတဲ့ ချွေးတွေကို လက်ခုံနဲ့သုတ်တယ်။ ငတက်ပြားလည်း ဒီလိုပဲ။

'အခုလောလောဆယ်တော့ ကျုပ်တို့ ကိစ္စရှိသေးတယ်၊ စိတ်မရှိပါနဲ့ဗျာ'

'ဘာ…'

ဝကြီး ရုပ်မာသွားတယ်။ မျက်နှာမှာ လူသတ်ချင်တဲ့အရိပ်တွေ ဖြတ်ပြေးသွားတယ်။ ဟိုငတိနှစ်ယောက် ကြောက်သွားတော့တာ။ မျက်လုံးလေးတွေ ဝိုင်းလို့။

'ဘာကိစ္စလဲ ပြော'



www.burmeseclassic.com

www.burmeseclassic.com


'ဒါ… ဒါတော့ ပြောလို့မရ'

'တိတ်… မျိုချ'

'အင်…'

ဝကြီးက နှစ်ယောက်စလုံးကို မျက်ထောင့်နီနဲ့ ကြည့်တယ်။ ခါးကြားက သေနတ်ကိုထုတ်ပြီး စားပွဲပေါ် တင်တယ်။ ပြီးမှ ဘင်လာဒင်လေသံနဲ့။

'ပြောမှာလား မပြောဘူးလား'

'ဟင်…'

တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြတယ်။ မတတ်သာတဲ့အဆုံး ငတက်ပြားက ပြောရတယ်။

'ကျုပ်တို့ ရတနာပြခန်းကို ဝင်ခိုးမလို့'

'ဘာကွ'

အသံကြီးဆောင့်ထွက်လာတာနဲ့ ငြိမ်ကျသွားပြန်တယ်။ ရှူးရှူးရှားရှားနဲ့ ဝကြီးက မကြည်သလိုမေးတယ်။

'မင်းတို့ ဒီလိုလုပ်လို့ ရကြေးလား'

'ဒါမျိုးလုပ်လို့ မရဘူးလား'

'ဟင်… ဘာဖြစ်လို့လဲ'

ကြောင်တက်တက်လေး ဝိုင်းမေးကြတယ်။ ဟုတ်တယ်လေ။ ပြောပုံက သူ့အဖေပစ္စည်းတွေအတိုင်းပဲ။

'ဘာဖြစ်လာမှာလဲ၊ မင်းတို့ လုပ်လို့မရဘူး၊ ငါကြိတ်ကြံနေတာကွ'

'ဟင်…'

'ဟာဗျာ… ဘာပဲဖြစ်ဖြစ် ခင်ဗျားပိုင်တာမှ မဟုတ်တာ၊ ကျုပ်တို့ဘာသာ ခိုးချင်ခိုးမယ်၊ ဘာဖြစ်တုံး'


www.burmeseclassic.com

www.burmeseclassic.com



'အေးလေ'

'ဘာ… မင်းတို့ ငါ့ကို မကြောက်ကြဘူးလား'

'ကြောက်ပါဘူး'

'အေးလေ'

ပါးစပ်နဲ့ ပြောမရတော့ ဝကြီးက သေနတ်ကောက်ကိုင်တယ်။ နှစ်ယောက်သား ဇက်လေးတွေ တိုသွားကြတယ်။

'ကြောက်သွားကြပြီလား'

'အင်း…'

ခေါင်းညိတ်ပေမယ့် ဝကြီးကို ကြောက်တာတော့ မဟုတ်။ ကိုင်ထားတဲ့သေနတ်ကို ကြောက်ကြလို့လေ။ တေက်ပြားက မခံဘူး။ သူက မဟုတ်မခံသမားမို့လား။ ဒါပေမဲ့ ဟုတ်လည်း မခံဘူး။

'ကျုပ်တို့ကို ဒီလို အနိုင်ကျင့်မယ့်အစား သတ်သာသွား၊ အနိုင်ကျင့်မခံဘူး'

'ဟုတ်တယ်'

ရုပ်တည်နဲ့ မိုးမှောင်ကလည်း ထောက်ခံတယ်။ ဒါနဲ့ လေသံကိုလျှော့ သေနတ်ကိုချပြီး…

'မင်းတို့ကို ငါ အစကတည်းက ပူးပေါင်းမယ်ပြောထားတာလေ၊ အဟဲ… အနိုင်မကျင့်ပါဘူး၊ ညီတူညီမျှပေါ့'

'အဲလိုလုပ်ပါ'

တတ်တာ ပြောပါတယ်။ အဲလိုပဲ။ ဖြဲခြောက်လို့မရတော့လည်း ပူးပေါင်းတာပေါ့။ ဒါက လုပ်ရိုးလုပ်စဉ်ပဲ။ အမြတ်မရပေမယ့် အရင်းတော့ မရှုံးဘူးလေ။

'ဒါပေမဲ့ ဒီကိစ္စက မလွယ်ဘူးကွ'



www.burmeseclassic.com

www.burmeseclassic.com


'ဟာ… ဒါတော့ လွယ်ရင် ကိုယ့်ထက်ဦးတဲ့သူချည်းပဲပေါ့၊ မလွယ်လို့ ခက်နေတာ'

ဝကြီးက လေသံနဲ့ပြောတော့ တေက်ပြားက ပြန်ပက်တယ်။ ဒါနဲ့ သုံးယောက်သား ဝိုင်းကြံကြတယ်။ ဆိုးတာတစ်ခုက သုံးယောက်စလုံး အစွမ်းအစရှိကြပေမယ့် တုံးတာက နဂိုတုံးတွေလေ။

အထဲကို ဘယ်လိုဝင်ရမယ်ဆိုတာ တစ်ယောက်တစ်မျိုးပြောလိုက်၊ တစ်ယောက်က ပယ်လိုက်နဲ့ မပြီးတော့ဘူး။ နောက်ဆုံး ဝကြီးက…

'ကဲ… ဒီနေ့တော့ ထားကြ၊ ညကျ စဉ်းစားပြီး နောက်နေ့ထပ်ဆုံကြမယ်'

'ကောင်းတယ်'

သုံးယောက်သား တစ်ယောက်တစ်လမ်းပြန်သွားကြလေရဲ့။

❖ ❖ ❖

ဒီနေ့လည်း ထုံးစံအတိုင်း သုံးယောက်သား ဆုံကြပြန်ပြီ။ တွေ့တဲ့အကြိမ်ပေါင်းကလည်း မနည်းတော့ဘူး။ ဒါပေမဲ့ ဘာမှရေရေရာရာမရှိ။ စားလိုက် သောက်လိုက် စကားများလိုက်ပဲ။

အရင်ကဆို ဝကြီးက ဆရာပုံစံနဲ့ သူပဲ ရှေ့ကပြောပြောနေတာ။ ဒီနေ့တော့ ဘာမှမပြောသေးဘဲ အရက်ကိုပဲ သောက်နေတယ်။ ဟိုနှစ်ယောက်ကတော့ ဟိုလိုကောင်းတာ ဒီလိုကောင်းတာနဲ့ ငြင်းနေကြတယ်။

ပြောတော့လည်း ပါတနာတွေတဲ့။ တည့်ကြလားဆိုတော့လည်း မတည့်ကြပြန်ဘူး။ တေက်ပြားက…


www.burmeseclassic.com

www.burmeseclassic.com


'မင်းပဲ စဉ်းစားကြည့်၊ ငါက အခုနံအပုံ့ရတယ်လေ၊ ဒါပေမဲ့ ပြခန်းက တစ်လုံးတည်းထီးထီးရှိတာ၊ မင်းပြောသလို ဟိုဘက် အဆောက်အအုံခေါင်မိုးပေါ်က ငါလှမ်းခုန်တယ်ထား၊ ရောက်သွားမှာပေါ့၊ သန်းချိုင်းကုန်း ဒါလောက်အဝေးကြီးဟာကို၊ ဘာလဲ… မင်း ငါ့ကို သေကြောင်းကြံတာလား'

မိုးမှောင်က ပြုံးဖြီးဖြီးဖြစ်သွားတယ်။ တေက်ပြားက နည်းနည်းကို များများကြွားတာလေ။ အမြင်ကတ်လို့ မြှောက်ပေးတာ။ ဒါပေမဲ့ သိတယ်မလား။ တေက်ပြားက အမြှောက်ကြိုက်ပေမယ့် ပါးတယ်။

'အဟဲ… သိဘူးလေ၊ ငါက ဒါလောက်တော့ ရမယ်ထင်လို့။ မင်းပဲ ပြောပြောနေတာ၊ ဆေးအောင်ထားတာဆို'

မျက်စောင်းထိုးရင်း တေက်ပြားက ရန်ပြန်တွေ့တယ်။

'ဟ… ငါအောင်ထားတာ ကြောင်ဆေး၊ အဲလေ… ကြောင်မျက်ရှင်ဆေးဟ၊ လေယာဉ်ပျံဆေး မဟုတ်ဘူး၊ တော်ရုံပဲ ခုန်နိုင်မှာပေါ့'

'ဩော်… ဟုတ်လား၊ အဟိ…'

'မင်းနော်… ဟွန်း…'

တေက်ပြားက မိုးမှောင်ကို မျက်စောင်းဆင့်ဆင့်ထိုးတယ်။ ဝကြီးက တေက်ပြားရဲ့စကားကို စိတ်ဝင်စားသွားတယ်။

'ကြံ့တုန်း ပြောပြစမ်းပါဦးဗျ၊ အဲဒီကြောင်ဆေးအကြောင်း'

'ကြောင်မျက်ရှင်ဆေးလုပ်ပါဗျ'

'ကဲ… ထားပါ၊ လွယ်လွယ် ကြောင်ဆေးပဲ၊ အဟဲ… ခင်ဗျားကိုယ်တိုင်ကလည်း ကြောင်တောင်တောင်မို့လား'


www.burmeseclassic.com

www.burmeseclassic.com


'အဟီး…'

ဝကြီး စကားကြားတော့ မိုးမှောင်က သဘောကျသွားပေမယ့် တေက်ပြား မျက်နှာကြီးမဲ့သွားတယ်။ ဒါပေမဲ့ ပြောချင် ကြွားချင်တော့ ကြိတ်မှိတ်ပြီးပြောပြတယ်။ မသိရင် ကလေးတွေကို ပုံပြောပြတာလို လေ။

'ဒီလိုဗျ… ကျုပ်ငယ်ငယ်က ဘုန်းကြီးကျောင်းမှာ နေရတာ လေ၊ အဲတော့…'

'အေး… ဒါကြောင့် ငါထင်ပါတယ်၊ အဟဲ… အစား အသောက်ဆို မင်းလက်က သွက်ပါတယ်လို့၊ လက်စသတ်တော့ ဘုန်းကြီးကျောင်းသားကိုး'

မိုးမှောင်က ဝင်ဖောက်တယ်။ တေက်ပြားက မျက်စောင်း တစ်ချက်လှမ်းထိုးရင်း ဆက်ပြောတယ်။

'ကျုပ်ရဲ့ရုပ်ခံကလည်း လူမြင်ရင် ချစ်ခင်တယ်မို့လား၊ အဟဲ… ရုပ်ခံကိုက ကောင်းလွန်းနေတော့ တစ်ကျောင်းလုံးက ဝိုင်း ချစ်ကြတယ်လေ၊ ဟား… ဟား…'

'ဘာလဲ ဖွန်းနဲ့လား'

မိုးမှောင်စကားကို မကြားယောင်ဆောင်တယ်။ ဝကြီးက စိတ်ဝင်တစား နားထောင်နေတယ်။ ဆက်ပြောတယ်။

'အဲလိုပေါ့ဗျာ… ဝိုင်းချစ်ကြတော့ ဟိုဘုန်းကြီးက မုန့်ဖိုး ပေး၊ ဒီဘုန်းကြီးက မုန့်ဖိုးပေးနဲ့၊ အဟဲ… ကျောင်းထိုင်ဘုန်းကြီးဆို ချစ်လွန်းလို့ဆိုပြီး…'

'ဘာလဲ… ကြိမ်လုံးနဲ့ နေ့တိုင်းရိုက်တယ်ပေါ့'

'ဘာကွ'


www.burmeseclassic.com

www.burmeseclassic.com



တင်းသွားတယ်။ မိုးမှောင်ကို လှည့်ပောက်တော့တာ။ ဝကြီးက ရယ်နေတယ်။

'ဟော့ကောင်… မင်းနော်၊ ပြောင်ချင်နောက်ချင်ရင် အငြိမ့်ထဲဝင်၊ ဒီမှာ လူကြီးစကားပြောနေတာ ဝင်ဝင်မပါနဲ့'

မခံဘူး ပြန်ပက်တယ်။

'မင်းကရော ဟုတ်လို့လား၊ ဟိုဆေးအကြောင်း မေးနေတာ၊ မင်းအကြောင်းမေးတာလား၊ လိုရင်းပဲ ပြောပေါ့'

'ဟုတ်တယ်၊ မင်းက လျှာအတော်ရှည်တာကလား'

ဝကြီးကလည်း မိုးမှောင်ဘက်ပါတယ်။ တေက်ပြားလည်း စိတ်ချဉ်ပေါက်တာနဲ့ပဲ…

'ဟာ… ငါ လျှာရှည်တာ၊ ဘာဖြစ်လဲ၊ ဒါပေမဲ့ ငါ့နှာခေါင်းတော့ ငါပြန်လျက်လို့ မရဘူးလေ'

'ရရင်လည်း မင်း ခွေးဖြစ်နေပြီပေါ့'

'ဘာကွ'

'ဟုတ်တယ်လေ၊ ခွေးပဲ ကိုယ့်နှုတ်သီးကိုယ်ပြန်လျက်လို့ရတာ'

'မင်းတော့လား'

အခြေအနေတင်းမာလာတာနဲ့ပဲ ဝကြီးက ကြားဝင်လိုက်ရတယ်။

'ကဲ… တော်ကြပါဗျာ၊ ကလေးတွေကျနေတာပဲ၊ ကိုမိုးမှောင်ခင်ဗျားလည်း တော်၊ တေက်ပြား မင်းဆက်ပြောကွာ'

'အဟီ…'

တေက်ပြား မိုးမှောင်ကို ဘုကြည့်ကြည့်ရင်း ဆက်ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com


'ငါဆယ့်ရှစ်နှစ်လောက်ရောက်တော့ တစ်ညမှာပေါ့၊ ကျောင်းခေါင်မိုးပေါ်ကနေ တညောင်ညောင်နဲ့ အသံတွေကြားရတယ်၊ ကြောင်စုံတွဲ သောင်းကျန်းတယ်မှတ်တာ၊ အေးအေးပဲနေကြတယ်၊ နို့ပေမဲ့လေး၊ ငါးရက်ဆက်တိုက်ပဲ ဒီအသံက မပျောက်ဘူး၊ ပုပ်စော်ကလည်းနံလာတာနဲ့ ကျောင်းခေါင်မိုးပေါ်တက်ကြည့်တယ်'

'တက်ကြည့်တော့ ဘာတွေ့လဲ'

'အေး… ငါတွေ့တာက မင်းအခွက်လို မည်းမှောင်နေတဲ့ကြောင်ကြီးတစ်ကောင်၊ မင်းနဲ့ သားအဖဆို ယုံမယ်၊ အံမယ်…တစ်ထေရာတည်းပဲ၊ မင်းကမှ သွားနဲ့ မျက်လုံးဖြူသေးတယ်၊ ဟိုကအကုန်မည်းတာ၊ အေးလေ… ဘာမှမထူးပါဘူး၊ မင်းအတိုင်းပဲ၊ အဟဲ… တူတာပြောပါတယ်'

'ခွီး…'

ဒီတစ်ခါတော့ မိုးမှောင် ခံလိုက်ရတယ်။ မျက်နှာကြီးမဲ့ပြီးကြောင်သံထွက်လာတော့တာ။

'အဲမှာ ဆေးအကြောင်းနားလည်တဲ့ ဘုန်းကြီးက အဲဒီကြောင်ကိုဆေးဖော်ပြီး ငါနဲ့ထိုက်တယ်ဆို ဆေးထိုးပေးတယ်၊ လွယ်လွယ်ပဲဆေးအောင်သွားတယ်ဆိုပါစို့၊ ငါကလည်း နဂိုစိတ်ရင်းက ခိုးချင်ခွက်ချင်တာလေ၊ ဘုန်းကြီးကျောင်းနဲ့ မအပ်စပ်တော့ ထွက်လာခဲ့တာ
ချိန်ထိပဲ'

'ကြောင်ဆေးအောင်တာ ဘယ်လိုနေတုံး'

'ကြောင်တောင်တောင် နိုင်တာပေါ့၊ ဟုတ်ဘူးလား'

'မင်းနော်'

ဝကြီးရဲ့အမေးကို မိုးမှောင်က ဝင်ဖြေတယ်လေ။ ငတက်ပြားက မကျေမနပ်နဲ့ ကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'အခု မင်းတို့သိတဲ့အတိုင်း ငါ အရမ်းစွမ်းသွားတာပေါ့၊ အဟဲ...'

'ဒါကြောင့်မို့ ပြောတာ၊ ဟိုခေါင်မိုးပေါ်ကနေ ခုန်တက်ပါဆို'

'မင်းနော်'

'အဟီး'

'ကဲ... တော်ကြပါကွာ၊ မင်းတို့ကို ပြောစရာရှိတယ်'

'ဘာလဲ'

စိတ်ဝင်တစား ပြိုင်တူမေးလိုက်ကြတယ်။

'ငါ ညက စဉ်းစားတယ်၊ ငါတို့ တစ်ယောက်တစ်မျိုးစွမ်းတာတော့ ဟုတ်တယ်၊ ဒါပေမဲ့ ဉာဏ်အတော်ကိုကောင်းပြီး ဦးဆောင်နိုင်မယ့်လူတစ်ယောက် လိုမယ်ထင်တယ်လေ'

'ဟာ... ဝေစုနည်းသွားမှာပေါ့'

'အေးလေ'

မကျေမနပ် ကန့်ကွက်ကြတယ်။ ဘယ်ဆီကနေမှန်း မသိတဲ့ ဝေစုကို မက်နေကြပြန်တယ်။ အဲလိုပဲ။ မသိရင် ကိုယ့်အိမ်ထဲက ပစ္စည်းအတိုင်းပဲ။ လောဘကြီးပုံ ပြောပါတယ်။ ဝကြီးက ပြုံးတယ်။

'ဝေစုပေးစရာမလိုဘူး၊ တစ်ခုရှိတာက သူလိုတဲ့ပစ္စည်းလေး တစ်ခုပေးရုံပဲ'

'ဟင်... တကယ်'

'ဟာ... တကယ်ပေါ့၊ သူလိုတဲ့ပစ္စည်းကလည်း ပြတိုက်ထဲမှာ ပြထားတဲ့ ဘလူး(စ)စတုန်း(စ)ဆိုတဲ့ ကျောက်တုံးပြာလေး'

'ဟင်... သူက ဘာလုပ်ဖို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



တက်ပြားတို့ နားမလည်နိုင်ကြဘူး။ ဒါလောက်ထောင်ဘေးနဲ့နီးတဲ့ အလုပ်အတွက် ဒီဘာမှအဖိုးမတန်တဲ့ ကျောက်တုံးလေးပဲယူမယ်ဆိုလို့လေ။ ပြုံးနေတဲ့ ဝကြီးမျက်နှာ တည်သွားတယ်။

'မင်းတို့ ဒီပစ္စည်းကို ဘာလုပ်ဖို့ထက် သူဘယ်သူလဲဆိုတာ အရင်မေးသင့်တယ်'

'ဘယ်သူလဲ'

ဝကြီးက အရက်ခွက်ကို မော့လိုက်တယ်။ ပြီးမှ . . .

'စနေအောင်အောင်'

'ဗျာ'

'ဟာ'

တက်ပြားတို့နှစ်ယောက် လန့်သွားကြတယ်။ ပုတ်ဝန်းကျင်ဟာ ခဏတိတ်သွားသလိုပဲ။ တက်ပြားနဲ့ မိုးမှောင် တစ်ယောက်နဲ့တစ်ယောက် ကြည့်နေကြတယ်။ မျက်နှာသေလေးတွေနဲ့။

စနေအောင်အောင်ဆိုတာ နှယ်နှယ်ရရမဟုတ်။ တချို့ဆို သိကြားမင်းရဲ့ မယားပါသားလို့ တင်စားကြတယ်။ အဲလောက်စွမ်းတာ။ ဒီတော့ နာမည်ကြားတာနဲ့တင် တုန်နေကြတယ်။

'နေပါဦး ကိုဝကြီးရဲ့၊ ဒီလူက လူသူတော်မဟုတ်လား၊ ဒီလို အလုပ် လုပ်ပါ့မလား'

'ဟာ . . . လုပ်တာပေါ့၊ မတရားမှ မဟုတ်တာ၊ တရားတာ လုပ်တာပဲ'

'အင်း . . . ဒါဆိုရင်တော့ ကျုပ်တို့ အောင်မြင်ရမှာပေါ့၊ ဒီလူက ဒါမျိုးကျွမ်းတယ်'

တက်ပြားတို့နှစ်ယောက် ကျေနပ်သွားကြတယ်။



www.burmeseclassic.com

www.burmeseclassic.com


'သူနဲ့ ဘယ်တော့တွေ့မှာလဲ'

'မနက်ဖြန် ဒီနေရာမှာပဲ'

သုံးယောက်သား စကားခဏတိတ်သွားကြတယ်။ သူတို့ဝိုင်းရဲ့ တစ်ခုံကျော်မှာ တစ်ယောက်တည်းထိုင်နေသူက ကြိတ်ပြုံးတယ်။

ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားတော့ ဘယ်သူမှန်းမသိဘူး။ အရက်ခွက်ကို ကောက်မော့ပြီး အခန်းထဲက ထွက်သွားတယ်။ စိတ်ထဲမှာလည်း တကယ့်နာမည်ကြီးတွေကို လူစုံမိတော့မှာမို့ ကျေနပ်နေတော့တာ။

တွေးနေတာ ပြောပါတယ်။

❐ ❐ ❐


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

အိုင်ပီအောင်နိုင် စားပွဲမှာထိုင်ရင်း မောင်ကောင်းတို့ကို အကဲခတ်နေတယ်။ ဘီလပ်ပြန် ဆရာဖိန့်၊ မောင်ကောင်း၊ လှမောင်တို့ သုံးယောက် ကျိတ်ကျိတ် ကျိတ်ကျိတ်နဲ့ ဘာတွေပြောနေကြတာရယ် မသိ။

ခါတိုင်းဆို တွေ့တာနဲ့ တစ်ယောက်နဲ့တစ်ယောက် မျက်စောင်းတွေချိတ်ကြ၊ မဲ့ကြ ရွဲ့ကြနဲ့လေ။ ကိုကိုလေးက ဟိုလူတွေကို ပေစောင်းစောင်းနဲ့ကြည့်ရင်း အိုင်ပီအောင်နိုင်ဆီ လာတယ်။

'ဘယ်လိုလဲဗျ အိုင်ပီရဲ့၊ ကြည့်ရတာ ကျုပ်တို့ရုံး ဒီနေ့ အတော်ထူးခြားနေပါလား၊ ခွေးနဲ့ ကြောင် တည့်ကြလေ၏ဆို ယုံရဦးမယ်၊ ဒီလူသုံးယောက်ကို ဒီလိုတွေ့ရတာ တယ်မကောင်းလှဘူး'

'ဟုတ်ပ၊ ဘာတွေကြံနေကြတာလဲ မသိဘူး'

'ကိစ္စမရှိဘူး၊ ကျုပ် သွားစပ်စုလိုက်ဦးမယ်'

'ဒါလည်း ကောင်းတာပဲ၊ နောက်ပြီး ကျုပ်ကို ပြန်ပြောပြနော်'

'ဟုတ်ကဲ့ပါပြီ'



www.burmeseclassic.com

www.burmeseclassic.com


ဦးကိုကိုလေးက ကားကား ကားကားနဲ့ ဟိုလူစုဆီသွားတယ်။ မောင်ကောင်းရဲ့ စကားသံတိုးတိုးကြားရတယ်။

'ဟိုတစ်ခါ ကျုပ်တစ်ယောက်တည်း သွားဖမ်းတာ ခံခဲ့ရလို့ သေချာတယ်ဗျ၊ စနေအောင်အောင်ပါ ပါမယ်'

ဘိလပ်ပြန် ဆရာဖိန့်က လေးနက်တဲ့ပုံနဲ့…

'ခင်ဗျားဟာက သေချာရဲ့လား'

'ဟာ… သေချာပါတယ်၊ ကျုပ်တို့တစ်တွေ ရာထူးတိုးမယ်၊ ဟော… နာမည်ကောင်းပါ ရဦးမှာ'

မစားရ ဝခမန်းပြောရင်း ဝမ်းသာနေကြတယ်။ ဖမ်းတာက နောက်။ ရာထူးအကြောင်း အရင်ပြောနေကြတယ်။ မသိရင် တကယ် ပဲမိမှာလို။

သူတို့ တကယ်စဉ်းစားရမှာက တကယ့်ဒိတ်ဒိတ်ကျဲတွေ ဆိုတာကို။

လှမောင်က ဝင်မေးတယ်။

'ကျုပ်တို့သုံးယောက်ပဲ သွားကြမှာလား'

'ဟင့်အင်း… ပုလိပ်သား ငါးယောက်လောက်ဆို ဖြစ်ပြီ'

'ဟာ… မများလွန်းဘူးလား မောင်ကောင်းရယ်၊ တကယ် တော့ ဒီလူလေးယောက်လောက်ကတော့ ကျုပ်တစ်ယောက်တည်းနဲ့ တင် ပြီးပါတယ်'

'အံမယ်…'

မောင်ကောင်းနဲ့ ဆရာဖိန့်က မဲ့ရွဲ့သွားတယ်။ ကြွားချက်က တော့ အထင်ကြီးချင်စရာလေ။ ဒါပေမဲ့ အကြောင်းသိတွေဆိုတော့ မသိယောင်ပဲ ဆောင်နေလိုက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com


'အဟမ်း'

'ဟင်…'

ကိုကိုလေးက အနားကပ်ပြီး ချောင်းဟန့်လိုက်မှ မျက်စိမျက်နှာတွေ ပျက်ကုန်ကြတယ်။

ကိုကိုလေး ပြုံးရင်း မေးလိုက်ယ်။

'ဘယ်လိုလဲ ဆရာဖိန့်ရဲ့၊ တိုးတိုးတိတ်တိတ် ဘာတွေပြောနေကြတာလဲ၊ ကျုပ်သိတယ်နော့'

'အဟဲ… ဘာမှမဟုတ်ပါဘူး၊ ကျုပ်တို့သုံးယောက် အိမ်ပြန်ပြီး ကြိတ်ဝိုင်းလေးလုပ်မလား ပြောနေကြတာ၊ ဟာကောင်တွေ ဟုတ်တယ်မလား'

'အေးလေ'

မျက်နှာအပျက်ပျက်နဲ့ ဝိုင်းဖာကြတယ်။

'သိပါဘူးဗျာ၊ ကျုပ်က လူဆိုးတွေများ ဖမ်းကြမလားလို့'

'မဖမ်းပါဘူးဗျာ၊ ခင်ဗျားတို့ပဲ ဖမ်းကြပါ၊ ကျုပ်တို့က နေပါတယ်'

'ဘုရားရေ… နားကြားများလွဲသလား၊ ဟဲ… ဟဲ… ဟဲ…'

ဆရာဖိန့်ရဲ့စကားကြောင့် ကိုကိုလေး အံ့သြဟန်ဆောင်တယ်။ သူမှသူ လူတတ်ကြီးက တခြားလူတွေကို မြှောက်ပြောလို့လေ။ မောင်ကောင်းက လောဆော်လိုက်တယ်။

'ကဲ… ကဲ… ကျုပ်တို့ သွားလိုက်ကြရအောင်၊ ကျန်တာ ဟိုရောက်မှ ဆက်ပြောကြတာပေါ့'

'ကဲ… ဦးကိုကိုလေးရေ၊ သွားလိုက်ပါဦးမယ်'


www.burmeseclassic.com

www.burmeseclassic.com



လှမောင်က နှုတ်ဆက်တယ်။

ဦးကိုကိုလေးက ခနဲ့တယ်။

'ကောင်းပါပြီဗျာ၊ ခင်ဗျားတို့ ဆန္ဒနဲ့ လက်တွေ့ ထပ်တူကျပါစေဗျာ'

'ဘာလဲဗျ ခင်ဗျားစကားက'

'သြော်… ဝိုင်းကောင်းပါစေလို့'

'သြော… ကောင်းရမှာပေါ့'

ဦးကိုကိုလေးက မာန်တချီချီနဲ့ ထွက်သွားကြတဲ့လူတွေကို ကြည့်ပြီး ပြုံးလိုက်တယ်။ တကယ်တော့ နောက်ကနေ နားထောင်လို့ ကြားပြီးသား။

အိုင်ပီအောင်နိုင်ဆီရောက်တော့ အကျိုးအကြောင်းပြောပြီး ဆားပုလင်းမင်းမောင်ဆီ လစ်သွားကြတယ်။

❖ ❖ ❖

'ဘာ…'

ဆားပုလင်းမင်းမောင် မျက်လုံးပြူးကြီးနဲ့ အံ့သြတကြီးမေးတယ်။ ကိုယ့်နားပင် ကိုယ်မယုံတဲ့ပုံ။ ဟုတ်တယ်လေ။ တကယ့်နာမည်ကြီးတွေကို ဒီလူလောက်နဲ့ သွားဖမ်းလို့ကတော့ အသက်နဲ့ကိုယ် အိုးစားကွဲကုန်ကြမှာလေ။ ပေကြောင်ကြောင်လေးတွေ ကြည့်နေကြတဲ့ အိုင်ပီအောင်နိုင်တို့နှစ်ယောက်ကို ကြည့်ပြီး…

'မဖြစ်နိုင်ဘူး၊ ဘယ်လိုမှကို မဖြစ်နိုင်တာ၊ ဒီဒိတ်ဒိတ်ကျဲပုဂ္ဂိုလ်တွေကို ဒါလောက်လွယ်လွယ်နဲ့ ရပါ့မလား၊ အံမယ်… သူတို့



www.burmeseclassic.com

www.burmeseclassic.com



မပြောနဲ့၊ ကျုပ်ဆို ဒီလူလေးယောက် မဟုတ်ဘူး၊ နှစ်ယောက်လောက် ဆိုရင်တောင် ရှောင်မှာ'

'အေးလေ… အားကိုးရပုံနှယ်'

ကြောက်ကြောက်လန့်လန့်နဲ့ အတင်းငြင်းတယ်။ သတ္တိကောင်းတာ ပြောပါတယ်။

ဟိုနှစ်ယောက်ကတော့ မဲ့လို့ ရွဲ့လို့။

'ဒါဖြင့် ခု ဘာလုပ်ကြမှာလဲ'

'ဟာ… ဘာလုပ်ရမှာလဲ၊ မသိယောင်ဆောင်တာပဲ ကောင်းတယ်'

'အန်'

မင်းမောင်ကတော့ ရုပ်ကိုတည်လို့။ စိတ်ထဲမှာလည်း မနိုင်တဲ့ ဓာတ် မကတာကောင်းတယ်လို့ တွေးနေတယ်။

'ခင်ဗျားဗျာ… ကျုပ်တို့က အားကိုးတကြီးလာခဲ့တာ၊ အခု တော့ ရေထဲ ရေရောသလိုပါပဲလား'

'ဟုတ်ပါ့ဗျာ၊ ကျုပ်ကတော့ အားရဝမ်းသာ သွားများဖမ်း မလားမှတ်တယ်၊ ကြောက်တတ်လိုက်တာ'

အထင်သေးတဲ့သဘောနဲ့ ဝိုင်းကြည့်ကြတော့ မင်းမောင်က မလုံမလဲနဲ့ အကြဲထုတ်တယ်။

ဘယ်လိုကာဗာယူရင် ကောင်းမလဲပေါ့။ ခဏကြာမှ အကြံ ပေါ်သွားပြီး တဟင်းဟင်းနဲ့ ရယ်တယ်။

'ဟင်း… ဟင်း… ခင်ဗျားတို့ ကျုပ်ကို အထင်လွဲနေကြ ပြန်ပါပြီ'

'ဘာဗျ… ဘာမှအထင်မလွဲဘူး မြင်ကို မြင်နေရတာ'



www.burmeseclassic.com

www.burmeseclassic.com



'အေးလေ… ကွင်းပြင်မှာ ကသစ်ပင်ကြီးကို အထင်အရှား မြင်ရက်သားနဲ့ ကသစ်ရွက်ကို ရှာခိုင်းနေပြန်ပြီ'

နှစ်ယောက်သား ဝိုင်းအပြစ်တင်ကြတော့ ထပ်ပြုံးလိုက်တယ်။ ဟုတ်တယ်လေ။ ကံကောင်းရင် တစ်ချက်တည်းနဲ့ နာမည်ကြီးမှာ။ အဲ… ကံမကောင်းရင်တော့ မသာလောင်းပေါ့။ ဘာပဲဖြစ်ဖြစ် ဒါလောက်တော့ ရင်းရမှာပေါ့။ ဒါပေမဲ့…

'ဟင်… ဟင်း… ခင်ဗျားတို့ မေ့နေကြပြီထင်တယ်၊ ကျုပ်တို့အချင်းချင်းက စည်းစောင့်ရမယ်လေ'

'ဟာဗျာ… မလိုပါဘူး'

'လိုပါသကော ဦးကိုကိုလေးရယ်၊ ကျုပ်တို့က တစ်ရုံးတည်း တစ်ဖွဲ့တည်းသားချင်းတွေဆိုတော့ သူ့ခွင် ကိုယ့်ခွင် စည်းထားရတယ် မဟုတ်ဘူးလား'

ဟိုနှစ်ယောက်က ငြိမ်နေကြမှ ဆက်ပြောတယ်။

'ဘာဖြစ်လဲ၊ သူတို့ဖမ်းလို့မိတော့လည်း ကျုပ်တို့ ဂုဏ်တက်တာပေါ့၊ သဘောထားကြီးစမ်းပါ၊ စိတ်ထားမြင့်မြတ်လေ လူဟာ တန်ဖိုးတက်လေပဲဗျ၊ ဟွင်း… ဟွင်း…'

နှစ်ယောက်သား မင်းမောင်ကို တလေးတစား ဝိုင်းကြည့်ကြတယ်။ အတော်ကို အထင်ကြီးသွားကြတာလေ။ ဆားပုလင်းမင်းမောင်က စီးကရက်တစ်လိပ်ကို ထုတ်ဖွာရင်း စဉ်းစားဟန်ပြုတယ်။

တကယ်တော့ ဖိန့်တာ။ ကလည်ဖို့လေ။ ကိုယ့်ဘက်ပါအောင် အတင်းစည်းရုံးတယ်။

'တကယ်တော့ ကျုပ်တို့ချင်း ညီညွတ်ရင် ဘယ်လူဆိုးသူခိုးမှ မနေရဲပါဘူးဗျ၊ အဓိကက စည်းလုံးဖို့ပဲ၊ ဟော… ဟိုသူတို့ ခုလို



www.burmeseclassic.com

www.burmeseclassic.com


စည်းလုံးသွားတာ ဘယ်လောက်ဝမ်းသာစရာကောင်းလိုက်လဲ၊ အဟဲ… ဘာပဲဖြစ်ဖြစ် သူတို့ နာမည်ကြီးသွားတော့လည်း ကျုပ်တို့ ဝမ်းသာ ဂုဏ်ယူရတာပေါ့'

အိုင်ပီအောင်နိုင်က ရုပ်တည်နဲ့ ထလိုက်တယ်။ မင်းမောင်က တော့ ရင်တထိတ်ထိတ်နဲ့ ဖြစ်နေတယ်။ လက်ညှိုးငေါက်ငေါက်ထိုး ပြီး အပြစ်တင်မယ်ထင်တာ။ မဟုတ်ဘူး။

လက်ကိုကမ်းပေးရင်း…

'ကွန်ဂရက်ကျူလေးရှင်း ကိုမင်းမောင် ခင်ဗျား၊ တကယ့်လူ ပဲ၊ ကျုပ် အထင်မှားမိတာ ခွင့်လွှတ်ပါ'

'ဟင်…'

အံ့သြသွားတယ်။ ဦးကိုကိုလေးကလည်း စိတ်မကောင်းသံ နဲ့…

'ဟုတ်ပါတယ် ကိုမင်းမောင်၊ ကျုပ်လည်း တောင်းပန်ပါ တယ်၊ ခင်ဗျားဟာ သဘောထားအလွန်ကောင်းတဲ့လူပဲ၊ ကျုပ် ခင်ဗျား နဲ့ ခင်မိတာကို ဂုဏ်ယူတယ်ဗျာ'

'အေးဗျာ… ကျုပ်ကလည်း ဒါလောက်မဟုတ်ပါဘူး၊ ဟင်း… ဟင်း… ရပါတယ်'

မင်းမောင် ဘဝင်လေဟပ်သွားတော့တာ။ သူ့ရဲ့ကောင်းကြီး ကို ဖြစ်လို့။ အမှန်တော့ မဖမ်းရဲလို့ လက်ရှောင်တာလေ။ ဒါကို လူကြားကောင်းအောင် ပြောနေတာ။ ပြောထားပါတယ်။ မင်းမောင် တို့က ကလည်တာ ကလိမ်တာ နဂိုကျွမ်းပါလို့။

ခဏကြာတော့ နှစ်ယောက်သား နှုတ်ဆက်ပြီးပြန်သွားကြ တယ်။ ဒီတော့မှ သက်မကိုချပြီး ထိုင်ကျသွားတယ်။ ညည်းသေးတာ။


www.burmeseclassic.com

www.burmeseclassic.com


'အံမယ်လေး… ဒီလူလေးယောက်ပြူးကြီးကိုဖမ်းမယ့်အစား ပုလိပ်မင်းကြီးရဲ့ နှုတ်ခမ်းမွေးပဲ သွားနုတ်တော့မယ်'

… တဲ့လေ။

❖ ❖ ❖

မိုးမှောင်၊ ဝကြီး၊ တေက်ပြားတို့သုံးယောက် ဣန္ဒြေမရဖြစ်နေကြတယ်။

စောင့်ရတာ ကြာလှပြီ။ ခုချိန်ထိ စနေအောင်အောင်ရဲ့ အရိပ်တောင် မတွေ့ရဘူး။

ဒီနေ့မှ ဘာဖြစ်တယ်မသိ။ ဟိုတယ်ထဲမှာ လူရှင်းနေတယ်။ မကြုံစဖူးမို့လို့ ထူးဆန်းနေတယ်။ ချိန်းထားတော့ မစောင့်လို့လည်း မကောင်းဘူး။

ဒီတော့ မျက်စိကိုဖွင့်၊ နားကိုစွင့်ရင်း ရင်ထိတ်နေကြတယ်။ တေက်ပြားရဲ့ မကျေမနပ်အသံ ပေါ်လာတယ်။

'ဘယ်လိုလဲဗျ… ကိုဝကြီး၊ ဆရာကြီး စနေအောင်အောင်လာမှာ သေချာပါတယ်နော်'

'စနေအောင်အောင်လိုလူမျိုးက ကတိတစ်လုံးနဲ့ နေတာပါဗျ။ ကျုပ်ကို ယုံစမ်းပါ'

မိုးမှောင်ကတော့ ပါးစပ်ကို ပိတ်ထားတယ်။ ဝကြီးက ပြုံးလိုက်တယ်။

'ခင်ဗျားတို့စောင့်ရတာ ပျင်းမယ်ဆိုရင် ကျုပ် ပုံပြင်တစ်ပုဒ် ပြောပြမယ်လေ'


www.burmeseclassic.com

www.burmeseclassic.com


'ဟာဗျာ… နားထောင်ချင်ပါဘူး၊ ကလေးမဟုတ် ဘာမဟုတ်နဲ့'

'အေးလေ… မသကာ သီချင်းလောက်ဆိုပြ တော်သေးတယ်'

နှစ်ယောက်သား ဝိုင်းကန့်ကွက်တာနဲ့ပဲ မဲ့သွားတော့တာ။ တင်းသွားတယ်။

ဒါနဲ့ ဘာမှကို မပြောတော့ဘဲ သောက်နေတော့တာ။

စိတ်ထဲမှာတော့ နေနှင့်ကြဦးပေါ့ကွာ။ ပစ္စည်းတွေရမှ တွေ့မယ်လို့ ကြိမ်းဝါးနေတယ်။

အပြင်ပန်းအားဖြင့်တော့ ပြုံးနေလေရဲ့။

❖ ❖ ❖

ဒီလိုပဲ အခန်းပတ်လည်ကို ဝိုင်းထားတဲ့ ပုလိပ်အဖွဲ့ကလည်း စောင့်ရတာ စိတ်မရှည်တော့ဘူး။ လူရှင်းနေတာရဲ့ အဓိကအကြောင်းရင်းက ဒါပဲ။

မောင်ကောင်းတို့က ပုလိပ်ပါဝါကိုသုံးပြီး အမိန့်ထုတ်ထားတော့ ဒီထဲမှာ မိုးမှောင်တို့နဲ့ ဝန်ထမ်းတွေကလွဲလို့ မရှိပါ။

ဘီလပ်ပြန် ဆရာဖိန့်က စိတ်မရှည်သံနဲ့။

'ဘယ်လိုလဲ မောင်ကောင်း၊ မင်းပြောတော့ စနေအောင်အောင်လာမှာဆို၊ စောင့်ရတာ ညောင်းပါနေပြီ'

လှမောင်ကလည်း ထောက်ခံတယ်။

'ဟုတ်ပါ့ကွာ… လောလောဆယ် စနေအောင်အောင်က


www.burmeseclassic.com

အခိကမကျဘူး၊ ဒီအတိုင်းဝင်ဖမ်းကြမလား၊ တော်ကြာ လွတ်သွားဦး မယ်'

မောင်ကောင်းလည်း ခေါင်းကို တဗျင်းဗျင်းကုတ်ရင်း စဉ်းစား တယ်။ ဒါပေမဲ့ နဂိုတုံးမို့လား။ ဘာအကြံမှကို ထွက်မလာဘူး။

စောင့်ရတာကလည်း စိတ်က မရှည်။ ဒီတော့ နှုတ်ခမ်းကို ကိုက်ပြီး ဆုံးဖြတ်ချက်ချတယ်။ ဘာပဲဖြစ်ဖြစ် ဒီသုံးယောက်မိလည်း မဆိုးပါဘူး။ အပိုင်တွက်တယ်။

'ကဲ… ဒါဖြင့်လည်း ဝင်ဖမ်းကြတာပေါ့'

'ကောင်းပြီလေ'

သုံးယောက်သား ပုလိပ်တွေကို အချက်ပြရင်း သေနတ်တွေ ကိုယ်စီထုတ်ပြီး အခန်းထဲဝင်သွားကြတယ်။

'ဟေ့… တစ်ယောက်မှ မလှုပ်နဲ့၊ မင်းတို့ကို ပုလိပ်တွေ ဝိုင်းထားပြီ'

'ဟင်…'

ဟိုသုံးယောက်က မောင်ကောင်းတို့နဲ့ ပုလိပ်တွေကို အကောင် လိုက်ကြီးတွေ တွေ့လိုက်တော့ ကြက်သေရော ငှက်သေပါ သေသွား ကြတယ်။ မျက်နှာလေးတွေ ငယ်သွားကြတော့တာ။ ဘိလပ်ပြန် ဆရာ ဖိန့်က ဓာတ်မင်းသားလေသံနဲ့…

'ဟွင်း… ဟွင်း… မင်း ဘယ်ပြေးမလဲ၊ မမြဝင်း၊ အဲလေ… မိုးမှောင်'

'ဟာ… ကျုပ်က ဘယ်ပြေးရမှာလဲ'

'အဟဲ… သိဘူးလေ၊ ပြေးချင်ရာ ပြေးပေါ့'

'တကယ်လားဟင်'



www.burmeseclassic.com

www.burmeseclassic.com


'တကယ်တော့ တကယ်ပဲ၊ ဒါပေမဲ့ မြန်မှနော်၊ မမြန်ရင်တော့ ကျုပ်က အပစ်ပဲ၊ သေချင်ရင် ပြေး'

'အိန် . . .'

မိုးမှောင်လည်း ခွေးလို ဇက်ပုသွားတယ်။ ဟုတ်တယ်လေ။ ဒါလောက်နီးနီးလေးဟာကို ပစ်ရင် ထိတာပေါ့။ တေက်ပြားက ငြိမ်နေပေမယ့် ဝကြီးက ရှပ်တည်နဲ့ ဝင်ဖြဲတယ်။

'ငါတို့ကို ဘာလို့ဖမ်းတာလဲ'

'အံမယ် . . . ဓားပြက လူပြန်ဟစ်လို့ မင်းကို အလိုရှိနေတာကြာပြီ၊ ပြည်ကြီး မလိုင်ဝကြီးရဲ့ ဓားပြမှုတွေအပြင် အခုကြံစည်မှုပါ ထပ်တိုးသွားပြန်ပြီလေ၊ ဟင်း . . . ဟင်း . . . မင်း ဖင်ပိတ်ငြင်းတာတောင် မရတော့ဘူးကွ'

ဝကြီးလည်း ငြိမ်သွားတယ်။ မထူးတဲ့အဆုံး မောင်ကောင်းကို စွေကြည့်ပြီး ပြောတယ်။

'သြော် . . . မင်းက မမှတ်သေးဘဲကိုး၊ ဒီတစ်ခါဆို မင်းတို့ သေပြီမှတ်'

'ဘာ . . . ဟား . . . ဟား . . . လို့သာ ရယ်လိုက်ချင်တယ်၊ အနေအထားကိုကြည့်ပြီး ပြောလေ၊ ဟွန်း . . . ဟွန်း . . .'

'ရှီ . . .'

ဝကြီးက လေချွန်သံပေးတယ်။ သူ့တပည့်နှစ်ယောက်ကိုလေ။ ဒါပေမဲ့ လိပ်ခေါင်းသာထွက်ချင်ချင်ဖြစ်လာတယ်။ ဘယ်သူမှ ပေါ်မလာဘူး။ လှမောင်က ဖြိန့်ဖြိန့်ကြီးဝင်ပြောတယ်။

'ဘယ်သူမှ မလာတော့ဘူး၊ အပြင်က နှစ်ကောင်ကို ငါတို့ ဖမ်းပြီးသွားပြီ၊ ဟား . . . ဟား . . . မင်း ဉာဏ်များလို့မရတော့ဘူး'


www.burmeseclassic.com

www.burmeseclassic.com


'ဟင်… နာပြီ'

ဝကြီးလည်း စိတ်ပျက်သွားတော့တာ။ ကယ်သူမရှိတော့ဘူးလေ။ မောင်ကောင်းက အပိုင်ပြောတယ်။

'ကဲ… ပုလိပ်သားတွေ ဒီသုံးကောင်ကို လက်ထိတ်ခတ်ခေါ်ခဲ့၊ အံမယ်… ပြောတော့ ဘာလေးညာလေးနဲ့ ဖမ်းရလွယ်လိုက်တာ၊ ဟွင်း… ဟွင်း…'

'အဟင့်… နာပြီ'

သုံးယောက်သား လင်သေမုဆိုးမတွေလို မျက်နှာလေးတွေ အိုနေတော့တာ။ ပုလိပ်ငါးယောက်က လက်ထိတ်ခတ်ဖို့ အနားကပ်သွားကြတယ်ဆိုရင်ပဲ လေဖြတ်သလို ပြတ်တောင်းတောင်းရယ်သံကြီး ပေါ်လာတာနဲ့ တန့်သွားကြတယ်။

'ဟင်း… အင်း… အင်း… ဟင်း… အင်း… အင်း… ငါတို့လည်း ရှိသေးတယ်လေ'

'ဟင်… စနေအောင်အောင်'

'ဟုတ်တယ်၊ ကျုပ်ပဲလေ၊ ကျုပ်ပဲပေါ့'

တပည့်သုံးယောက်က သေနတ်တွေ ချိန်လျက်သား။ စနေအောင်အောင်ကတော့ ဟိတ်ကြီး ဟန်ကြီးနဲ့ ရယ်နေတယ်။ ထုံးစံအတိုင်း ကယ်တင်ရှင်ရောက်လာတာနဲ့ မိုးမှောင်တို့ ဝမ်းသာသွားကြတယ်။ မောင်ကောင်းတို့ အငိုက်မိသွားတယ်။

'ကဲ… မင်းတို့လက်ထဲကဟာတွေ ချလိုက်ကြ'

လွယ်လွယ်နဲ့ စံပယ်တော့ ဘယ်ပွင့်မလဲ။ ဘိလပ်ပြန် ဆရာဖိန့်က သေနတ်နဲ့ထုတ်ပစ်မယ်ကြံတော့ စနေအောင်အောင် အနားကို ရွေ့ခနဲရောက်သွားပြီး လက်ကို ချုပ်လိုက်တယ်။


www.burmeseclassic.com

www.burmeseclassic.com


မြန်ပါပေ့။ သွက်ပါပေ့။ လက်ကို နောက်ပြန်လိမ်ရင်း ပါးစပ် က တတွတ်တွတ်ပြောနေတယ်။ မျက်လုံးကြီးကို ပြူးပြဲရင်းနဲ့…

'ငါ့မျက်လုံးကို သေသေချာချာကြည့်စမ်း၊ ကြည့်စမ်း၊ ဘာ တွေ့လဲ'

'မျက်စိပေါ့'

'အင်…'

ပြူးပြူးလေးကြည့်နေတဲ့ ဆရာဖိန့်က ပြောတော့ မျက်နှာကြီး မဲ့သွားတယ်။

'အဲ… မှားလို့၊ အစက ပြန်ပြောမယ်၊ နားထောင်'

'အင်းလေ'

ယောင်တောင်တောင်နဲ့ ခေါင်းညိတ်တော့ ပြန်ပြောတယ်။

'ငါ့မျက်လုံးကို သေသေချာချာကြည့်စမ်း၊ ကြည့်စမ်း၊ မင်း လက်ဆန့်လို့ မရတော့ဘူး၊ မရတော့ဘူး'

'အီး…'

ဟုတ်ပါတယ်။ ဆရာဖိန့် မျက်နှာကြီးမဲ့ပြီး လက်ကိုအတင်း ဆန့်တယ်။ မရဘူး။ အားလုံးဟာ စနေအောင်အောင်ရဲ့ စိတ်ညှို့ပညာ ကို လက်တွေ့မြင်ရတော့ အံ့သြနေသလို အထင်လည်းကြီးသွားတယ်။

ပုလိပ်သားငါးယောက်ကို စနေအောင်အောင်ရဲ့ တပည့်သုံး ယောက်နဲ့ မိုးမှောင်၊ တေက်ပြားတို့ ဝိုင်းသမလိုက်တာ မှောက်သွား တယ်။

မောင်ကောင်းနဲ့ လှမောင်က အံကြိတ်ထားကြတယ်။ သူတို့ လည်း ဘာမှတတ်နိုင်ကြပါ။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဖိန့်က ခုမှသတိရပြီး အတင်းအော်တယ်။

'ဟာ… ဟေ့လူကြီး၊ နာနေပြီဗျ၊ လွှတ်… ခင်ဗျားက လက်ကြီးကိုချုပ်ပြီး ကွေးထားမှတော့ ကျုပ်က ဆန့်လို့ရမလားဗျ၊ လွှတ်ဟာ'

'အဟဲ… ဟုတ်သားပဲ၊ ငါက ချုပ်ထားမှတော့ ဘယ်ဆန့်ရမလဲ နော့'

အရှက်ပြေရယ်ရင်း လွှတ်ပေးလိုက်တယ်။ ဆရာဖိန့်က လက်ကို ဆန့်လိုက် ကွေးလိုက်နဲ့ ပြောတယ်။

'တွေ့ဘူးလား၊ ဒီမှာ ဆန့်လို့လည်းရ၊ ကွေးလည်းရတာပဲ'

'ဟာ… အင်းဟာ'

'ဒုတ်… အု…'

စနေအောင်အောင်က နားထင်ကို လက်သီးနဲ့ထုလိုက်တော့ ဆရာဖိန့်လည်း အိပဲ့ပဲ့နဲ့ ခွေကျသွားတယ်။ မောင်ကောင်းက မထူး ဇာတ်ခင်းရင်း စနေအောင်အောင်ကို လက်ပြန်ဖြတ်ရိုက်တယ်။

'ရှော့'

'ဖတ်'

'အဟား… ဒါမျိုးမရဘူးလေ၊ ဟင်း… ဟင်း…'

တဟင်းဟင်းရယ်ရင်း လက်သီးကို လက်ဖဝါးနဲ့ဖမ်းဆုပ် တံတောင်ကို လက်ဖနောင့်နဲ့တွန်းရင်း သူ့အကျင့်အတိုင်းပဲ တတွတ်တွတ်နဲ့ ပြောတယ်။

'ငါ့မျက်လုံးကို ကြည့်စမ်း၊ ကြည့်စမ်း၊ မင်းခြေထောက်ရွှေ့ ရွှေ့လို့မရတော့ဘူး၊ မရတော့ဘူး'

'အီး…'

စဉ်းစားသာကြည့်ကြပါဗျာ။ ခုနက လက်ကို ကွေးမရအောင် ချုပ်ပြီးမှ ဆန့်မရတော့ဘူး ပြောတာလေ။



www.burmeseclassic.com

www.burmeseclassic.com


ပြီးတော့…

'ဟာ… ဟော့လူကြီး လွှတ်ပါဗျ၊ နာလှပြီ၊ ခင်ဗျား ကျွဲ ခြေထောက်ကို နင်းထားပြီးမှ ဘယ်လိုရွှေ့လို့ရမှာလဲ'

'ဟာ… အင်းဟာ'

'ဝှပ်… အိ…'

စနေအောင်အောင်လည်း ရှက်ရှက်နဲ့ မျက်နှာကို ကြေးစည် ထုသလို ပယ်ပယ်နယ်နယ်ကြီး ထုလိုက်တော့…

မျက်စိကြီးပယ်ပြီး ဘဲလို ကားကား ကားကားနဲ့ ရှေ့နှစ်လမ်း၊ နောက်သုံးလှမ်းလောက်လှမ်းပြီး ဖုန်းခနဲ ပစ်လဲသွားတယ်။

'ဟင်…'

ဒါကိုကြည့်ပြီး လှမောင် အတော်ကြောက်သွားတယ်။

စနေအောင်အောင်က စွေကြည့်တယ်။ လက်သီးကြီးကိုပွတ် ရင်း အနားသွားကပ်တယ်။

'ကဲ… မင်းပဲရှိတော့တယ်၊ လာထား'

'ဟင်… အဟဲ… နေဦး'

လှမောင်က လက်ကာပြပြီး သူ့ဟာသူ မျက်လုံးလေး လည် တယ်တယ်နဲ့ ခွေကျသွားတယ်။

'ဟင်…'

'ဟာ…'

ဟိုလူတွေ အံ့သြကုန်တယ်။ ဟုတ်တယ်လေ။ ဘာမှမှ မဘာ သေးဘူး။ မေ့သွားတာကို။ ဆရာကြီးစနေအောင်အောင်ရဲ့ အစွမ်းကို သည်း ပိုလို့အထင်ကြီးသွားကြတယ်။

ဒီတုန်းမှာပဲ လှမောင်က ဝေါက်ဆို ထထိုင်ရင်း မေးတယ်။


www.burmeseclassic.com

www.burmeseclassic.com



'ဒီလောက်ဆို ဖြစ်တယ်မို့လား'

'အဟဲ… ရပါတယ်'

ယောင်တောင်တောင်ပြန်ဖြေတော့…

'ဒါဆိုလည်း ပြီးတာပဲ၊ ထိုးရဘူးနော်'

'ဟွန့်…'

ဆို။ သူ့ဟာသူ ပစ်လှဲပြီး ပြန်မေ့သွားတယ်။ မိုးမှောင်တို့လည်း တစ်ယောက်ကိုတစ်ယောက် ပေပေလေးတွေ ကြည့်လို့။ ဒီအချိန်မှာပဲ ဝကြီးရဲ့တပည့်နှစ်ယောက် ဝင်လာတယ်။ စနေအောင်အောင်က…

'သူတို့ကို ငါကယ်လိုက်တာပဲ၊ ကဲ… ကဲ… ဒီအရှုပ်တွေကို ခပ်ဝေးဝေးအမှိုက်ပုံထဲ သွားပစ်လိုက်ကြကွာ'

ခဏကြာတော့ အခန်းထဲမှာ စနေအောင်အောင်တို့လေးယောက်ပဲ ရှိတော့တယ်။ တေက်ပြားက တလေးတစားပုံစံနဲ့ ဖားတယ်။

'အင်း… လက်တွေ့ကြုံမှပဲ ဆရာကြီးရဲ့ စွမ်းပကားကို တွေ့ရတော့တယ်'

'ဟင်း… ဟင်း…'

တဟင်းဟင်းနဲ့ သဘောအကျကြီးကျရင်း နည်းနည်းမြောက်သွားတယ်။ မိုးမှောင်ကလည်း ဝင်ပင့်တယ်။

'ဒါကြောင့်လည်း သိကြားမင်းရဲ့ မယားပါသားလို့ နာမည်ကြီးနေတာကိုး၊ ကြီးသင့်ပါတယ်'

'ဟွင်း… ဟွင်း…'

ဆို မျက်နှာပြောင်ကြီးနဲ့ ထပ်မြောက်သွားပြန်တယ်။ ဝကြီးကလည်း ဝင်မြှောက်ပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com


'ဟာ… ဒါဘာဟုတ်သေးလဲ၊ ဒီထက်စွမ်းတာ ရှိသေးတယ်၊ ဟို ဖိုထိုးထားတာတို့ ရှေးဟောင်းပစ္စည်းစုတာတို့၊ အို… စုံလို့'

'ဟွန်း… ဟွန်း…'

အတော်မြင့်မြင့်ကြီးကို မြောက်နေပြီ။ တောက်ပြားက အသေအချာကြည့်ရင်း…

'ဟာ… ခုမှ တွေ့တယ်၊ ဦးထုပ်လည်း ဆောင်းထားတယ်၊ အိတ်တစ်လုံးလည်း လွယ်ထားတယ်၊ ကြာပွတ်ကြီးလည်း ခွေချိတ်ထားတော့ သေချာပြီ၊ နွားလည်း ကျောင်းတတ်တယ်၊ ဟုတ်တယ်မလား'

'အမ်… ကျပဟာ'

'ဖုန်း…'

တောက်ပြားရဲ့ စကားလည်းကြားရော ပြုတ်ကျသွားတယ်။ ခွေးကျလေ။ အတော်မြောက်ပြီးမှကျတော့ အကျနာတယ်။ ရှုံ့မဲ့ရင်းရှင်းပြတယ်။

'ဟာ… ဘယ်ကလာ နွားကျောင်းရမှာလဲ၊ ငါက အင်ဒီယာနာဂျုံးကို အားကျလို့ သူ့ပုံစံတုထားတာဟ'

'သြော်… ဟုတ်လား၊ မသိလို့ပါ'

မိုးမှောင်က အိတ်ကြီးလွယ် ဦးထုပ်ကြီးဆောင်းထားတာကိုကြည့်ပြီး စိတ်အိုက်လာပုံရတယ်။

'ဆရာကြီးရယ်… နေတတ်လိုက်တာ၊ ဦးထုပ်ချွတ်ထားပါလား၊ အိုက်က အိုက်နဲ့'

'အေးကွ'

ပြောလည်းပြော ဦးထုပ်ချွတ်လိုက်တော့ ပြောင်လက်နေတဲ့ ငယ်ထိပ်ကြီး ပေါ်လာတယ်။


www.burmeseclassic.com

www.burmeseclassic.com



'ဟင်··· အပြောင်ကြီး၊ အံမယ်··· အတော်ပြောင်ပြောင်ကြီး ဟ'

'အင်းလေ'

ပြောလည်းပြော၊ ငယ်ထိပ်ကိုသွားပွတ်တော့ ဟိုက ဖီးလ် တက်ပြီး ငြိမ်လို့။ ပြောသေးတာ တေက်ပြားက···

'ကျွတ်··· ကျွတ်··· လူကလေးရဲ့ အိပ်ပါဆို'

'ဟာ··· ငါ တယ်လေ၊ အဲဒါ ဘာလုပ်တာလဲဟ'

'အဲလေ··· ယောင်လို့'

စနေအောင်အောင်လည်း မိုးမှောင်တို့နဲ့တွေ့မှ စိတ်လေသွား တယ်။

'ကဲ··· ငါတို့ကိစ္စ ပြောကြတာပေါ့'

'မသိလို့ မေးရဦးမယ်၊ ဆရာကြီးက ပုလိပ်တွေလာမယ်ဆို တာသိလို့ နောက်မှလာတာလား'

'အင်း··· အဟင်း··· ဒါပေါ့ကွ'

ယောင်တောင်တောင်နဲ့ ရောချတယ်။ တကယ်တော့ သောက် တာများပြီး အိပ်ရာထနောက်ကျတာလေ။ ဒါကပဲ အဆိုးထဲက အကောင်းဖြစ်သွားတာ။

တေက်ပြားက မေးတယ်။

'ဆရာကြီးက ဟိုကျောက်တုံးလေးကို လိုချင်တယ်ဆို'

'အေး··· အဲဒါ ကီးလ်စတုန်းလို့ ခေါ်တယ်၊ ဟိုးတောင် အာဖရိကက ရေခဲဂူကြီးကိုဖွင့်လို့ရမယ့် သော့ပဲ၊ အဲ··· ကျောက်တုံး မှာ လျှို့ဝှက်ချက်တွေ ပါတယ်'

'ဩော်···'



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းစဉ်းစားကြတာပေါ့။ ဒါလောက်ပူတဲ့ အာဖရိကမှာ ရေခဲ ဝူရှိနိုင်ပါ့မလားဆိုတာ။ တေက်ပြားက လျှာရှည်တယ်။

'ဟုတ်ပါ့မလား ဆရာကြီးရယ်၊ အာဖရိကမှာ ရေခဲဝူရှိနိုင် ပါ့မလား'

'ဟာ… ငါက နေရာစုံ နိုင်ငံစုံရောက်နေတာ'

အံ့သြသွားကြတယ်။ အထင်လည်း ကြီးသွားကြတယ်။ ဒီလို လူစားမျိုးက ရှာမှရှားလေ။ ပြီးတော့ ဒီလို ဟိုဒီသွားဖို့ဆိုတာ တော်ရုံ အရည်အချင်းနဲ့ မရ။

'ဟင်း… ဟင်း…'

အံ့သြတကြီး ဝိုင်းကြည့်နေကြတော့ မြိန့်မြိန့်ကြီးပြုံးတယ်။ သူလည်း တေက်ပြားလို ကြွားလုံးလွှတ်ကြီးတာ။

'ကျုပ်က ဘာသာစကားအစုံတတ်သလို နိုင်ငံပေါင်းစုံအောင် လျှောက်ကြည့်ထားတာ၊ ဆိုပါစို့၊ ဥရောပမှာဆို အင်္ဂလန်၊ ပြင်သစ်၊ ဆွီဒင်၊ ဒိန်းမတ်၊ ပေါ်တူဂီ'

'ဟာ… တယ်ဟုတ်ပါလား'

'အမေရိကမှာဆို အမေရိကန်၊ မက္ကဆီကို၊ အာဂျင်တီးနား၊ ပါရာဂွေး၊ ဥရုဂွေး၊ အဲလိုတွေပေါ့၊ အာဖရိကမှာဆို တောင်အာဖရိက နိုင်ဗရီကိုစ် ဒီလိုတွေလေ၊ ကျုပ်လျှောက်မကြည့်ဖူးတဲ့နိုင်ငံ ခပ်ရှား ရှားပဲ၊ ဒီအနီးအနားက ဂျပန်တို့ သြစတေးလျတို့ဆို ပြောမနေနဲ့၊ ခဏခဏကြည့်ပြီး ခဏခဏရောက်တယ်'

'ဟာ…'

အထင်ကြီးလေးစားတဲ့ မျက်လုံးတွေနဲ့ ဝိုင်းကြည့်ကြတယ်။ တေက်ပြားက မေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com


'ဒါနဲ့ ဆရာကြီးက ဘာနဲ့သွားတာလဲဟင်'

'ဘာနဲ့မှမသွားဘူး'

'ဟင်... ဒါဆို ဘယ်လိုရောက်လဲ'

ယောင်တောင်တောင်လေးမေးတော့ ဧွကြည့်တယ်။ ပြီးမှ တစ်လုံးချင်းပြောတယ်။

'ငါက ကမ္ဘာ့မြေပုံကို ခဏခဏကြည့်တာကိုး'

တဲ့လေ။ သုံးယောက်သား မဲ့ရွဲ့သွားတော့တာ။

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

အခု ရုံးထဲမှာ လူစုံတက်စုံနဲ့ ပြန်စည်ကားနေပြီ။ ဆားပုလင်း မင်းမောင် အိုင်ပီအောင်နိုင်နဲ့ ဦးကိုကိုလေးတို့က တစ်တွဲထိုင်ရင်း လေပေးနေကြတယ်။

ဘီလပ်ပြန်ဆရာဖိန့်တို့ သုံးယောက်ကတော့ ထုံးစံအတိုင်း မတည့်ကြတော့ သူ့နေရာသူထိုင်ရင်း ငြိမ်ကုပ်နေကြတယ်။ မငြိမ်လို့ လည်း မရ။ သုံးယောက်ပေါင်းပြီး နာမည်မကြီးဘဲ။ ကံကောင်းလို့ မသာမပေါ်တယ်။

စနေအောင်အောင်တို့နဲ့တွေ့ပြီးတဲ့နောက် ဖမ်းဖို့ဆီးဖို့အကြောင်း ဟဟတောင် မပြောတော့။ အဲလောက်ထိ စိတ်နာသွားကြတာလေ။

'ဘယ်လိုလဲ ကိုမင်းမောင်၊ မိုးမှောင်တို့ ငြိမ်သွားတာ တစ်လ ကျော်ပါရောလား'

'အင်း... ဟုတ်တယ်'

'မဟုတ်မှလွဲရော၊ ရှောင်သွားကြပြီထင်တယ်'

ဦးကိုကိုလေးက စကားစတယ်။ မင်းမောင်က စဉ်းစားဟန် ပြုတယ်။ အိုင်ပီအောင်နိုင်ကတော့ ထုံးစံအတိုင်း ဝေဖန်တယ်။ မင်းမောင်က တွေးတွေးဆဆ ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com


'ကျုပ်စိတ်ထင်တော့ အိုင်ပီ ရှေ့ပြေးငှေ့မယ့်နွား နောက် တစ်လှမ်းဆုတ်တာ ထင်တယ်၊ ကြည့်ရတာ ဆင်ကြဲကြဲနေပုံရတယ်'

'အင်း... ဖြစ်နိုင်တယ်ဗျ'

ဦးကိုကိုလေးက ထောက်ခံတယ်။ ဒီတုန်းမှာပဲ ပျာတာ မောင်စိုး ပျာပျာ ပျာပျာနဲ့ ရောက်လာပြီး...

'ကဲ... ခင်ဗျားတို့ကို မင်းကြီး အခေါ်လွှတ်လိုက်တယ်၊ သေချာတာကတော့ လက်ဖက်ခြောက်ထုပ်တွေ ယူသွားကြပါလို့ ပြော ချင်ပါတယ်'

'ဟိုက်... နာပြီ'

မျက်နှာလေးတွေ ငယ်သွားကြတယ်။ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်တယ်။ ဘယ်သူမှ ရှေ့ကမသွားရဲကြဘူးလေ။ မောင်စိုးက လောင်တောင်တောင်မျက်နှာနဲ့...

'ကဲ... ကျုပ်တာဝန်တော့ ကျေပြီ၊ သွားဖြစ်အောင် သွား လိုက်ကြနော်'

ပြောပြီး ပြန်ထွက်သွားတယ်။ ဆားပုလင်းမင်းမောင်က ရှပ် တည်နဲ့ထရင်း သွားဖို့ပြင်တယ်။ ဒီတော့မှ ဘိလပ်ပြန်ဆရာဖိန့်တို့ မောင်ကောင်းတို့က လိုက်ထတယ်။

မင်းမောင်က ခပ်တည်တည် ရှေ့ကသွားတယ်။ နောက်မှာ အစဉ်လိုက်တန်းလာကြတယ်။ ရှပ်တွေက ဟာစ်တလာရဲ့ လေလုံခန်း ထဲ ဝင်ရတော့မယ့် ဂျူးတွေအတိုင်းပဲ။ ကျက်သရေရှိပုံ ပြောပါတယ်၊ ထိတ်ပုံ လန့်ပုံကလည်း ဂျူးတွေထက် ဆိုးသေးတာ။

ရှေ့ဆုံးက လျှောက်နေတဲ့ မင်းမောင် မင်းကြီးရုံးခန်းတံခါး ရောက်တော့ တံ့ခနဲရပ်လိုက်တယ်။ နောက်ကလိုက်လာတဲ့သူတွေ


www.burmeseclassic.com

www.burmeseclassic.com



ဝင်တိုက်မိကုန်တယ်။ အသံတွေ ပိညှက် ပိညှက်ထွက်လာကြတယ်။ ကျယ်ကျယ်လည်း မပြောရဲကြဘူး။

ပုလိပ်မင်းကြီးကြားမှာက ကြောက်ရသေးတော့…

'ဟာ… ဘာဖြစ်တာလဲ'

'အေးလေ'

နဖူးပွတ်သူ ပွတ်၊ ရင်ဘတ်ပွတ်သူ ပွတ်။ နောက်စေ့ပွတ်သူ ပွတ်နဲ့ ရှုပ်ယှက်ခတ်သွားတယ်။ မင်းမောင်က အားလုံးကို အပြုံးနဲ့ ဝေ့ကြည့်ပြီး စပ်ဖြဲဖြဲနဲ့ ပြောတယ်။

'အခုမှ သတိရတယ်၊ အဟဲ… ကျုပ် ဆေးလိပ်ဘူး မေ့ကျန်ခဲ့လို့ သွားယူလိုက်ဦးမယ်'

နောက်က ကပ်လိုက်လာတဲ့ ဘိလပ်ပြန်ဆရာဖိန့် မျက်နှာပျက်သွားတယ်။ သူ ရှေ့ဆုံးရောက်သွားတာကိုး။ မင်းမောင်က…

'ကဲ… ကဲ… ဝင်သွားနှင့်ကြ၊ ကျုပ်လိုက်ခဲ့မယ်'

ပြောလည်း ပြော၊ စောစောက ထိုင်ခဲ့တဲ့ စားပွဲဆီ ပြန်သွားတယ်။ ဒီလိုမှမလုပ်ရင်လည်း ဒီနေ့ မင်းကြီးဆီရောက်မှာမှ မဟုတ်တာ။

မထူးတဲ့အဆုံး မထူးဇာတ်ခင်းပြီး ဆရာဖိန့်က မျက်နှာကြီး အတင်းဖြဲဝင်သွားတယ်။ မင်းကြီးရဲ့အသံကို ကြားလိုက်ရတော့…

'လာကြ၊ လာကြ၊ လားလိုလူတွေ'

'လာကြပါပြီ မင်းကြီး၊ အဟဲ'

ငါးယောက်သား ဖအေရှေ့ရောက်တဲ့ သားတွေလို စီတန်းပြီး ငြိမ်နေကြတယ်။ မင်းကြီး နှုတ်ခမ်းမွေးပါထောင်နေတယ်။ စီထိုးအပုံ ပြောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကုပ်ကွ ကုပ်ကွ ထလာပြီး ထောင်ထောင် ထောင်ထောင်နဲ့ လမ်းသလားတယ်။

'ဟိုလူရှော်ကလေး မင်းမောင်ရော ဘယ်ရောက်နေလဲ၊ သွားခေါ်ခဲ့ကြ'

'လာပါပြီ မင်းကြီး'

အသံနဲ့အတူ မင်းမောင် ကပျာကယာပြေးဝင်လာရင်း တန်းထားတဲ့လူတွေအေား ဝင်ကပ်တယ်။

'ညံ့တယ်၊ ညံ့တယ်၊ အရမ်းကိုညံ့တယ်'

'ဟုတ်ပါတယ် မင်းကြီး၊ ကျုပ် ညံ့ပါတယ်'

မင်းမောင်က ပြောတော့ ဆရာဖိန့်တို့ ဖြုံသွားကြတယ်။ ဒါပေမဲ့...

'မောင်မင်းကိုပြောတာ မဟုတ်ဘူး၊ အားလုံးကိုပြောတာ၊ အကုန်ညံ့တယ်'

'ဒါဆို မင်းကြီးလည်း ပါတာပဲပေါ့'

'အေး... ဘာ...'

မင်းမောင်ရဲ့စကားကို ယောင်တောင်တောင် ခေါင်းညိတ်ပြီးမှ စိတ်တိုသွားတယ်။

အားလုံး ကုပ်သွားကြတယ်လေ။ မင်းကြီးက ယောက်ျားကြီးပီပီ ရန်တွေ့တယ်။

'ကျွန်ုပ် စိတ်ပြဿနာတက်တာ တစ်လကျော်ပြီ၊ အိမ်ပြန်ရင် ယောက္ခမက ပကျိပကျိလုပ်တယ်၊ အိမ်မပြန်ဘဲ ရုံးမှာနေတော့ စုံထောက်မင်းကြီးက ဖုန်းနဲ့ ပကျစ်ပကျစ်လုပ်တယ်၊ မောင်မင်းတို့အားကိုးပြီးနေလိုက်တာ အတော်ဆိုးတာပဲ၊ ကျွန်ုပ် အခု ဘယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရလဲ၊ ဟိုတယ်မှာရှောင်နေရတယ်၊ သေချင်တယ်၊ စိတ်အားကြီး သေချင်တယ်၊ ကျွန်ုပ် ဟိုတယ်မှာမပျော်ဘူး၊ ဟူး… ဟူး…'

အားလုံးရဲ့စိတ်ထဲမှာ သေသွားလည်း အေးတာပဲ တွေးနေကြတယ်။ မင်းမောင်ကို အသေအချာကြည့်ပြီး အိုင်ပီအောင်သင်း မျက်လုံးပြူးသွားတယ်။

ဒီတစ်ခါ မင်းကြီးဆူတာကို အပြုံးနဲ့ နားထောင်နေတာမှတ်တယ်။ ဘယ်ဟုတ်မလဲ။ နားကို ဂွမ်းဆို့ထားတယ်လေ။

ဆရာဖိန့်က ဝင်ထောင်တယ်။

'မင်းကြီးပြောတော့ မပျော်ဘူးတဲ့၊ အဲ… ဟိုတယ်မှာ ဟိုနေ့ညက စမောလေးတွေနဲ့ တွဲကနေတာ ကျုပ်တွေ့တယ်နော်'

'အိန်'

ပုလိပ်မင်းကြီး မျက်နှာမဲ့သွားတော့တာ။ ဒါပေမဲ့ မျက်လုံးပြူးကြီးနဲ့ ပိတ်တယ်။ မိန်းမက ကြောက်ရသေးတာလေ။

'ဒီစကားကို ဒီမှာရပ်ကြ၊ ကျွန်ုပ်လေဒီ မသိစေနဲ့နော်၊ အဟဲ… သိပ်မဆူတော့ဘူး'

'အဟောင်း… ဒါမျိုးလုပ်ပါ'

ဒါနဲ့ပဲ သားအဖတွေလို ပြန်တည့်သွားကြပြန်တယ်။ စားပွဲပေါ်တင်ထားတဲ့ စာရွက်လေးကို ပြတယ်။

'ရော့… ဖတ်ကြည့်ကြ'

'ဟင်… ဘာလဲ'

'မှန်းစမ်း'

စိတ်ဝင်တစားနဲ့ ခေါင်းခြောက်လုံးစုလိုက်တာ…

'ဂလောင်…'



www.burmeseclassic.com

www.burmeseclassic.com


အသံကြီးပေါ်လာပြီး လူခြောက်ယောက် လဲသွားကြတယ်။ စာလေးက လေထဲဝဲနေတယ်။ မင်းကြီးက ပြန်ဖမ်းလိုက်တယ်။ ပြီးမှ မျက်ထောက်နီနဲ့ ကြည့်တယ်။

'ညံ့တယ်၊ ညံ့ကိုညံ့တာ'

ဟိုဟာတွေက ခေါင်းပွတ်ရင်း ပြန်ထလာကြတယ်။ တစ်ယောက်ကိုတစ်ယောက် မျက်စောင်းဆင့်ထိုးနေကြတယ်။

'နားထောင်… ကျွန်ုပ် ဖတ်ပြမယ်၊ ပုလိပ်မင်းကြီး သိစေရန်တဲ့၊ ကျုပ်တို့ ဒီည ပြတိုက်ထဲက ရတနာတွေကို ဝင်မကြမှာတဲ့၊ အဲဒါ တားချင်က တားဖို့ စာပို့လိုက်ပါတယ်၊ မင်းကြီးရဲ့ဘထွေး မိုးမှောင်တဲ့'

'ဟိုက်'

ခြောက်ယောက်ပြူးကြီး မတ်တတ်မေ့သွားကြတယ်။ မေ့မယ်ဆိုလည်း မေ့သင့်ပါတယ်။ စိတ်ထဲမှာလည်း ကိုယ့်ဟာကိုယ် အေးအေးဝင်ခိုးလို့ရတဲ့ဟာ။ လက်ကမြင်းသေးတယ်။ အတော်အားနေတာပဲလို့ တွေးနေကြတော့တာ။

'ဒုန်း…'

'ဟဲ့… ပလုတ်တုတ်'

'ညံ့တယ်၊ အဲဒါ မောင်မင်းတို့ ညံ့တယ်လို့ ပမာမခန့်နဲ့ ဂရုမစိုက်တဲ့အကြောင်း ဒဲ့ပြောထားတာ'

မင်းကြီးက စားပွဲကို လက်သီးနဲ့ထုရင်း ပြန်ပေါက်သွားတယ်။ ခြောက်ယောက်သား တိတ်နေကြတော့တာ။

လျှာအတော်ရှည်တဲ့ မောင်ကောင်းက ဝင်ပြောသေးတယ်။

'သွယ်ဝိုက်ပြီး ပြောတာပါ မင်းကြီးရယ်'


www.burmeseclassic.com

www.burmeseclassic.com

‘တိတ်··· ဒါလောက်ဒွဲကြီးပြောထားတာတောင် မောင်မင်း ဗမာစာကောင်းကောင်းမတတ်ဘူးထင်တယ်’

‘ခံပဟ’

မောင်ကောင်း မျက်နှာကြီးရှုံ့မဲ့သွားတော့တာ။ စိတ်ထဲမှာ လည်း ဩော်··· လူမျိုးခြားမို့လို့ပဲ။ ဒါလောက် ဆရာလုပ်နေတာ မြန်မာစစ်စစ်သာဆို မလွယ်ဘူး တွေးနေတယ်။

ကျန်တဲ့လူတွေကလည်း မမှတ်ဘူး စပ်ဖြဲဖြဲတွေ။ သိတယ် မလား။ သူကြီးသေနတ်တွေလေ။ ဘယ်လောက်ပစ်ပစ် ကျည်ထွက် တာမဟုတ်ဘူး။

‘ကျွန်ုပ်တို့ကို မလေးမစား မရိုမသေနဲ့ စိန်ခေါ်တဲ့ မိုးမှောင် ကို မှတ်လောက်သားလောက်အောင် ဆုံးမရမယ်’

‘မှန်ပါတယ် မင်းကြီး’

ကပ်ထောင်တဲ့ လှမောင်ကို မင်းကြီးက စွေကြည့်တယ်။

‘ဘာမှန်တာလဲ၊ မောင်မင်း ဘာသိလို့လဲ’

‘အဟဲ··· မင်းကြီး မှန်တယ်ထင်လို့ပြောတာ’

‘တိတ်··· ဂျွန်ုပ်စကားမဆုံးသေးဘဲ ဝင်မပါနဲ့’

လှမောင်လည်း တ်ာက်သွားတယ်။ မျက်နှာမရ ခြေထောက် ရသွားတာလေ။ ကျန်တဲ့လူတွေ ကြိတ်ရယ်ကြတယ်။ မင်းကြီးက ချက်စောင်းထပ်ထိုးတယ်။

တွေးသာကြည့်ကြပါ။ ယောက်ျားကြီးကလည်း ဖြစ်ပြန်၊ နှုတ်ခမ်းမွေးကြီးကလည်း ပါပြန်။ ဒီလို ကျားကျားလျားလျားကြီးက ချက်စောင်းထိုးမှတော့ မကြောက်တဲ့အပြင် ပိုရယ်ကြတယ်လေ။

‘တိတ်လိုက်စမ်း၊ ဩော··· မောင်မင်းတို့က ဒါလောက်ပြော



www.burmeseclassic.com

www.burmeseclassic.com


နေတာတောင် ရယ်ကြောက ရှည်သေးကိုး၊ ဟွန်း… သွား… တစ်ယောက်မှ မချန်ခဲ့နဲ့၊ ရုံးမှာရှိတဲ့စုံထောက်တွေအကုန် ပြခန်းမှာ သွားစောင့်ကြ၊ ခုကတည်းက မှာလိုက်မယ်၊ မိုးမှောင်ကို မမိရင် ရုံးရိပ်ကိုမနင်းရဘူး၊ ဘာမေးချင်သေးလဲ'

'မေးစရာရှိပါတယ် မင်းကြီး'

ရန်တွေ့ပြီး အတင်းမောင်းထုတ်တာတောင် မောင်ကောင်း က လက်ထောင်လိုက်တယ်။

'ဘာလဲ ပြော'

'ရုံးရိပ်မနင်းဘဲ ရုံးထဲဝင်ရင် ရတယ်ပေါ့'

'တိတ်… မောင်မင်းက ကျွန်ုပ်ကို ဗမာစကားသိပ်မတတ် ဘူးထင်ပြီး စမ်းတာလား၊ ပြောစမ်းပါ'

'ဟိုလေ… ဟုတ်ပါဘူး၊ အဲလိုကြီးတော့'

'ဟွန်း'

မင်းကြီးမျက်နှာကို မော်လိုက်တယ်။ ဟိုလူတွေကတော့ ဗမာ စကားမတတ်လို့ပဲ။ တတ်များတတ်ရင် ငါတို့ကို ရောင်းစားသွားမှာလို့ မသက်မသာ တွေးနေလေရဲ့။

'အရိပ်တောင်မနင်းရမှတော့ မဝင်ရဘူးလို့ပြောတာ၊ ရှင်း လား'

'သြော်… မသိလို့ပါ၊ အဟဲ…'

'ဟွန်း… သွားကြ၊ သွားကြ၊ တစ်ယောက်မှကို မျက်နှာ မမြင်ချင်ဘူး'

မလှုပ်ကြဘူး။ ပေကပ်နေကြတယ်။ လူဆိုးဖမ်းခိုင်းတာ သူတို့ ကို သေတွင်းထဲတွန်းချတာလိုလေ။ မင်းကြီးက ထိုင်ခုံမှာပြန်ထိုင်ရင်း ဖိုင်တွဲတစ်ခုကို ငုံ့ကြည့်တယ်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အတော်ကြာလို့ ခေါင်းပြန်မော့တော့…

'ဟင်…'

အံ့သြသွားသလို စိတ်လည်း တိုသွားတော့တာ။

'ဟာ… သွားကြလေ၊ ဘာလုပ်ကြတာလဲ'

တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး ပေကပ်နေကြတယ်။ ဒါပေမဲ့ မင်းကြီး တစ်ခွန်းပဲပြောလိုက်တယ်။ ချက်ချင်းထွက်သွားကြတယ်။

'ဘာလဲ… ရာထူးချလိုက်ရမလား' တဲ့လေ။

❖ ❖ ❖

အောင်ကြီး အတော်စိတ်ပျက်နေတယ်။ တော်တော့်ကို ပျက်နေတာ။ ပျက်မပေါ့။ ဆားပုလင်းမင်းမောင်က နေ့လယ်ကတည်းက ရတနာပြခန်းထဲ ခေါ်ထားလို့လေ။

ခြေထောက်မှာ ဖွေပါသလို တစ်နေရာတည်း ဘယ်တော့မှ နေမရ။ ဆရာတပည့်နှစ်ယောက်ဟာ အိမ်ကပ်ချိန်နည်းတယ်။ အိမ်ကပ်တဲ့အချိန်ဆို သေချာပြီ။ အောင်ကြီးတို့ ရပ်ကွက်ထဲက ဖဲကြွေး။ ဒါမှမဟုတ် အရက်ကြွေး အတောင်းခံရမှာစိုးလို့ ရှောင်နေတယ်ဆိုတာ။

အောင်ကြီးက မကောင်းတာဆို အကုန်ရတယ်။ ဒါပေမဲ့ ဆားပုလင်းတပည့်ဆိုတော့ တော်ရုံလူ မပြောရဲကြ။ တော်ရုံလူမိုက်တွေဆို ရှောင်ကြတယ်။

ဒါကို အခွင့်ကောင်းယူပြီး ရပ်ကွက်ထဲ ရမ်းတယ်။ လူတွေ



www.burmeseclassic.com

www.burmeseclassic.com


ကလည်း မင်းမောင်အရှိန်နဲ့ သည်းခံကြတယ်။ တကယ်တော့ မင်းမောင်ဟာ သူဌေး။ ဒီအလုပ်ကို ဝါသနာပါတယ်။ နေရာတကာ နန့်နန့် နန့်နန့်နဲ့ ဝင်ပါချင်တယ်။ ဒါကြောင့် ဒီအလုပ်လုပ်နေတာ။

အခုလည်း တစ်နေကုန်ပဲ ထိုင်နေရတယ်။ မသိရင် ပြတိုက်စောင့်လိုပဲလေ။ အပြင်ကိုထွက်ချင်ပေမယ့် မရ။ မင်းမောင်က အပြင်သွားခါနီး ဂိတ်စောင့်ပုလိပ်ကို မှာသွားလို့လေ။

အံမယ်... သူကိုယ်တိုင်ကျတော့ အပြင်လက်ဖက်ရည်ဆိုင်မှာ ထိုင်လို့။ အခုပဲ မိုးအတော်ချုပ်နေပြီ။ အောင်ကြီး ဗိုက်ကလည်း ဆာ၊ ပျင်းကလည်း ပျင်းနဲ့ တင်းနေတော့တာ။

ပြတိုက်ထဲမှာလည်း ဌာနပေါင်းစုံက စုံထောက်တွေ၊ အရာရှိတွေက နေရာမလပ်ရှိနေကြတယ်။ ဒီတော့ ဘာမှကို မလှုပ်သာဘူး။ မင်းမောင်ကိုပဲ ကျိန်ဆဲရင်း စောင့်နေရတော့တာ။

ညကိုးနာရီကျော်မှ စားစရာတွေသယ်ရင်း မင်းမောင် ပြန်လာတာတွေ့ရတယ်။ ဝမ်းသာသွားတော့တာ။

'အာစရိရယ်၊ ပြန်လာသေးတယ်နော်၊ ကျုပ်ဗျာ ဆာလို့သေတော့မယ်၊ ပျောက်သွားလိုက်တာ စူဋ္ဌငှက် လေထဲလွှတ်လိုက်သလိုပဲ'

'စူဋ္ဌလိပ်လုပ်ပါကွ'

'ဟာ... ဘာကောင်ပဲဖြစ်ဖြစ် ကြာတာက ကြာတာပဲ၊ ဘယ့်နှယ်ဗျာ... တပည့်လေးတစ်ယောက်ရှိတာ ပစ်ထားရက်တယ်'

ဗျစ်စိဗျစ်စိနဲ့ ရန်တွေ့တော့တယ်။ ဆားပုလင်းမင်းမောင်ကတော့ ထုံးစံအတိုင်း အပြုံးမပျက် ဆေးလိပ်ထိုင်ဖွာနေတယ်။

အောင်ကြီးကို အမြင်ကတ်နေတာ အတော်ကြာပြီလေ။ အခု


www.burmeseclassic.com

www.burmeseclassic.com



ခွင်ဝင်တုန်း နှိပ်ကွပ်ထားတာ။ အဲလိုပဲ မလိုတဲ့နေရာဆို ဦးနှောက်က ကောင်းပြီးသား။

'သြော်... တပည့်ကြီးရယ်၊ မင်းကို ချစ်လွန်းလို့ တန်ဖိုးရှိရှိ ထားတာ'

'ဟာဗျာ... ဒါလောက်ပျင်းစရာကောင်းတာ ကျုပ်ကို ဘယ်လိုများ တန်ဖိုးရှိအောင်ထားလို့တုံး'

'ညဲ့ပါကွာ'

အောင်ကြီးက မျက်စောင်းချိတ်ရင်း စားစရာတွေကို ငတ်ငတ်နဲ့ ဖွတ်သိပ်နေတယ်။ မင်းမောင်က စားပွဲကြီးတွေ အတန်းလိုက်ချပြီး ရတနာအမျိုးမျိုး မှန်ပုံးတွေထဲထည့်ထားတာကို လက်ညှိုးထိုးပြတယ်။

'ဟိုမှာကြည့်'

'ဘာလဲဗျာ'

အောင်ကြီး စာရင်းတန်းလန်း ကြည့်လိုက်တော့ မီးရောင်အောက်မှာ ရတနာတွေကို တွေ့တာပေါ့။

'ရတနာတွေ တွေ့လား'

'အဲဒါဘာဖြစ်လဲ'

'ဟာ... ဘာဖြစ်ရမှာလဲ၊ မင်းကို ရတနာတွေကြားထားမှ တော့ မင်းလည်း တန်ဖိုးရှိသွားပြီလေ'

'အမ်...'

အောင်ကြီး ထမင်းပါ သီးသွားတော့တာ။ ဘာမှမဆိုင်ပေမယ့် ဟုတ်သလိုလိုပဲလေ။ မျက်နှာကြီး မဲ့ရွဲ့နေတော့တာ။ အောင်ကြီးကို ကြည့်ပြီး မင်းမောင် ပြုံးနေတယ်။

ဦးကိုကိုလေးတို့ ဘိလပ်ပြန်ဆရာဖိန့်တို့ကိုလည်း ဟိုနား



www.burmeseclassic.com

www.burmeseclassic.com



လားလား။ ဒီနားလားလားနဲ့ မျက်စိနောက်လောက်အောင် တွေ့နေရတယ်။

ပုံစံတွေက တကယ့်ကို သတိဝီရိယရှိနေကြပုံပဲ။ မင်းမောင်တွေးရင်း ပြုံးလိုက်တယ်။ အချိန်က ဆယ်နာရီတောင် မထိုးတတ်သေးဘူး။ ဒီအချိန် ဘယ်သူခိုးကလာမတုံးဆို ဟိုလူတွေကို လောင်ပါနေတယ်။

တပည့်ကျော်ကြီးကတော့ ဆယ်နှစ်လုံးလုံး အစာမစားရတဲ့သူလို စားနေလေရဲ့။ အံမယ်... အစားဆို အားကိုးရတာ။ တော်ပုံ့ပြောပါတယ်။ ဒီတုန်းမှာပဲ မီးရောင်တွေ ဖျတ်ခနဲမှောင်သွားတယ်။

'ဟာ... ဘာဖြစ်တာလဲ'

'ဟင်... ပြဿနာပဲ'

အသံတွေ ပွက်လောရိုက်ပြီး လူတွေလည်း ဝရုန်းသုန်းကားနဲ့ ဝင်တိုးမိကုန်တယ်။ ခန်းမထဲမှာ ဖြစ်ချင်တိုင်းကို ဖြစ်နေတော့တာ။

'ဟင်... တွေ့ပြီ၊ သေဖို့သာပြင်၊ အောင်ကြီး မင်းပါလိုက်ခဲ့'

'ဟာ... စားလို့ကောင်းတုံး'

အဝေးက မီးရောင်ကြောင့် မှန်တံခါးတစ်ခုကို ဖြတ်ပြေးသွားတဲ့လူရိပ်ကို မင်းမောင် တွေ့လိုက်တော့ အတင်းလိုက်တယ်။

အရေးထဲ စားမပြီးသေးတဲ့ အောင်ကြီးက ဖျစ်စိစိပြောရင်း ကန့်လန့် ကန့်လန့်နဲ့ ပါလာတယ်။ မင်းမောင်က အကုန်ကြားအောင် အော်ရင်း လိုက်တယ်။

'ဒီဘက်မှာ လာဗျို့'

အသံပေးလိုက်တော့ ဘာရယ်မသိ။ ရှိသမျှ လူအုပ်ကြီးက



www.burmeseclassic.com

www.burmeseclassic.com


အသံကြားတဲ့ဘက် အတင်းလိုက်တယ်။ ခန်းမထဲမှာ တစ်ယောက်မှ ကို မရှိတော့ဘူး။

ဒီအချိန်မှာပဲ ခန်းမထဲက အလယ်ခုံကြီးတစ်လုံး ဧွခနဲ ရွေ့သွားတယ်။

❖ ❖ ❖

'ဒီဘက်မှာ လာဗျို့'

ဆိုတော့ အုပ်လိုက်သင်းလိုက်ကို လိုက်ကြတာ။ ဘာမှန်းတော့ ရေးရေးတောင်မသိကြဘူး။ မင်းမောင်တို့နဲ့က အတော်လှမ်းတယ်။

တချို့က မီးမှန်အိမ်တွေကိုထွန်းရင်း ပြေးလိုက်ကြတယ်။

မင်းမောင်တို့နှစ်ယောက် ရှေ့လူကို မဲပြီးလိုက်တယ်။

ရှေ့လူကလည်း သူ့လိုက်မှန်း မသိဘူး။ သူများတွေ လိုက်တာတွေ့လို့။ သူ့ရှေ့ ဘာလဲသိချင်လို့ ပြေးတာ။ ခဏကြာတော့ မင်းမောင်က ဧွခနဲခုန်ပြီး ရှေ့လူကို လက်သီးနဲ့ဖြတ်ထိုးလိုက်တယ်။

'ဂလောင်'

'ဘုန်း...'

'ဟား... ဟား... မင်း ဘယ်ပြေးမလဲ မိုးမှောင်'

'ဟား... ဟား... အဲဒါ ငါ့ဆရာကွ၊ ငါမဟုတ်ဘူး'

အောင်ကြီးကလည်း အားရဝမ်းသာ ထအော်တယ်။ ဟိုလူက အောက်သွားတယ်။ နောက်ကလူအုပ်ကလည်း နီးလာပြီ။ လှန်ကြည့်လိုက်တော့...

'ဟင်... မောင်ကောင်း'


www.burmeseclassic.com

www.burmeseclassic.com


'ဟိုက်… လွဲပဟ၊ အဲဒါကြောင့် ငါမဟုတ်ဘူးပြောတာ'

အောင်ကြီးရဲ့ တီးတိုးရေရွတ်သံကလည်း ကပ်ပါလာတယ်။

နောက်က မီးရောင်နဲ့အတူတွေ့ရတာက မှောက်နေတာ မောင်ကောင်းလေ။ နှစ်ယောက်သား ပေကြောင်ကြောင်လေးတွေ ရပ်နေကြတယ်။ နောက်လူတွေကလည်း ရုတ်ရုတ်သဲသဲနဲ့ လှမ်းမေးကြတယ်။

'မိပြီလားကွ'

'သေဖို့သာပြင်'

ကြုံရာမရတဲ့အဆုံး အနီးက တံခါးပေါက်ထဲကို မင်းမောင်ပြေးဝင်လိုက်တယ်။ လူအုပ်ကြီးက အနားရောက်ပြီး ရပ်ရင်း ကြည့်နေကြတယ်။

'ဟာ… မောင်ကောင်းပါလား'

'ဒီကောင် မီးမပျက်ခင်လေး အပြင်ခဏထွက်သွားတာ ဘယ်သူဆော်သွားလဲ မသိဘူး'

တစ်ယောက်တစ်ပေါက် အသံတွေထွက်လာတာနဲ့ အောင်ကြီးက ဝင်ကလည်တယ်။ မင်းမောင် တပည့်ပီသတယ်လေ။ ရပ်တည်နဲ့…

'မောင်ကောင်းကို ဆော်သွားတဲ့ကောင် ဒီအခန်းထဲဝင်သွားလို့ ကျုပ်ဆရာလိုက်ဖမ်းနေတယ်'

'ဟင်… ဟုတ်လား'

အခန်းတံခါးက ပိတ်ထားတော့ အသံကိုပဲ နားစွင့်နေကြတယ်။

'ဖုန်း… ဖုန်း…'

'ဂလုန်း… ဂလွမ်း…'



www.burmeseclassic.com

www.burmeseclassic.com


'ဟိုက်··· ဆော်ကုန်ပြီဟ'

အထဲကအသံတွေ ကြားရတယ်။ ခဏကြာတော့ တံခါးဟ သွားပြီး မင်းမောင် မျက်နှာကြီး ဖျတ်ခနဲပေါ်လာတယ်။ အရေးတကြီး မျက်နှာအမူအရာနဲ့ အောင်ကြီးကို ပြောတယ်။

'အထဲမဝင်ခဲ့နဲ့၊ ဒီအကောင် အတော်ဆိုးတယ်၊ ကြည့်ရတာ စနေအောင်အောင်ထင်တယ်'

'ဟင်···'

'ဟာ··· စနေအောင်အောင်တဲ့ဟ'

ပြောနေတုန်းပဲ မင်းမောင်ခေါင်းကို တစ်ယောက်ယောက် နောက်ကဆွဲလိုက်သလို ဈွေ့ခနဲ ပြန်ပါသွားတယ်။ စနေအောင်အောင် ဆိုတာနဲ့ ဘယ်သူမှ ဝင်ဖို့မစဉ်းစားကြတော့ဘူး။

အသံတွေနဲ့အတူ ဟနေတဲ့တံခါးပေါက်ကနေ မင်းမောင် တစ်ယောက် အသည်းအသန် သတ်ပုတ်နေသလို ပုံစံတွေ့ရတယ်။ ပါးစပ်အဟောင်းသားနဲ့ ဝိုင်းကြည့်နေကြတော့တာ။

မင်းမောင်နဲ့အတူ သူ့ကိုတွန်းထားတဲ့ ကုလားထိုင်တစ်လုံး ပေါ်လာပြန်တယ်။ တစ်ပိုင်းတစ်စဆိုတော့ အကုန်မတွေ့ရဘူး။ မင်းမောင်ကလည်း အံကြီးကြိတ်ရင်း ပြန်တွန်းတယ်။

အားမလို အားမရ ဝိုင်းကြည့်နေကြတော့တာ။ သူတွန်းကိုယ် တွန်းနဲ့။ မင်းမောင်နဲ့ ကုလားထိုင်ပြန်ပျောက်သွားပြန်တယ်။

တစ်ခါ နံရံကို ခုံတွေတဒုန်းဒုန်း လာမှန်တယ်။ ကြည့်ရတာ စနေအောင်အောင် နီးရာနဲ့ ကောက်အပစ် မင်းမောင်က ရှောင်တာနဲ့ နံရံကိုမှန်ပုံရတယ်။

ခဏကြာတော့ တစ်ခါ လူမတွေ့ရဘဲ ခြေတွေ လက်တွေ


www.burmeseclassic.com

www.burmeseclassic.com


ချည်းပဲ ပလူပျံနေတာ တွေ့ရတယ်။ နောက် ခြေတွေ လက်တွေ ပျောက်၊ ပြတင်းတံခါးဖွင့်သံကြားရပြီး အသံပျောက်သွားတယ်။

'ကျွိ…'

'ဟင်…'

တံခါးဖွင့်ပြီး မင်းမောင် ထွက်လာတယ်။ ကြည့်ရတာ ပင်ပန်းနေပုံပဲ။ အေးလေ… တကယ့် ထိတ်ထိတ်ကြဲနဲ့ တွေ့တာဆိုတော့ ဒါလောက်တော့ ရှိမှာပေါ့။

'ဘယ်ရောက်သွားပြီလဲ စနေအောင်အောင်'

'ဟူး… မလွယ်ဘူးဗျ၊ ပြတင်းကနေ ထွက်ပြေးသွားတယ်'

'ဟာ… တောက်…'

'ဒီကောင် ကံကောင်းသွားတယ်'

တဲ့။ သူခိုးပြေးမှ ထိုးကွင်းထသံတွေ ပေါ်လာတယ်။ အကုန်ကြိမ်းဝါးရင်း ပြန်လာခဲ့ကြတယ်။ မောင်ကောင်းကိုတော့ လူလေးယောက် လက်နှစ်ဖက် ခြေနှစ်ဖက်ကနေ ကောက်မလာတယ်။

ဟုတ်တယ်လေ။ ထမ်းစင်မှမရှိတော့ ဖြစ်သလိုပဲ သယ်လာတော့တယ်။ အောင်ကြီးက သူ့ဆရာဘေးကပ်ပြီး တိုးတိုးမေးတယ်။

'ဆရာ အထဲမှာ ဘယ်သူနဲ့ဖိုက်နေတာလဲ'

'အဟဲ… တစ်ယောက်တည်းလေ'

'ထင်သားပဲ'

အောင်ကြီး မဲ့ရွဲ့သွားတယ်။ မင်းမောင်တို့ လည်ချက်ကတော့ လက်လန်ချင်စရာလေ။ ခန်းမထဲရောက်ကာနီးကျတော့ မီးတွေပြန်လင်းသွားတယ်။ အင်္ဂလိပ်အစိုးရဟာ တကယ့်နေရာတွေကို လျှပ်စစ်မီးပေးထားပါတယ်။


www.burmeseclassic.com

www.burmeseclassic.com



အခု တစ်ခုခုချို့ယွင်းလို့ မီးခဏပျက်သွားတယ် ထင်လိုက်ကြတယ်။

'ဟာ… ကုန်ပြီ'

'ဟင်…'

ခန်းမထဲရောက်တော့ အားလုံးမတ်တတ်မေ့ကုန်တယ်။ မျက်လုံးအပြူးသား ပါးစပ်အဟောင်းလေးတွေနဲ့လေ။ မအံ့သြနေနိုင်ရိုးလား။

ခန်းမထဲမှာ ဘာမှခြေရာလက်ရာမပျက်ဘဲ ရတနာတွေကတော့ လက်စပျောက်သွားတယ်လေ။ စားပွဲခင်းတစ်ခု ကော်ဇောတစ်ချပ်မရွေ့ဘဲ ပစ္စည်းတွေကတော့ အစတောင်ရှာမရတော့ဘူး။ မင်းမောင်နဲ့ အောင်ကြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြတယ်။ မယုံနိုင်တဲ့ မျက်ဝန်းတွေနဲ့ အတူလေ။

❖ ❖ ❖

'ညံ့တယ်၊ ညံ့တယ်၊ အရမ်း အရမ်းကို ညံ့တယ်'

ပုလိပ်မင်းကြီးရဲ့ ရုံးခန်းဝန်းကျင်မှာ ညံ့သံတွေ ပလူပျံနေတော့တာ။ ရှိသမျှ စုံထောက်တွေလည်း ငြိမ်ကုပ်နေကြလေရဲ့။

'ကျွန်ုပ်ဌာနက စုံထောက်တွေကို ညံ့တယ်ပြောကြတာ၊ အစက မယုံခဲ့ဘူး၊ ခုတော့မှ ယုံတော့တယ်'

'ယုံသွားပြီပေါ့'

'တိတ်စမ်း'

မောင်ကောင်းက လျှာဝင်ရှည်တော့ ဇွေကြည့်တယ်။ ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းမင်းမောင်ကို စောင်းကြည့်တယ်။ အဓိကတရားခံက သူတို့နှစ်ယောက် ဖြစ်နေသလိုလေ။

'ကဲ… ပြောပါဦး၊ မောင်မင်းက ဘာလို့ထွက်ပြေးတာလဲ'

'ကျုပ်ထွက်ပြေးတာ မဟုတ်ပါဘူး၊ အဖြစ်က ဒီလိုပါ၊ ကျုပ်က အပေါ့သွားမလို့ အပြင်ထွက်တယ်၊ မီးပျက်သွားတော့ အဟဲ… သရဲက ကြောက်တတ်တယ်လေ၊ ဒါနဲ့ ပြန်ပြေးလာပါရောလား'

'သြော်… မောင်မင်းက သရဲကြောက်တယ်ပေါ့'

'အင်းလေ… နဂိုကြောက်ပဲ၊ အဟဲ…'

အားလုံးပြုံးသွားတယ်။ စိတ်ထဲမှာလည်း စုံထောက်ဖြစ်ပြီး သရဲကြောက်ရတယ်လို့ဆိုပြီး လောင်နေကြတယ်။ စုံထောက်သရဲ မကြောက်ရဘူးလို့တော့ ဘယ်သူမှမပြောလိုပါ။ ဒါပေမဲ့ လွန်ပါတယ်။

'ဟွန်း… မောင်မင်းက သရဲကို မကြောက်ရဘူး၊ အမှန်ဆို သရဲက ပြန်ကြောက်ရမှာ'

'အမ်…'

'ဟီ… ဟိ…'

မင်းကြီးရဲ့စကားကြောင့် မောင်ကောင်း မဲ့သွားပေမယ့် ကျန်လူတွေက အူတက်နေကြတယ်။

'ဟုတ်တယ်လေ၊ မောင်မင်းရုပ်က ခေါစာပစ်လို့ ဘီလူးထွက်ပြေးမယ့်ရုပ်၊ ကဲ… ထား ဆက်ပြော'

မောင်ကောင်းက မင်းမောင်ကိုကြည့်ရင်း မဲ့ရွဲ့ပြောတယ်။

'ကျုပ်လည်း ပြန်ပြေးလာရော မင်းမောင်က ဒီဘက်မှာ… လာကြဆိုတဲ့ အသံကြားရတယ်၊ ဒါနဲ့ ကျုပ်လည်း ကြော… ပျောက်သွားတယ်၊ ပြီးတော့ ကျုပ်ရှိနေတဲ့ဘက် ပြေးလာတော့ သူ…



www.burmeseclassic.com

www.burmeseclassic.com



ဟာ ကျုပ်ရှေ့မှာပဲဆိုပြီး မဲလိုက်တာလေ၊ အဟား··· ဘာပြောကောင်း မလဲ၊ ဘာမှကို ပြောမကောင်းဘူး၊ နှားထင် ပူခနဲ နှားထဲမှာ ခေါင်း လောင်းထိုးသံကြီးကြားပြီး ဘာမှမသိတော့ဘူး၊ အဟဲ···'

မင်းကြီး မဲ့ရွဲ့သွားတော့တာ။ ကောင်းတယ်လေ ဆင်ခြေက။

'ကောင်းတယ်၊ အရမ်းကောင်းတယ်၊ မင်းမောင် မောင်မင်း ကရော ဘာလို့အော်ပြေးလဲ၊ အဓိကတရားခံက မောင်မင်းပဲ၊ မောင်မင်း အော်ပြီးပြေးလိုက်တော့ ပြခန်းထဲ တစ်ယောက်မှမရှိတော့ဘူး၊ ပြေး လိုက်တော့ အကုန်မသွားတယ်လေ၊ ပြောပါဦး အကြောင်းပြချက်'

မင်းမောင်က ရုပ်တည်နဲ့ 'အဟမ်း'လိုက်တယ်။ ကလည် ဖို့အတွက်က ကြိုတင်ကြံစည်ပြီးသားလေ။

'ဒီလိုပါ မင်းကြီး၊ ကျုပ်လည်း သူခိုးလုစ်ခနဲပြေးကပ်တာ မြင်တော့ အတင်းလိုက်ပါတယ်၊ တွေ့နေရဲ့နဲ့ လွတ်သွားမှာစိုးလို့ အော် တာပါ၊ အကုန်လုံး လာပါလို့တော့ မအော်ပါဘူး'

'ဟင်··· အဟုတ်ပဲ'

မင်းကြီး မဲ့ရွဲ့သွားတယ်။ အဲလိုပဲ။ မင်းမောင်တို့က သူ့အပြစ် လွတ်အောင်ပြောတတ်တာ။

'မိခါနီးကျမှ သူခိုးက လူတစ်ယောက်ကိုထိုးပြီး အခန်းတစ်ခု ထဲ ဝင်ပြေးသွားတယ်၊ အဟင်း··· တောက်··· ဒီကောင် ကံကောင်း သွားတယ်၊ ကျုပ် သတိတစ်ချက်လွတ်သွားတာနဲ့ ပြတင်းပေါက်က ထွက်ပြေးသွားတယ်'

အားလုံးတိတ်နေတယ်။ အခု ပြောပုံအရဆို အပြစ်ပြောမရ ဘူး။ ဒါပေမဲ့ မပြေးသော်လည်း ကန်ရာက ရှိခဲ့ပြီမို့လား။

'ဘာပဲဖြစ်ဖြစ် အဓိကတရားခံက မောင်မင်းပဲ၊ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



တခြားဌာနတွေ ဝိုင်းမပြောခင် မောင်မင်း ဒီတရားခံတွေကို ရအောင် ဖမ်းပါ၊ အချိန်တစ်ပတ်ပဲ ပေးနိုင်မယ်'

'အဟင့်… နာပြီ၊ ကျုပ်က ဘယ်ကစလိုက်ရမှာလဲလို့'

'ညံ့ပါ့၊ အမှုစဖြစ်တာ ပြခန်းထဲမှာလေ၊ ဒီတော့ ပြခန်းထဲ သဲလွန်စရှာပေါ့'

❖ ❖ ❖

မင်းမောင်တို့ ဆရာတပည့် ပြခန်းထဲပြန်ရောက်တော့ ဌာန ပေါင်းစုံက စုံထောက်တွေ ရောက်နေကြတယ်။ ပေကြိုးတိုင်းသူ တိုင်း။ လေးဘက်ထောက်တွားသွားရင်း မှန်ဘီလူးဝိုင်းနဲ့ ခြေရာခံသူ ခံနဲ့လေ။

မင်းမောင်က ရပ်တည်နဲ့ အားလုံးကြားအောင် အော်ပြော တယ်။

'ကဲ… အားလုံးပဲ နားထောင်ကြပါ၊ ကျုပ်ကတော့ ဆား ပုလင်းမင်းမောင်ပါ၊ အဟဲ… ဒီအမှုကို ကျုပ်လိုက်မှာမို့ ကြိုတင် အသိပေးရခြင်းပါပဲ'

'ဘာလဲဟ'

'အေးလေ… သူလည်း ဘယ်သူမှမမေးဘဲ လာပြောပြနေ တယ်'

'အေးလေ…'

အသံတွေ ပလုပလုနဲ့ ထွက်လာကြတယ်။ မင်းမောင် အလယ်စားပွဲကြီးရှေ့သွားရပ်ရင်း အာပေါင်အာရင်းသန်သန်ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com


အားလုံးက သူ့ကို ဝိုင်းကြည့်ကြတယ်။ အောင်ကြီး မင်းမောင်နောက်က စားပွဲကြီးကို ကြည့်လိုက်တယ်။

မဆိုစလောက်လေး စောင်းနေတာနဲ့ အသာပဲဆွဲလိုက်တော့ အောက်မှာ လူနှစ်ကိုယ်စာလောက် အပေါက်ကြီးကို တွေ့လိုက်ရတော့တာ။ မင်းမောင်ကတော့ မသိဘူး။ လွှတ်ဖောတယ်။

'တကယ်တော့ ခင်ဗျားတို့ ရေလိုက်လွဲနေကြတာ၊ ကျုပ်တို့စဉ်းစားရမှာက နှစ်လမ်းပဲရှိတယ်၊ ခေါင်မိုးဖောက်ဝင်လာတာလား၊ နံရံကို ဖောက်ဝင်လာလားဆိုတာကိုပဲ'

အားလုံးက မျက်လုံးပြူးနဲ့ ဝိုင်းကြည့်ကြတော့ မင်းမောင်မာန်တက်သွားတယ်။

'ဆရာ'

'ဟာ… အသာနေစမ်းပါ'

အားလုံးက မျက်လုံးပြူးရင်း ဝိုင်းကြည့်ကြတယ်။ သူတို့တကယ်ကြည့်တာက မင်းမောင်နောက်ကြမ်းပြင်က အပေါက်ကြီးကိုလေ။

'ဆရာ'

'ဟာ… အသာနေစမ်းပါ၊ ဘာဖြစ်နေတာလဲ'

တဖြည်းဖြည်းပြောရင်း နောက်ကို စတိုင်(လ်)နဲ့ ဆုတ်သွားတယ်။ အောင်ကြီးက အပေါက်ထဲကျမှာစိုးလို့ ပြောမယ်ကြံတယ်။ မရဘူး။ အဲလိုပဲ။ ဝမ်းတွင်းရှူးဆိုတော့ ဘယ်လိုမှပြောမနိုင်ဘူး။

'ခင်ဗျားတို့တော့ ဘယ်လိုထင်တယ်မသိဘူး၊ ကျုပ်ကတော့ ခေါင်မိုးဖောက်ဝင်… ဝင်…'

'ဟိုက်… ကျပဟ'


www.burmeseclassic.com

www.burmeseclassic.com


ဆုတ်ရင်း ခြေချစရာမရှိလို့ ကြည့်လိုက်တော့ ခြေတစ်ဖက်က ချော်ကျနေပြီ။ ကံကောင်းလို့။ အောင်ကြီး ဝင်ဆွဲလိုက်လို့လေ။

တခြားလူတွေကတော့ ပြုံးစိစိနဲ့ကြည့်နေကြတယ်။ မင်းမောင်ရှက်သွားပေမယ့် မျက်နှာအပြောင်ကြီးကို အတင်းတည်ထားတယ်။ သူ့ပြောတာနဲ့ ဟိုသူခိုးတွေ လုပ်သွားတာက သိပ်မလွဲပါဘူး။ အပေါ်နဲ့ အောက်ပဲကွာတယ်လေ။ အဲလိုတော်တာ။

'ကဲ… မင်း ဆင်းကြည့်စမ်း'

'ဟိုလေ… အဟဲ… ဘာမှမမြင်ရဘူး'

'ဟာ… ဆင်းစမ်းပါ ရဲရဲ'

လူကြားထဲ ပြန်မပြောချင်တော့ မတတ်သာတဲ့အဆုံး အောင်ကြီး ရှုံ့မဲ့ရင်း တွင်းထဲတဖြည်းဖြည်းဆင်းသွားတယ်။ မင်းမောင်ကတော့ ဆရာပုံနဲ့ ကြည့်နေတယ်။

'ဘာတွေ့လဲ'

'ဘာမှမတွေ့ဘူးဗျ၊ ဆင်းတုန်းပဲ'

'ဘယ်လိုနေလဲ'

'ဆင်းရတာ ခက်တယ်၊ မတ်စောက်တယ်၊ တဖြည်းဖြည်းကျဉ်းသွားတယ်၊ သူတို့လှေကားထောင်တက်တယ် ထင်တယ်'

အပေါ်က လှမ်းမေးလိုက် ပြန်ဖြေလိုက်နဲ့ ဟုတ်လို့။ တော်တော်ကြာတော့…

'အား… ဆင်းမရတော့ဘူးဗျ၊ ဘာမှမမြင်ရဘူး'

'ဟာ… ဟုတ်လား၊ ငါလာပြီ'

ပြောလည်း ပြော၊ ဆင်းလိုက်တာ ခြေချော်ပြီး လျှောကျသွားတယ်။


www.burmeseclassic.com

www.burmeseclassic.com



'အား… ဟား…'

'ဟင်… ဘာဖြစ်တာလဲ'

'လျှောကျတာလေ'

'ဟိုက်…'

မှောင်မည်းမည်းနဲ့ လမ်းတစ်ဝက်မှာ တွဲလောင်းဖြစ်နေတဲ့ အောင်ကြီးကို ဝင်တိုက်ပြီး နှစ်ယောက်သား တစ်ရှိန်ထိုးကျသွားလေရဲ့။

'ဖုတ်…'

'အိ…'

'ကျွတ်… ကျွတ်… ဆရာ ဘယ်လိုလဲ၊ အကျကောင်းရဲ့လား'

'အေးကွ… အဟဲ… ခပ်ပျော့ပျော့ပေါ်ကျတာ မနာဘူးကွ၊ မင်းရော'

'အဲဒီခပ်ပျော့ပျော့က ကျွန်တော်လေ၊ ကျုံ့ပ်နာနေပြီ၊ ထပါဗျ'

'သြော်… ဟုတ်လား၊ အဟီ… ငါက မြေပျော့တယ်မှတ်တာ'

မှောင်နဲ့မည်းမည်းထဲမှာ စမ်းတဝါးဝါးနဲ့ ဘယ်သွားရမယ်မသိဖြစ်နေတယ်။ စိတ်ပျက်သံနဲ့ အောင်ကြီးက မေးတယ်။

'ဆရာ ဓာတ်မီးပါလား၊ ဘာမှမမြင်ရဘူးဗျ'

'ဟာ… ဘယ်ပါမတုံးဟ၊ နေ့ခင်းဘက်ကြီးကို၊ ဒါပေမဲ့ မပူပါနဲ့ကွာ၊ ငါ အမှောင်ထဲမှာမြင်နိုင်တဲ့ ကျင့်စဉ်တစ်ခုကို ကျင့်ထားပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ဟုတ်လား'

အံ့ဩတကြီး မေးတယ်။ အထင်လည်း ကြီးသွားတယ်။

'မင်း ကြားဖူးမှာပေါ့၊ နံရံတွေကနေ တန်ပြန်လာတဲ့အသံကို အသုံးပြုတာ'

'ဟာ… ဟုတ်လိုက်လေ၊ ဒါဆို အဆင်ပြေပြီပေါ့'

'အေး… ဒါပေမဲ့ အဟဲ… ခုမှ စကျင့်တုန်းလေ၊ ဘာမှကို မတတ်သေးတာ'

'အဟ'

ဟုတ်မလိုနဲ့ အဖျားရှုးသွားတယ်။ အောင်ကြီး ဘာမှကို မပြောချင်တော့ပါ။ တစ်ခါလေး ကိုယ့်ဆရာကို အထင်ကြီးမိတာ နောင်တရသွားတယ်။

'အဟဲ… မင်း စိတ်ပျက်သွားပြီလား၊ ငါ့ဆရာပါကွ၊ ဒီကောင်တွေ ဥမင်တူးတာ သုံး၊ လေးခုတော့ မတူးနိုင်ဘူး၊ ဒီတော့ ဟိုနည်းအတိုင်း သွားကြတာပေါ့၊ လမ်းတည့်ရင် ရပြီပဲ'

'ဘယ်နည်းလဲ၊ လာပြန်ပြီ'

'ခွေးနည်း'

'ဟင်…'

'ဟုတ်တယ်၊ လေးဖက်ထောက်ရင်း လက်ကနေစမ်းသွားကြတာပေါ့'

'နောက်ဆုံးတော့လည်း ဆရာရဲ့ ကိုယ်ပိုင်နည်းကြီးပဲ သုံးရတော့မှာပေါ့၊ အဟိ…'

'ဘာကွ'

ခဲနည်းပေါင်းစုံအောင် ဆဲရင်း ရှေ့ကနေ လေးဖက်ထောက်



www.burmeseclassic.com

www.burmeseclassic.com



ဟိုစမ်း ဒီစမ်းနဲ့သွားတယ်။ နောက်က အောင်ကြီးကလည်း လိုက်ရတာပေါ့။ မင်းမောင်က နံရံကို ဝင်ဆောင့်လိုက်၊ မင်းမောင် ဖင်ကို အောင်ကြီးက ဝင်ဆောင့်လိုက်နဲ့ နောက်ဆုံး ဥမင်ဆုံးသွားတယ်။

ဒီတော့မှ နှစ်ယောက်သား သေနတ်တွေထုတ်ရင်း အပြင်ကို ဟိုဒီကပ်ရင်း ထွက်ကြတယ်။ ဂိုဒေါင်အဟောင်းကြီးတစ်လုံးထဲ ရောက်နေတယ်။

တံခါးတစ်ခုကို တွေ့လို့ ပြေးကပ်လိုက်ကြတယ်။ အသာဟပြီး ချောင်းလိုက်တော့ အထဲမှာ လူလေးယောက် သေတ္တာနှစ်လုံးကို ကားပေါ်တင်နေကြတယ်။ ကားပေါ်ကိုတက်ပြီး သွားဖို့ပြင်နေကြတယ်။

'ဟိတ်… တစ်ယောက်မှ မလှုပ်နဲ့၊ သေသွားမယ်၊ ဟင်း… ဟင်း…'

'ဟင်…'

'ဟာ…'

ဟိုလူတွေက အံ့ဩကုန်တယ်။ ဒါပေမဲ့ အကြောင်းသိတွေမို့လား။ ဟိုလူတွေက ပြုံးလိုက်ကြတယ်။ ဆင်တစ်ကောင်လုံး တော့ ဝစ်တာတောင် ပွတ်ပဲထိတာလေ။

မင်းမောင်တို့ကလည်း တကယ့်လူဇော်တွေချည်းပဲဆိုတော့ အနားရောက်အောင်မသွားရဲဘူး။ ဒီကြားထဲ အောင်ကြီးက ဒူးနှစ်ခု လှုပ်ဂလှုပ်နဲ့ ရိုက်နေသေးတာ။

ဒါနဲ့ စွေကြည့်လိုက်တယ်။ ဟုတ်တယ်လေ။ ကိုယ်က သေနတ်နဲ့ချိန်ပြီး ကိုယ်က ပြန်ကြောက်နေတာကိုး။ အောင်ကြီးတို့ အတ္တိကောင်းပုံက အဲလို။



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ… ဟဲ… ဟဲ… ဘယ်သူလဲမှတ်တယ်၊ နိုင်ငံချော်၊ အဲလေ… နိုင်ငံကျော် ဆားပုလင်းမင်းမောင်ပဲ ဘယ်လိုလဲ အဆဲခံမှ ထိရဲ့လား'

'အဲဒါ မင်းအပူမဟုတ်ဘူး တောက်ပြား၊ အခု ကားပေါ်က ဆင်းလိုက်စမ်း၊ ကျုပ်လက်က လူရွေးတာမဟုတ်ဘူး'

'ဟား… ဟား… ဟား…'

'တိတ်'

လေးယောက်သား ဝိုင်းရယ်ကြတယ်။ အောင်ကြီးကတော့ ဖောချွေးပါ ပျံနေတယ်။ အားကိုးရတာ ပြောပါတယ်။ ဒီအချိန်မှာပဲ…

'ကဲ… တာ့တာ'

ပြောလည်းပြော ကားက မောင်းထွက်သွားတယ်။ မင်းမောင် သေနတ်နဲ့ သုံး၊ လေးချက်ဆင့်ပစ်ပေမယ့် ကားနားတောင်မရောက်ဘူး။ ကားက အဝေးကို ရောက်သွားတယ်။ မင်းမောင် ကြိတ်မနိုင် ခဲမရကျန်ခဲ့တော့တာ။

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

'ဟား… ဟား… ဟား…'

'တယ်လည်းရယ်ရတဲ့ ဆားပုလင်းမင်းမောင်ပဲ'

'ဟုတ်ပါ့ဗျား၊ ဟဲ… ဟဲ…'

စနေအောင်အောင်တို့လူစု မင်းမောင်ကို လှောင်နေကြတယ်။ အခု လုံခြုံတဲ့နေရာတစ်ခုကို ရောက်နေကြပြီ။ တကယ်ပဲ ဒီနေရာဟာ လုံခြုံသလားဆိုတာ မေးဖို့ရှိတယ်။

အခုရောက်နေတာက လူကြီးလူကောင်းတွေချည်းနေတဲ့ ဆိတ်ငြိမ်ရပ်ကွက်တစ်ခုထဲရှိတဲ့ အိမ်ကြီးတစ်လုံးမှာလေ။ ဒါ စနေအောင်အောင်ရဲ့ အကြံ။ စနေအောင်အောင်က…

'အခုဆို တို့တစ်တွေကို မြို့အဝင်အထွက်တွေ ဟိုးလူဆိုးသူခိုးတွေနေတဲ့ လူမိုက်ရပ်ကွက်တွေမှာ ပိုက်စိပ်တိုက်ရှာနေလောက်ပြီ၊ ဒီလိုနေရာမျိုးမှာရှိမယ်လို့ ဘယ်သူထင်မတုံး'

'ဟုတ်ပါ့ဗျာ၊ ဆရာကြီး အကြံပိုင်ပါပေ့၊ ဒါကြောင့် စနေအောင်အောင်ရယ်လို့ နာမည်ကြီးနေတာကိုး၊ ဟင်း… ဟင်း…'

ငတက်ပြားက ဝင်မြှောက်တယ်။ မိုးမှောင်ကလည်း…



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါ့ဗျား၊ ဘာပဲဖြစ်ဖြစ် တစ်လကျော်လောက် လိုက်ခေါင်းတူးခဲ့ရတာ ခုမှပဲ အကြံအောင်တော့တယ်'

'ဒါပေါ့ကွာ၊ ဟား… ဟား…'

ဝကြီးကလည်း ထောက်ခံတယ်။ အခန်းထောင့်မှာ သေတ္တာကြီးနှစ်လုံး ချထားတယ်။ စနေအောင်အောင်က…

'ကဲ… ကဲ… သောက်ကြဗျား၊ မြို့ထဲမှာ တစ်ပတ်လောက်အောင်းလိုက်ပြီးမှ ထွက်ကြတာပေါ့၊ အဲဒီအချိန်ဆို သူတို့ ရှာတာဖွေတာတွေ နည်းသွားလောက်ပြီ၊ ကဲ… ကျုပ်စီစဉ်စရာလေးတွေသွားစီစဉ်လိုက်ဦးမယ်'

'ကောင်းပါပြီဗျား'

ငတက်ပြားတို့ သောက်ရင်း စားရင်း ကျန်ခဲ့တယ်။ စနေအောင်အောင်က အပြုံးနဲ့အတူ တံခါးပိတ်လိုက်တယ်။ အပြင်မှာသူ့တပည့်နှစ်ယောက် ထိုင်စောင့်နေကြတယ်။

တစ်ယောက်က တရုတ်အရက်သမား သံချောင်း။ တစ်ယောက်က မောင်သာမြတ်။ အရက်သမား သံချောင်းက အရက်သောက်တာက လွဲလို့ အကုန်ကောင်းပြီးသား။

မောင်သာမြတ်ကတော့ ပညာသင်တပည့်ပဲ။ စနေအောင်အောင်က…

'မင်းတို့ စောင့်ရတာ ကြာနေပြီလား'

'ဟာ… ရပါတယ် ဆရာကြီးရဲ့'

'အေးကွာ… မင်းတို့ကို ငါခေါ်ရတဲ့အကြောင်းရင်းကတော့ အရေးကြီးတယ်'

ပြောရင်း ငတက်ပြားတို့အခန်းဘက် ဝေ့ကြည့်တယ်။ ပြီးတော့ အရက်သမားသံချောင်းကို ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



'မင်းလုပ်ရမှာကို ခုကတည်းက ငါပြောထားမယ်၊ နောက်မှ ပြောရင် ဟိုကောင်တွေ ရိပ်မိကုန်လိမ့်မယ်၊ မထူးပါဘူး၊ မောင်သာ မြတ်ရော နှစ်ယောက်စလုံး အနားတိုးခဲ့ကြ'

ခေါင်းသုံးလုံးပူးရင်း တိုးတိုးပြောနေကြတယ်။ မသိရင် ကွဲကွာနေတဲ့ သားအဖတစ်တွေ ပြန်တွေ့နေကြတာလိုပဲ။

❖ ❖ ❖

ဆားပုလင်းမင်းမောင် အတော့်ကို စိတ်ပျက်နေပြီ။ အခုပဲ တစ်ပတ်ဆိုတဲ့အချိန် ပြည့်တော့မယ်။ မြို့ရဲ့ဝင်ပေါက်တွေ၊ ထွက်ပေါက် တွေ။ နောက် လူမိုက်ရပ်ကွက်တွေမှာ ရှာရတာ ပြဲပြဲကိုစင်လို့။

စနေအောင်အောင် မပြောနဲ့ ဘာသံမှကို မကြားရဘူး။ ကြည့် ရတာ မြေပဲလျှိုးသွားသလား။ မိုးပဲ ပျံသွားသလား တစ်ခုခုတော့ ဖြစ်ရမှာပဲ။

ဒီတစ်ခါ လေးယောက်ပြူးကြီးတွေ့လည်း အတင်းဝင်ဖမ်း ရမယ်လို့ တွေးနေတယ်။

'ဟူး··· ဘယ်လိုလုပ်ရပါ့'

ထိုင်နေရင်းကနေ ကြံ့ရာမရတော့ တစ်ခါထလျှောက်ရင်း ကြံ့တယ်။ ရှာစရာနေရာကလည်း မရှိသလောက်ကို ဖြစ်နေပြီ။

အိုင်ပီအောင်နိုင်နဲ့ ဦးကိုကိုလေးကိုလည်း မျှော်တယ်။ အကြံ လေးဘာလေး ရလိုရငြား။ ဒါပေမဲ့ လာဖို့နေနေသာသာ အသံတောင် မကြားရဘူး။ အပေါင်းအသင်းတွေ ကောင်းပုံပြောပါတယ်။

လမ်းသလားလို့ အခေါက်ပေါင်း ၁၀၀ ပြည့်တော့ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com


ပြန်ထိုင်တယ်။ အခန်းထောင့်မှာ ထိုင်နေတဲ့ အောင်ကြီးက ကြည့်ရင်း မျက်စိနောက်လာတော့တာ။

'ဟွန့်… အမြင်ကိုကတ်တယ်'

ဟုတ်တယ်လေ။ အခုဆို အပြင်ကိုထွက်ပြီး လားလားလား လားမသွားရတာ အတော်ကြာပြီ။ ဒီကြားထဲ မင်းမောင်က တရားခံ မမိတော့ အောင်ကြီးကိုပဲ လိုမ့်ဆူတာ။ ဒီတော့ ပုလိပ်မင်းကြီး ပြော သလို နားပြဿနာကို တက်နေတော့တာ။

မင်းမောင် ထိုင်စဉ်းစားရင်းကနေ အောင်ကြီးဆီ မျက်လုံး ရောက်သွားတယ်။

'ဟွန်း… တပည့်လေးတစ်ယောက် ရှိပါတယ်၊ ဘယ်နေရာမှ သုံးမရဘူး'

'ဘာမှလည်း မဆိုင်ဘူး'

မဲစရာမရှိ မဲတာလေ။ ကုလားမနိုင် ရခိုင်မဲ။ မယားမနိုင် တော့ ထိုင်ဆဲတာ။ အဲလိုပဲ တရားခံတွေ ဖမ်းမရဘူးဆိုရင် အောင်ကြီး တို့က အဆဲခံ အမဲခံ။ ဒါပေမဲ့ အောင်ကြီးကလည်း မနာဘူး။

ကြည့်ရတာ ကြွက်နဲ့ အမျိုးတော်တယ်ထင်တယ်။ ဟုတ်တယ် လေ။ သည်းခြေမှမရှိတာ။ ခုလည်း မျက်နှာကြီးမဲ့ပြီး မကြားယောင် ဆောင်နေတယ်။ မင်းမောင် စိတ်ပျက်လက်ပျက် ညည်းတယ်။

'ဟွန်း… သူ့ပြောလိုက်ရင် အဲလိုပဲ၊ ငါ့ဟာငါ နွားရှေ့ထွက် သွားကျူး၊ အဲလေ… နဲ့သွားမှတ်တာမှ ကောင်းတာ မကောင်းတာ အပထား၊ ခေါင်းညိတ်ပြဦးမယ်၊ ဒီလိုကောင်စားမျိုး နဲ့မှတ်ပြလည်း အလကားပဲ'

အောင်ကြီး ဘာမှမပြောတော့ဘဲ စိတ်ထဲမှာတော့ နွားရှေ့


www.burmeseclassic.com

www.burmeseclassic.com


နဲ့သွားမှတ်ပြလေ။ အဲသမှာ နွားမဆို တော်ဦးမယ်။ နွားထီးဆို သူ့ပြေးဆောင့်လိုက်လိမ့်မယ်။ ချိုနဲ့ပြောပါတယ်လို့ တွေးနေတယ်။

မျက်လုံးထဲမှာ နဲ့ကြီးကိုင်။ ပတ်တီးအဖွေးသားနဲ့ ဆေးရုံပေါ်မှာ ထိုင်ငိုနေတဲ့ မင်းမောင်ပုံ ပေါ်လာလို့ ပြုံးစိစိဖြစ်သွားတယ်။ နဲ့ကြီးကို ကောင်းတဲ့လက်တစ်ဖက်နဲ့ကိုင်။ ဝါး... ဝါး... ငါ ဒါလောက်အမှတ်ကောင်းတာကိုများ အံမယ်လေး... ကိုရွှေနွားရယ် ဆောင့်ရက်တယ်ဆို ထိုင်ထိုင်ငိုနေမှာ။

'အဟိ...'

အတွေးနဲ့အတူ အသံထွက်အောင်ရယ်လိုက်တော့ မင်းမောင်က စွေကြည့်တယ်။

'ကြည့်စမ်း... ဒါလောက် ဆူနေဆဲနေတာတောင် မျက်နှာပိုးက မသေဘူး၊ ငါ...'

'ဒေါက်... ဒေါက်... ဒေါက်...'

'ဟင်...'

ဒီတုန်းမှာပဲ တံခါးခေါက်သံပေါ်လာတာနဲ့ မင်းမောင် ပျော်သွားတယ်။ အိုင်ပီအောင်နိုင် မှတ်တာကိုး။

'ဝင်ခဲ့ပါ အိုင်ပီ၊ တံခါးက စေ့ထားတာ'

အတော်ကြာတဲ့အထိ ဘာသံမှကို မကြားရဘူး။ သင်္ကာမကင်းဖြစ်ပြီး အပေါက်သွားဖွင့်လိုက်တော့ ဘယ်သူမှမရှိဘူး။ ခန့်မှန်းတာ တော်ပုံနှယ်။

ဒါပေမဲ့ စာတစ်စောင်ကို တွေ့တာနဲ့ ကောက်ဖတ်လိုက်တယ်။ စာဖတ်ရင်း မင်းမောင်မျက်နှာ ကာလာအမျိုးမျိုးချိန်းသွားတယ်။

စာဖတ်ပြီး အိတ်ကပ်ထဲက မီးခြစ်ကိုယူ မီးရှို့ပစ်လိုက်တယ်။


www.burmeseclassic.com

www.burmeseclassic.com



လမ်းသလားရင်း ဖြစ်နိုင်၊ မဖြစ်နိုင် စဉ်းစားနေတယ်။ ပြီးမှ ထရယ်တယ်။

'ဟား… ဟား… ဟား… မိပြီပေါ့ကွာ၊ ဟား… ဟား…'

'ဟင်… ရူးသွားပြီလားမသိဘူး'

အောင်ကြီး မင်းမောင်ကိုကြည့်ပြီး မျက်လုံးပြူးသွားတယ်။ တရားခံကို မမိတာနဲ့ပဲ ဂေါက်သွားပြီထင်သွားလေရဲ့။

'ဟား… ဟား… မိပြီကွ တပည့်ကြီးရဲ့'

'ဆ… ဆရာ စိတ်ထိန်းလေ၊ စိတ်ကို ထိန်းမှပေါ့'

'ဘာကွ'

အောင်ကြီးကို စောင်းကြည့်တယ်။ ရုပ်တည်နဲ့ မေးတယ်။

'ဟော့ကောင်… ငါက ဆိတ်ထိန်းရအောင် ဆိတ်ကျောင်းသားမှမဟုတ်တာ၊ ဘာတွေက ပြောနေတာလဲကွ'

'သေချာပြီ'

အောင်ကြီး မဲ့သွားတယ်။ ချော့မော့ပြောတယ်။

'ဆရာ… သတိထားပါ၊ ကျွန်တော် အောင်ကြီးလေ'

'ဘာလဲ… မင်းက ဆိတ်မို့လို့လား'

ခေါင်းကို စုံကုတ်တယ်။ ပါးစပ်ကလည်း ညည်းတယ်။

'သွားပါပြီကွာ၊ ငါ့ဆရာတော့ ဂေါက်ဖြစ်ပြီ'

'ဘာကွ'

မင်းမောင်က မျက်လုံးပြူးနဲ့ အောင်ကြီးကို စိုက်ကြည့်နေတယ်။ အောင်ကြီး လန့်နေတော့တာ။ မင်းမောင်က ရယ်ပြန်တယ်။

'ဟား… ဟား… ဟား… လူသကွာ၊ မင်းက ငါ့ကို ရူးသွားပြီထင်တာကိုးကွ၊ ဟော'

'ဟုတ်ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com


'တိတ်'

'ဟော… ကြည့်၊ ရယ်လိုက်၊ စိတ်ဆိုးလိုက်နဲ့ သေချာပြီ ဂေါက်တာ'

'မင်း ဘာသိလို့လဲ၊ အခု စာတစ်စောင်ရတယ်'

'ဟုတ်တယ်လေ၊ ကျွန်တော် မြင်သားပဲ'

'အေး… အဲဒါ စနေအောင်အောင်တို့ ဘယ်မှာရှိတယ်ဆိုတာ ရေးထားတာ'

'ဟာ…'

အောင်ကြီး မျက်လုံးပြူးသွားတယ်။ မင်းမောင်က အားရ ဝမ်းသာပြောတယ်။

'ဘာလဲ… မင်း ဝမ်းသာသွားပြီမို့လား'

'ဟာ… ဘယ်ကလာ ကြောက်သွားတာ'

'ဟေ…'

မင်းမောင်က နားမလည်နိုင်အောင် အံ့သြသွားတယ်။ အောင်ကြီးက ကြောက်ရွံ့သံနဲ့ ပြောတယ်။

'ဆရာရယ်… မနေနိုင်လို့ သွားဖမ်းမယ်ဆိုလည်း မလိုက်ပါ ရစေနဲ့နော်၊ တခြားလူသာ ခေါ်သွား'

'ဘာကွ'

'အဟင့်… ကျွန်တော် ကြောက်လို့ပါ'

'ဟာ… တိတ်စမ်း၊ ငါတစ်ယောက်လုံးရှိတာ ဘာကြောက်တာလဲ'

'ဆရာပါလို့ကို ပိုကြောက်တာ'

'ဟာ… ငါကွာ မရဘူး၊ မင်းပဲလိုက်ခဲ့ရမယ်၊ သူသေကိုယ် သေ တိုက်ရမယ့်အချိန်ကျပြီကွ'

'ဟင်… နာပြီ'


www.burmeseclassic.com

www.burmeseclassic.com


'ဒါ နောက်ဆုံးပွဲပဲ၊ သူတို့လည်း သေမှ ငါလည်း ရာထူးတိုးမှ ဒါမှမဟုတ် သူတို့ကိုလည်းမိမှ ငါလည်း ရာထူးတက်မှ တစ်ခုခုတော့ ဖြစ်မှရမှာ'

'ဟွန့်… နာနေဦးမယ်'

အောင်ကြီး မဲ့ရွဲ့သွားတော့တာ။ ကြည့်လေ။ ပြောတဲ့စကား။ သူ့ဘက်က အသာချည်းပဲ။ အနာမှ မပါတာ။

အောင်ကြီးက စိတ်ပျက်နေပေမယ့် မင်းမောင်က သေနတ်ကိုထုတ်ပြီး တိုက်ချွတ်နေတယ်။ ပြောသေးတာ။

'ဒီည ကိုးနာရီလောက်သွားကြမယ်၊ အသင့်ပြင်ထား။ စာထဲမှာတော့ ဆယ်နာရီလောက်မှ လာပါ၊ စောရင်လည်း မိမှာမဟုတ်သလို နောက်ကျရင်လည်း မမိနိုင်ဘူးတဲ့၊ ဘာပဲဖြစ်ဖြစ် စောစောသွားတာကောင်းတယ်၊ သေချာမှ ပုလိပ်ခေါ်မယ်'

'အဟင့်… နာပြီ'

❖ ❖ ❖

'ငါကတော့ အိမ်အကြီးကြီးဆောက်ပြီး အခြွေအရံတွေနဲ့ နေပစ်လိုက်မယ်'

မိုးမှောင်ရဲ့စကား။ ငတက်ပြားကလည်း အားကျမခံဘူး။

'ငါကတော့ မိန်းမအယောက်ငါးဆယ်လောက်ကို ယူပစ်မှာ'

'ဟင်… မင်းဟာက မလွန်လွန်းဘူးလား'

'ဘာဖြစ်လို့လဲကွာ'

မိုးမှောင်ကလည်း စားမာန်ဝင်ခုတ်တယ်။ ဝကြီးကတော့


www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ငေါက်တွေလို့ တွေးနေတယ်။ ဟုတ်တယ်လေ။ စိတ်ကူး ယဉ်တာတောင် ရန်ဖြစ်နေကြတာကိုး။ မိုးမှောင်က…

'မင်း မိန်းမ အဲလောက်ယူမှတော့ ဝက်သိုးနဲ့တူသွားပြီပေါ့ ကွ'

'ဘာကွ'

'ဟုတ်တယ်လေ၊ ဒါလောက် လောဘကြီးရလား၊ ဆယ် ယောက်လောက်ဆို တော်ရောပေါ့'

'ဟာ… အယောက်ငါးဆယ်လောက်မှ စုံမှာပေါ့'

'အမ်… ဘာလဲ'

'ဟိုလေ… အဟဲ… ချောပုံ လှပုံပြောပါတယ်'

နှစ်ယောက်သား အဝေမတည့်ဘဲ ရန်ဖြစ်နေကြတုန်း စနေ အောင်အောင် ဝင်လာတယ်။ ပြီး အပြုံးနဲ့ ပြောတယ်။

'ကဲ… ကဲ… တော်ကြာကျ ငါတို့ ဝေစုခွဲပြီး ကိုယ့်လမ်း ကိုယ်သွားကြမှာဆိုတော့ နှုတ်ဆက်ပွဲလေး လုပ်လိုက်ရအောင်'

'ဟာ… ကောင်းတာပေါ့ဗျာ'

ငြင်းကြတာလေ။ သုံးယောက်သား သွားရည်တမြားမြားနဲ့ စောင့်နေကြတယ်။ စနေအောင်အောင်က လှမ်းခေါ်တယ် အခန်းအပြင် ကို။

'သံချောင်းရေ… ရရင် ယူလာခဲ့တော့'

'ဟုတ်ကဲ့ လာပြီ'

သံချောင်း ပျာနေတယ်။ ပုံစံတူ ပုလင်းနှစ်လုံးကို ကြည့်ရင်း ခေါင်းကုတ်တယ်။ စနေအောင်အောင်ရဲ့ အကြံက ပိုင်တယ်။ အရက် ပုလင်းနှစ်လုံးထဲက တစ်လုံးကို မေ့ဆေးခတ်။ တစ်လုံးကို မခတ်ဘူး။ ခတ်ထားတဲ့တစ်လုံးကို ဟိုသုံးယောက်ရှေ့ ချလိုက်မယ်။



www.burmeseclassic.com

www.burmeseclassic.com



မခတ်တဲ့အလုံးကို ကိုယ့်ရှေ့မှာချပြီး သောက်မယ်။ ဒါဆို ပွဲကပြီးပြီ။ သူတို့ မေ့သွားတဲ့အခါ ပစ္စည်းတွေအကုန်မပြီး လစ်မယ်။

လစ်ပြီးတာနဲ့ မောင်သာမြတ် စာသွားပေးထားတဲ့ မင်းမောင် ရောက်လာမယ်။ ဒါဆို ကိစ္စက ပြတ်ပြီလေ။

ဒါပေမဲ့ပေါ့။ သံချောင်းနှစ်ပုလင်းထဲက တစ်လုံးကို ဆေးခတ် လိုက်တယ်။ အခု လှမ်းခေါ်လို့ သွားပို့မယ်ဆိုတော့ ဇဝေဇဝါနဲ့ ဘယ် ပုလင်းခတ်မိမှန်း မမှတ်မိဘူး။

ပျာယာခတ်ရင်း ဘာလုပ်ရရင်ကောင်းမလဲ စဉ်းစားတယ်။

'ကြာလိုက်တာကွာ'

'ဟုတ်ကဲ့ လာပြီ'

ကြံရာမရတဲ့အဆုံး မသေချာမှာစိုးလို့ ပုလင်းနှစ်လုံးစလုံး ဆေးခတ်လိုက်တော့တာ။ ပြီးမှ အခန်းတံခါးကို ဖွင့်ဝင်လိုက်တယ်။

'ကြာလိုက်တာကွာ၊ ကဲ… ခွက်တွေလိုက်ချ၊ ပုလင်းကို လည်း သေချာချ'

'ဟုတ်ကဲ့'

အထာနဲ့ပြောတော့ ခွက်တွေ ပုလင်းတွေကို အသေအချာချ တယ်။ စနေအောင်အောင် ပြုံးနေပေမယ့် သံချောင်း ဓားချွေးပျံနေ တယ်။

'ကဲ… သောက်ကြစားကြကွာ'

'ဟုတ်ကဲ့'

ပြောတာမှ ကြာနေဦးမယ်။ သုံးယောက်သား ပြိုင်မော့လိုက် ကြတယ်။ သောက်ပြီး ခဏကြာတော့ အရင်ဆုံး မိုးမှောင်က လည် တည်တည်နဲ့ မှောက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဟား… ဟား… ဟား… တယ်နေတဲ့အကောင်ပဲ၊ တစ်ခွက်တည်းနဲ့ မှောက်… ဟောက်… ဟောက်…'

စကားတောင် မဆုံးဘူး။ တောက်ပြား ပြူးပြူးလေး လဲသွားတယ်။

'ဟာ…'

ဝကြီး အံ့ဩသွားတယ်။ ဒါပေမဲ့ 'ပါးစပ်ဟောင်းလောင်းနဲ့ မေ့သွားတော့တာ။ စနေအောင်အောင်က ဝမ်းသာအားရပြောတယ်။

'ကဲ… စိတ်ချရအောင် တိုင်မှာ ကြိုးနဲ့ကပ်တုပ်ခဲ့ကွာ၊ ဆားပုလင်းမင်းမောင် အလွယ်ဖမ်းလို့ရတာပေါ့၊ အဟဲ'

'ဟုတ်ကဲ့'

သံချောင်းလည်း ကြိုးယူပြီး လှမ်းသွားလိုက်တယ်။ စနေအောင်အောင်က သူ့ရှေ့မှာရှိတဲ့ ပုလင်းထဲက အရက်ကို ခွက်ထဲထည့်လိုက်တယ်။ ဒါကိုတော့ သံချောင်း မသိလိုက်ပါ။

❖ ❖ ❖

တစ်ချိန်တည်းမှာပဲ မင်းမောင်နဲ့ အောင်ကြီး ကပ်လျက်အိမ်ကြီးထဲ မှားဝင်သွားတယ်။ ဘယ်သူမှမနေလို့ တော်သေးတာ။ မဟုတ်ရင် တွေ့တဲ့လူ ဖမ်းနေဦးမှာလေ။ တံခါးနှစ်ပေါက်တွေ့တာနဲ့ တစ်ယောက်တစ်ပေါက် ခွဲဝင်လိုက်တယ်။ အောင်ကြီးက အခန်းထဲသေနတ်ကို ဟိုထိုးဒီချိန်တုန်း ရှိသေးတယ် မင်းမောင် ဝင်သွားတဲ့အခန်းဘက်ကနေ 'ဂလောင်'ခနဲ အသံကြီးကြားရတယ်။

'ဘာများပါလိမ့်'



www.burmeseclassic.com

www.burmeseclassic.com


အခန်းထဲကနေ ပြေးထွက်ပြီး တစ်ဖက်ခန်းထဲဝင်လိုက်တော့ နဖူးက ဘုကြီးကို လက်နဲ့အုပ်ရင်း ပြန်ထွက်လာတဲ့ မင်းမောင်ကို တွေ့ရတယ်။

'ဘယ်လိုဖြစ်တာလဲ အာစရိ'

မင်းမောင်က ရှုံ့မဲ့ရင်း လက်ညှိုးထိုးပြတယ်။ လူတစ်ရပ်စာလောက်မှာ ဟိုဒီယမ်းနေတဲ့ မီးအိမ်တစ်လုံးကို တွေ့ရတယ်။ မှောင်ဝါးဝါး မီးကလည်း ထွန်းမထားဆိုတော့ သိပ်မမြင်ရပါ။

'မင်း အဲဒါကိုမြင်လား'

'အင်း… မြင်တယ်'

'အေး… ငါတော့ မမြင်ဘူးလေ'

'ဟီ… ဟိ…'

မင်းမောင်က မျက်စောင်းချိတ်တယ်။ နှစ်ယောက်သား ဘာမှ မတွေ့တာနဲ့ ပြန်ထွက်လာကြတယ်။ မင်းမောင် ခြံဝရောက်မှ အိမ်နံပါတ်ကို ဇဝေဇဝါနဲ့ ကြည့်တယ်။

ပြီးမှ နဖူးကဘုကို ပွတ်ရင်း ပြောတယ်။

'ဟာ… လွဲပြန်ပဟ၊ အိမ်မှားဝင်တာ၊ ဒါကြောင့် ဘာမှ မတွေ့ပါဘူး၊ မှတ်တယ်၊ လာ… ဒီဘက်အိမ်ကွ'

'ဟွန့်… သူပဲအမျိုးမျိုး'

နှစ်ယောက်သား ခြံထဲပြေးဝင်သွားကြတယ်။ မင်းမောင်တို့က အဲလို။

အိမ်ထဲမှာတော့ သံချောင်းက မိုးမှောင်တို့သုံးယောက်ကို ကြိုးနဲ့ချည်လို့ ပြီးသွားပြီ။ သူက သက်ပြင်းကိုချပြီး ပြောတယ်

'ဟင်း… ခုမှပဲ စိတ်အေးသွားတယ် ဆရာရယ်'

'ဘာလို့လဲ တပည့်ရ'


www.burmeseclassic.com

www.burmeseclassic.com


'ဘာကမှာလဲ ကျုပ်ဆေးကို ဘယ်ပုလင်းထဲ ထည့်မိမှန်း မသိဘူး၊ အခု သူတို့မှောက်သွားမှပဲ…'

'အဟဲ… မလွှဲပါဘူး၊ မင်းမှန်ပါတယ်'

'ဘယ်လွှဲမှာလဲ'

'ဟင်… ဘာဖြစ်လို့လဲ'

တအံ့တသြမေးတော့ သံချောင်းက…

'ကျုပ်က သေချာအောင် ပုလင်းနှစ်လုံးစလုံး ဆေးခတ်လိုက်တာကိုး၊ အဟဲ…'

'ဘာကွ'

စနေအောင်အောင် မျက်လုံးပြူးကြီးနဲ့ ထရပ်လိုက်တယ်။ ကိုယ့်အတတ်ကိုယ်စူးတယ်ဆိုတာ ဒါမျိုးနေမှာ။

'ဆရာမှ မသောက်ရသေးဘဲ ဘာမှမဖြစ်ပါဘူး'

'ဘာ… ငါ… ငါ ခုပဲသောက်လိုက်ပြီကွ၊ မင်းက ကြိုမှ မပြောတာ၊ အဟင့်… ခုတော့…'

'ဟာ… ဆရာ'

'မင်းကွာ'

ပြောတုန်းပဲ။ မျက်လုံးလေး လည်တယ်တယ်နဲ့ ထိုင်ကျသွားတယ်။ အဲဒီအချိန်မှာပဲ တံခါးဖွင့်သံကြားလိုက်ရတယ်။

ဆားပုလင်းမင်းမောင် လာပြီဆိုတာ သိလိုက်တော့ ဖျတ်ခနဲဆို သံချောင်းက ပြတင်းဘောင်ပေါ် ပြေးတက်လိုက်တယ်။ ပြောသေးတာ နောက်ကိုလှည့်ပြီးတော့…

'ဆရာ… ဘာမှမပူနဲ့၊ ကျွန်တော် ပြန်ကယ်မှာပါ၊ အခု တော့…'


www.burmeseclassic.com

www.burmeseclassic.com



စကားတောင် မဆုံးသေးဘူး ခုန်ချပြီးထွက်ပြေးသွားတယ်။

မင်းမောင်တို့နှစ်ယောက် တံခါးကိုဖွင့်တယ်။ သေနတ်တွေကို ချိန်ရင်း ခုန်ဝင်လိုက်ကြတယ်။ မီးထွန်းထားတော့ လူရှိတယ်ဆိုတာ သိတာကိုး။

'မလှုပ်နဲ့၊ တစ်ယောက်မှ ဟင်...'

'ဟာ...'

အခန်းထဲက မြင်ကွင်းကိုကြည့်ပြီး မင်းမောင် သက်ပြင်းကို ချတယ်။ သေနတ်ကို အိတ်ထဲပြန်ထည့်လိုက်တယ်။ လိုမှ မလိုတော့တာ။

BURMESE CLASSIC

စနေအောင်အောင်ကို လက်ထိတ်နဲ့ သွားခတ်လိုက်တယ်။ သေချာအောင် လက်တစ်ဖက်နဲ့ စားပွဲကို တွဲထားခဲ့တယ်။ တော်တော် သည်းသည်းသန်သန်ဖမ်းလိုက်ရတာလေ။ ပြီးမှ မယုံသလိုပုံစံနဲ့ ကြောင်နေတဲ့ အောင်ကြီးကို ပခုံးပုတ်ရင်း ပြောတယ်။

'ကဲ... တို့တစ်တွေ ပုလိပ်သွားခေါ်ကြရုံပဲ ရှိတော့တယ်'တဲ့။

❖ ❖ ❖

ဒီအဖြစ်အပျက်တွေဖြစ်ပြီး တစ်ပတ်ကြာပြီးတဲ့နောက် ဘုံဘေ ဟိုတယ်ကြီးမှာ ဂုဏ်ပြုပွဲလေး ကျင်းပနေကြတယ်။

ပုလိပ်မင်းကြီးဆို မျက်နှာကြီးကို ပြုံးလို့။ ဟုတ်တယ်လေ။ ကိုယ့်ဌာနက စုံထောက်တွေမညံ့ဘူးဆိုတာ အများသိသွားပြီကိုး။

ပရိသတ်တွေ အပေါင်းအသင်းတွေနဲ့ ပွဲစည်နေတဲ့ မင်းမောင် ဘားသွားကပ်တယ်။ ပြီးမှ အပြုံးနဲ့ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဂုဏ်ယူပါတယ်၊ လူကလေးမောင်မင်း အရမ်းတော်တယ်၊ အခုဆို ကျွန်ုပ်ယောက္ခမကြီးရဲ့ ပကျီပကျီ အသံမကြားရတော့သလို စုံထောက်မင်းကြီးရဲ့ ပကျစ်ပကျစ်အသံလည်း မကြားရတော့ဘူးလေ'

'ကျုပ်တော်လို့ မဟုတ်ပါဘူးဗျာ၊ ကံကောင်းတာပါ'

'ဘာပဲဖြစ်ဖြစ် ခင်ဗျား ရာထူးတိုးပြီ'

အိုင်ပီအောင်နိုင်က ပြောတယ်။

ဦးကိုကိုလေးကလည်း…

'ဩော်… ဆားပုလင်းမင်းမောင်တို့များ သူများချီးမွမ်းမှာစိုးလို့ လျှိုသေးတာ ဘာဖြစ်လဲ၊ ကိုယ်တော်တာပဲ တော်တယ်ပေါ့'

'အဟဲ…'

မင်းမောင်လည်း ချော်လဲရောထိုင်တယ်။ အမှန်အတိုင်းပြောတာကို ဘယ်သူမှမယုံဘဲ ပျော်နေပါးနေ ရယ်နေကြတယ်။

*အောင်ကြီးဆို ပါးစပ်ကို မစေ့ဘူး။* ဒါပေမဲ့ စကားတစ်ခုကို သူတို့ မေ့နေကြတယ်။ အရမ်းရယ်လွန်းရင် ငိုရတတ်သတဲ့။

ဒီအချိန်မှာပဲ…

BURMESE CLASSIC

ဟိုတယ်ရဲ့ရှေ့ကို ပျာတာမောင်စိုး ပျာပျာ ပျာပျာနဲ့ ရောက်ချလာတယ်။ မပျာ ခံနိုင်ရိုးလား။ အရေးကြီးတာကိုး။

သူ့စိတ်ထဲမှာ ပုလိပ်မင်းကြီးဆီ အတော်ရောက်ချင်နေတယ်။ သူပြောရမှာက…

'မင်းကြီးဆီ အခုပဲ ဖုန်းဝင်လာတယ်၊ စနေအောင်အောင်နဲ့ အတူ မိုးမှောင်တို့ အင်းစိန်ထောင်ကို မရောက်ခင် လမ်းမှာ လွတ်သွားတယ်တဲ့၊ စနေအောင်အောင်ရဲ့ တပည့်တွေလက်ချက်လို့ ထင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ပြန်ဖမ်းပေးပါ၊ ထောင်မင်းသား ဦးဖိုးချော်လည်း ပြန်လွတ်လာပြီ’တဲ့လေ။

ဒီစကားကို ပုလိပ်မင်းကြီးနဲ့အတူ ဆားပုလင်းမင်းမောင်တို့သာ ကြားခဲ့မယ်ဆိုရင်…

ကိုကိုး

www.burmeseclassic.com